
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒေဝတာ
အဆောင်အစွဲ/ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဒေဝတာ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၁၁၁၀၃၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၂၄၀၃၁၁

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ [illegible]၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊
အောင်မြင်ပုံနှိပ်တိုက်၊
[illegible]၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

အောင်မြင်စာပေ၊
အမှတ်(၈)၊
[illegible]လမ်း၊
[illegible]၊ ရန်ကုန်မြို့။
[illegible]၂၀၁၁၊
[illegible] ၂၀၁၁ [illegible]၊
([illegible])၊
အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

နှုတ်ခမ်းကို တင်းတင်းစေ့ ခြေအစုံကို မတ်မတ်ရပ်ပြီး နောက်ဆုံးအနေနဲ့ အိမ်ကို ကျွန်တော် လှည့်ကြည့်လိုက်တယ်။

ဆယ့်လေးနှစ်လုံးလုံး ရှင်သန်နေထိုင် ကြီးပြင်းလာခဲ့တဲ့ အိမ်ကလေးဟာ ချက်ချင်း ကျွန်တော်နဲ့ သူစိမ်းတစ်ရံဆံသွားသလိုပဲ။

ကျွန်တော် တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူး၊ ခြေမချဖူးသေးတဲ့ အိမ်သစ်တစ်လုံးလို ခံစားလိုက်ရတယ်။

တစထက်တစ အိမ်ကလေးဟာ ကျွန်တော်နဲ့ ဝေးဝေးသွားသလိုပဲ။ တကယ်တော့. . .

အိမ်ကလေးက ဘာမှ ထူးခြားပြောင်းလဲသွားခဲ့တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ သူ့ဘာသာ နေမြဲအတိုင်း ရှိမြဲနေရာမှာ ရှိနေတာပါ။

ကျွန်တော်ကသာ သူ့ကို ခွဲပြီး မကြာခင်မှာ ထွက်ခွာရတော့မှာ။ အိမ်ကလေးကိုသာ မဟုတ်ပါဘူး။

စကားသိပ်တတ်ပြီး သိပ်ချစ်စရာကောင်းတဲ့ ဆည်းဆာဆိုတဲ့ ကျွန်တော့်ရဲ့ညီလေး။ ပြီးတော့. . .

ကျွန်တော့်ရဲ့သူငယ်ချင်းတွေ။

ကျွန်တော် အရမ်းကို ပျော်ရွှင်တွယ်တာခဲ့ရတဲ့ ကျွန်တော် အရမ်းကို ချစ်တဲ့ မြစ်ငယ်ဆိုတဲ့ ဇာတိမြို့ကလေး။

အားလုံးကို ခွဲခွာပြီး ကျွန်တော်ဟာ မန္တလေးဆိုတဲ့မြို့ကြီးကို တစ်ယောက်တည်း သွားရတော့မှာပါ။

BURMESE CLASSIC

ခမ်းနားသိုက်မြိုက်မှုအတိပြီးတဲ့ မန္တလေးမြို့ကြီးဆီ သွားရမှာကို ကျွန်တော် လုံးဝစိတ်မဝင်စားဘူး။

စိတ်လည်း မလှုပ်ရှားမိဘူး။

တကယ်တော့ ဖေဖေ့ရဲ့အမိန့်ကြောင့်သာ ကျွန်တော် သွားရမှာပါ။

"မိုးသောက်. . . အဆင်သင့် ဖြစ်ပြီလား"

ကားထဲမှ လှမ်းအော်လိုက်တဲ့ ဖေဖေ့အသံ ကြားလိုက်ရတဲ့ အချိန်မှာ ကျွန်တော့်ကိုယ်ခန္ဓာဟာ ဆတ်ခနဲ တောင့်မတ်သွားမိတယ်။

အိမ်ကလေးဆီကနေ ကျွန်တော် ချာခနဲ မျက်နှာလွှဲလိုက်တယ်။

ကျွန်တော်တို့အိမ်မှာ အဖော်အဖြစ် လာနေပေးတဲ့ မမဆွေဆွေဟာ ကျွန်တော့်ရဲ့အထုပ်အပိုးတွေကို ဆွဲပြီး ကျွန်တော့်ရှေ့ကနေ ကားဆီ ဖြတ်ကျော်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိုး. . ."

ခေါ်သံတိုးတိုးကြောင့် ကားဆီသွားဖို့ ခြေလှမ်းပြင်နေဆဲ ကျွန်တော် တုန့်ခနဲ ဖြစ်သွားမိပြန်တယ်။

ကျွန်တော့်ခေါင်းပေါ် နူးညံ့တဲ့လက်ဖဝါးတစ်ခု ကျရောက်လာတယ်။ ကျွန်တော့်တစ်ကိုယ်လုံး အေးခဲသွားရသလိုပဲ။

"သားဖေဖေက သားကို ပညာတတ်ကြီး ဖြစ်စေချင်လို့ပါတဲ့ယ်၊ သားဖေဖေရဲ့စေတနာကို နားလည်တယ် မဟုတ်လားဟင်"

ကျွန်တော် အပေါ်နှုတ်ခမ်းတွန့်ရုံ မထိတရိ ပြုံးလိုက်မိတယ်။

"ကျွန်တော် အခု တက်နေတဲ့ကျောင်းကရော ကျွန်တော့်ကို ပညာတတ် မဖြစ်စေနိုင်ဘူးလား"

BURMESE CLASSIC

ကျွန်တော် ပြန်မေးလိုက်တဲ့မေးခွန်းကြောင့် ဒေါ်လေးရဲ့ မျက်နှာ မသိမသာ ပျက်သွားတယ်။

ကပျာကယာ အပြုံးနဲ့ ဟန်ပြန်ဆောင်လိုက်ပြီး စကားဆက်တယ်။

"သားသူငယ်ချင်းတွေနဲ့ မခွဲချင်တာ ဒေါ်လေး သိပါတယ်တွယ်၊ ဟိုမှာကတော့ မြို့ကြီးဆိုတော့ ပိုပြီးဖွံ့ဖြိုးတိုးတက်တယ်လေ၊ အခု သား သွားနေရမယ့်ဘော်ဒါက စည်းကမ်းလည်း အရမ်းကောင်းတယ်၊ နှစ်တိုင်း ဂုဏ်ထူးရှင်တွေ အများကြီးထွက်တာ"

"ကျွန်တော်တို့ကျောင်းမှာလည်း ဂုဏ်ထူးရှင်တွေ ထွက်ပါတယ်"

ကျွန်တော် တစ်ခွန်းထဲ ပြန်ပြောလိုက်ပြီး စကားဆုံးတာနဲ့ ခေါင်းပေါ် အုပ်မိုးထားတဲ့ ဒေါ်လေးရဲ့လက်ကို ဆတ်ခနဲ ဖယ်ထုတ်လိုက်ပြီး ကားဆီ ခပ်သွက်သွက် လျှောက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ ကျွန်တော့်ကို စောင့်နေတဲ့ ဖေဖေ့ရဲ့မျက်နှာပေါ်မှာ တစ်စုံတစ်ခုအတွက် အပြစ်မကင်းသလို ခံစားမှု အရိပ်အယောင်တွေ တွေ့နေရတယ်။

ကျွန်တော် ဖေဖေ့မျက်နှာကို ကြည့်လိုက်တဲ့အချိန်မှာ ဖေဖေ ကျွန်တော်နဲ့ မျက်နှာချင်း မဆုံအောင် ရှောင်လွှဲသွားတယ်။

ကျွန်တော် ဖေဖေ့ကို မကျေနပ်ဘူး။

ဖေဖေဟာ ကျွန်တော့်ကို ရက်ရက်စက်စက် အဝေးကြီးကို တစ်ယောက်ထဲ ပို့ရက်တယ်။

ဖေဖေဟာ ကျွန်တော့်ကို ပညာတတ်ကြီး ဖြစ်စေချင်လွန်းလို့ မန္တလေးမြို့ကို ပို့တာ မဟုတ်ပါဘူး။

ဖေဖေ လွတ်လွတ်လပ်လပ် နေချင်လို့ ကျွန်တော့်ကို. . .

မေမေသာ ရှိရင် ကျွန်တော် ခုလိုသွားရမှာ မဟုတ်ဘူး။

ကျွန်တော် ခုလိုအချိန်မှာ မေမေ့ကို အရမ်းသတိရနေမိတယ်။

"မိုးသောက်. . . ကားထဲ ဝင်ထိုင်လေ"

ဖေဖေ ကျွန်တော့်ကို မကြည့်ဘဲ ကားထဲကနေ လှမ်းပြောတယ်။

ကျွန်တော် ကားတံခါးကို ဆတ်ခနဲ ဆွဲဖွင့်ပြီး ဖေဖေ့နံဘေးက ခုံမှာ ဝင်ထိုင်လိုက်တယ်။

"ဂျိုင်း. . ."

ကျွန်တော် ကားတံခါးကို ပိတ်လိုက်တဲ့အသံဟာ လိုအပ်တာထက် ပိုကျယ်သွားတော့ ဖေဖေ လှည့်ကြည့်တယ်။

ဖေဖေ့နံဘေးက ထိုင်ခုံဟာ အရင်ကတော့ မေမေထိုင်နေကျပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့နေရာလို့ ကျွန်တော်အလိုအလျောက် နားလည်ထားတဲ့ထိုင်ခုံပေါ့။

အခု မေမေ မရှိတော့ ကျွန်တော် ထိုင်မယ်။

မေမေ့နေရာကို တခြားဘယ်သူမှ မထိုင်စေချင်ဘူး။

ဒေါ်လေးကို ကျွန်တော် ချစ်ပါတယ်။

မေမေ ရှိစဉ်ကတည်းက ကျွန်တော်တို့ညီအစ်ကို့ကို မွေးကတည်းက ထိန်းကျောင်းပြုစုပေးခဲ့တဲ့ ဒေါ်လေး. . .

ပြီးတော့. . မေမေ့ရဲ့ညီမအရင်း မဟုတ်လား။

ဒါပေမယ့် ဒေါ်လေးကို အမေနေရာ ထားပြီးတော့ အစားထိုး မချစ်နိုင်ဘူး။

(မိုးရယ်. . . သားတို့ညီအစ်ကို့ကို ချစ်လွန်းလို့ ဒေါ်လေးဟာ အပျိုလေးတန်မဲ့ ကလေးနှစ်ယောက်အဖေ မုဆိုးဖိုကို လက်ထပ်ခဲ့တာပါ။)

ဆိုတဲ့ ဒေါ်လေးရဲ့စကားကိုလည်း ကျွန်တော် အသိအမှတ်မပြုချင်ပါဘူး။ ယုံလည်း မယုံကြည်ဘူး။

"ဖေဖေ. . . သားလည်း ကိုကိုနဲ့အတူ မန္တလေးမြို့မှာကျောင်းတက်ချင်တယ်"

ညီလေးရဲ့စကားကြောင့် ကျွန်တော့်အတွေးတွေ ရုတ်တရက် ပြတ်တောက်သွားရတယ်။

ညီလေးဟာ လောကကြီးရဲ့အပြောင်းအလဲတွေ အတွေ့အကောက်တွေအကြောင်းကို ကျွန်တော့်လောက် နားမလည်တတ်သေးဘူး။

"သားက ခုမှ သုံးတန်းပဲ ရှိသေးတာ၊ ကျောင်းကြီးမှာ တက်လို့ မရသေးဘူးလေ၊ သားလည်း ကိုကို့လို အတန်းကြီးလာရင် ကျော



www.burmeseclassic.com

www.burmeseclassic.com



ဒါဆောင်မှာ ဖေဖေ ထားပေးမှာပေါ့"

"ဘော်ဒါဆောင်မှာ ဘယ်နှစ်တန်းရောက်မှ တက်လို့ရမှာလဲ ဖေဖေ"

"ရှစ်တန်းရောက်မှ"

"သား ရှစ်တန်း အခုရောက်ချင်ပြီ"

ညီလေးစကားကြောင့် ဖေဖေရော ဒေါ်လေးရော ရယ်လိုက်ကြတယ်။

ရယ်သံတွေဟာ ကျွန်တော့်အတွက်တော့. . .

"ဆည်းဆာ တိတ်တိတ်နေတော့. . ."

ကျွန်တော် ညီလေးကို မဆီမဆိုင် ဟောက်လိုက်မိတယ်။

ညီလေး မျက်နှာလေး ငယ်ပြီး တိတ်ဆိတ်သွားတယ်။

ဖေဖေနဲ့ ဒေါ်လေးလည်း မျက်နှာပျက်သွားကြတယ်၊ ကျွန်တော် အင်္ကျီအိတ်ထဲက တစုံတရာကို ထုတ်ယူလိုက်တယ်။

ဓါတ်ပုံတစ်ပုံပါ။

ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ငယ်သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ ထိန်လင်း၊ တင်အောင်ချိုတို့နဲ့ သုံးယောက်အတူတူ ရိုက်ထားတဲ့ ဓါတ်ပုံပါ။

မန္တလေးမြို့ကြီးက ကျောင်းသားတွေဟာ ကျွန်တော့်ကို သူငယ်ချင်းအဖြစ် အသိအမှတ်ပြုကြပါ့မလား။

ဖေဖေ ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်တယ်။

ကျွန်တော် ချက်ချင်း ဓါတ်ပုံကို အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်တယ်။ ကျွန်တော် ဘယ်သူ့ကိုမှ မကျေနပ်ဘူး။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**ယော** ကျွားလေး သီးသန့်ဘော်ဒါဆောင်ဆိုတဲ့ ဆိုင်းဘုတ်ကြီးနဲ့အတူ (ကျွန်တော့်စိတ်ထဲ)နန်းတော်ကြီးတမျှ ကြီးကျယ်ထည်ဝါလွန်းလှတဲ့ အဆောက်အအုံကြီးကို မြင်တွေ့လိုက်ရတဲ့အခါ ခေါင်းကိုမော့ပြီး ငေးမောမိတဲ့အထိပဲ။

"ဒါ ကိုကိုတက်ရမယ့်ကျောင်းကြီးလား၊ အား. . . မိုက်တယ်ကွာ၊ အကြီးကြီးပဲ"

ညီလေးကတော့ ကလေးတစ်ယောက်ပီပီ ဟန်မဆောင်နိုင်ဘဲ တအံ့တသြ ထအော်တယ်။

"ဒါပေါ့. . . ဒီကျောင်းကြီးမှာ ရေကူးကန်လည်း ရှိတယ်၊ ဘောလုံးကွင်းလည်း ရှိတယ်၊ အားလပ်ရက်မှာ ရုပ်ရှင်ပြရင် ပိတ်ကားကြီးနဲ့ ပြတာကွ"

ဖေဖေ့စကားက ညီလေးကို ကြားခံပြီး ကျွန်တော့်ကို ပြောနေတာမှန်း ကျွန်တော် သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးကန်ရော ဘောလုံးကွင်းရော ပိတ်ကားကြီးနဲ့ ပြတဲ့ ရုပ်ရှင်ကိုရော အားလုံးကို ကျွန်တော် စိတ်ဝင်စားပါတယ်။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူငယ်ချင်းလည်း မရှိ၊ မိသားစုလည်း မရှိဘဲ မျက်နှာစိမ်းတွေကြားထဲမှာ တစ်ယောက်တည်း နေရမယ့် အဖြစ်ကတော့ ဘယ်လိုကြောင့်မှ ပျော်စရာကောင်းမယ် မထင်ပါဘူး။

ကျွန်တော် ဖေဖေနဲ့ဒေါ်လေး ဘာမှ မပြောရသေးခင်မှာပဲ တားပေါ်က အရင်ဆင်းလိုက်တယ်။

ဒေါ်လေးက ကျွန်တော့်အဝတ်အစားအိတ်ကို ဆွဲပြီး နောက်က လိုက်လာတယ်။

ကြီးကျယ်ထည်ဝါလွန်းလှတဲ့ အဆောက်အအုံကြီးဟာ ကျွန်တော်တို့မြို့လေးက အထက်တန်းကျောင်းနဲ့ မယှဉ်သာအောင်ပါပဲ။

အဲ့ဒီနောက်တော့ ဖေဖေဝင်သွားတဲ့ ရုံးခန်းထဲကို နောက်ကနေ ခပ်ကုပ်ကုပ်ကလေး၊ မျက်နှာကိုတော့ အတတ်နိုင်ဆုံး တည်တည်တင်းတင်းနဲ့ လူကြီးတစ်ယောက်ရဲ့ ရင့်ကျက်ပုံ ဖမ်းပြီး ကျွန်တော် လိုက်ဝင်ခဲ့မိပါတယ်။

"မင်္ဂလာပါ ဆရာမကြီး၊ ကျွန်တော် ဦးရန်နိုင်ပါ၊ ဒါကတော့ ကျွန်တော့်သား မိုးသောက်ပါ"

ရုံးခန်းထဲက စားပွဲတစ်လုံးမှာ ခပ်မတ်မတ် ထိုင်နေတဲ့ ကျောင်းအုပ်ဆရာမကြီးကို ဖေဖေက လေးလေးစားစား နှုတ်ဆက်လိုက်ပါတယ်။

မဟာနဖူးနဲ့ ဆံပင်ကို ပြောင်သိမ်းပြီး ဆံထုံး,ထုံးထားတဲ့ ဆရာမကြီးဟာ တည်ငြိမ်ရင့်ကျက်မှု အပြည့်ရှိပေမယ့် ဖေဖေနဲ့ သက်တူရွယ်တူလောက်ပဲ ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ရင့်ကျက်ပုံ ဖမ်းထားပေမယ့် ဆရာမကြီးဟာ ဒေါ်လေးထက်တောင် နုပျိုပြီး လှပနေတယ်လို့ ကျွန်တော်ထင်ပါတယ်။

ဆရာမကြီးရဲ့အလှက မြန်မာဆန်တဲ့ ကျက်သရေရှိတဲ့အလှပါ။

ဆရာဂုဏ်နဲ့ ထိုက်တန်သော ဩဇာစွမ်းအား အပြည့်အဝရှိတဲ့ အလှလို့လည်း မြင်မြင်ချင်း ကျွန်တော် ခံစားလိုက်ရပါတယ်။

ဒါပေမယ့် နုပျိုမှုနဲ့ မလိုက်ဖက်တဲ့အရာကတော့ ဆရာမကြီးရဲ့ မျက်နှာပေါ်မှာ လိုအပ်တာထက်ပိုပြီး တည်တင်းခက်ထန်နေတဲ့ မျက်နှာထားပါ။

ဖေဖေနဲ့ဒေါ်လေးကို ကျော်ပြီး ကျွန်တော့်ကို စူးရဲတဲ့မျက်လုံးတွေနဲ့ လှမ်းကြည့်လိုက်တဲ့အခါမှာ ကျွန်တော် ဖျတ်ခနဲ ခေါင်းငုံ့ချလိုက်မိပါတယ်။

ချောက်ချားတဲ့ ခံစားမှုကြီးတစ်ခုနဲ့ ကျွန်တော့်စိတ်တွေ အတုန်ကယင်ကြီး ဖြစ်နေမိတယ်။

"ရောက်လာကြပြီကိုး"

ဆရာမကြီးရဲ့အသံကို ရုတ်တရက် ကြားလိုက်ရတော့ ကျွန်တော့်ကျောပြင် ဆတ်ခနဲ တုန်သွားမိတယ်။

အေးစက်စက်အသံက ဟိုးအဝေးကြီးက လွင့်လာသလိုပဲ။

"မိဘတွေ ဒီမှာ ခဏနေခဲ့ကြပါ၊ ကျောင်းသားသစ်က နောက်ကလိုက်ခဲ့"

ဆရာမကြီးဟာ ထိုင်နေရာက ထရပ်ပြီး ကျွန်တော့်ရှေ့က နေ ထွက်သွားတယ်။

ကျွန်တော် တံတွေးတစ်ချက် မျိုချပြီး ဆရာမကြီးနောက်က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်နဲ့ လိုက်ခဲ့မိတယ်။

မျက်လုံးထောင့်ကနေ ဖေဖေနဲ့ဒေါ်လေးတို့ ကျွန်တော့်ကို စိုးရိမ်တကြီး လိုက်ကြည့်နေကြတာ တွေ့လိုက်ရတယ်။

သူတို့ ဘာကို စိုးရိမ်နေကြတာလဲ။

ဆရာမကြီးဟာ လှေကားထစ်တွေပေါ် စတက်လိုက်တယ်။

လှေကားဟာ မြင့်မားသလောက် ခိုင်မာကျယ်ဝန်းလှပါတယ်။

"ကျောင်းသားသစ်ကလေးကွ"

"မျက်နှာကြောကတော့ တင်းနေတာပဲနော်"

"အိုကွေ. . . ပိုင်းလျှော့ပေးကြရသေးတာပေ့ါ"

ခပ်ကြိတ်ကြိတ်အသံတွေကို အပေါ်ထပ် ကော်ရစ်ဒါဆီက လွင့်ကျလာတာ ကျွန်တော် ကြားလိုက်ရတယ်။

ယောက်ျားလေး ဘော်ဒါဆောင် ဆိုကတည်းက ပေ့ါသေးသေးတော့ မဟုတ်မှာကို ကျွန်တော် တွေးထားမိပြီးသားပါ။

အပေါ်ကို ဖျတ်ခနဲ မော့ကြည့်လိုက်တော့ ကော်ရစ်ဒါဆီက လှစ်ခနဲ ထွက်ပြေးသွားတဲ့အရိပ်တွေကိုပဲ မြင်လိုက်ရတော့တယ်။

လှေကားထစ်တွေရဲ့အဆုံး အပေါ်ထပ်ကို ရောက်တဲ့အခါ တံခါးနှစ်ချပ် စေ့ပိတ်ထားတဲ့အခန်းတစ်ခုရှေ့မှာ ဆရာမကြီးဟာ ရပ်လိုက်တယ်။

"ဒါ အိပ်ဆောင်ပဲ"

ဆရာမကြီးက တံခါးတစ်ချပ်ကို တွန်းဖွင့်ပြီး အခန်းထဲကို ဝင်လိုက်တယ်။

အခန်းကြီးက အကျယ်ကြီးပဲ။

ဆေးရုံမှာ သုံးတဲ့ စပရင် သံခုတင်တွေဟာ အခန်းအပြည့်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ကျွန်တော့်မျက်စိထဲမှာတော့ ဆေးရုံခန်းကြီးလိုလို ကျွန်တော့် မျက်စိထဲ မြင်ယောင်နေမိတယ်။

"လိုက်ခဲ့"

ဆရာမကြီးဆီက အမိန့်သံ ထွက်လာပြန်တယ်။

အခန်းကြီးက တိတ်ဆိတ်ခြောက်ကပ်ပြီး အေးစက်နေတယ်။

ဆရာမကြီးရဲ့ဒေါက်မြင့်ဖိနပ်သံ တခွပ်ခွပ်ကလွဲပြီး အခန်းထဲမှာ ဘာသံမှ မကြားရဘူး၊

ပြီးတော့ ခုတင်လွတ်တွေပဲ ရှိတဲ့အခန်းကြီးထဲမှာ တင်းမာ ခက်ထန်လွန်းလှတဲ့ ဆရာမကြီးနဲ့ကျွန်တော် နှစ်ယောက်ထဲ။

ဆရာမကြီးဟာ အခန်းဆုံးအထိ လျှောက်သွားပြီး အစွန်ဆုံးက ခုတင်ရှေ့မှာ ရပ်လိုက်တယ်။ ပြီးတော့. . .

"ဒါ မင်းအိပ်ရမယ့်ခုတင်ပဲ"

ဆရာမကြီး ညွှန်ပြလိုက်တဲ့ သံခုတင်ကို ကြည့်ပြီး ဘာကြောင့်မှန်း မသိဘူး၊ ကျွန်တော်ဟာ ကြက်သီးတွေ ဖြန်းခနဲ ထသွားမိတယ်။

အဲ့ဒီအချိန်မှာပဲ ကျွန်တော့်အနောက်က စေ့ပိတ်ထားတဲ့ တံခါးတစ်ချပ်ဟာ တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သလို. . .

"ကျွီ. . ."

ခနဲ အသံမြည်ပြီး လှုပ်သွားခဲ့တယ်။

ကျွန်တော်ဟာ ဆတ်ခနဲ တုန်သွားခဲ့ရပြီး မျက်လုံးထောင့်ကနေ တံခါးကို မျက်ခြည်မပြတ် ကြည့်နေမိတယ်။

တံခါးရဲ့နောက်မှာ တစ်စုံတစ်ယောက်များ ရှိနေသလား၊

အဲဒီတစ်စုံတစ်ယောက်ဟာ လူတော့ မဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးကလည်း သူ့မျက်လုံးတွေရဲ့ရွေ့လျားရာအတိုင်း လိုက်ကြည့်ပြီး သူ့အလိုအလျောက် လှုပ်နေတဲ့ တံခါးချပ်ကိုအမြင်မှာ မျက်နှာပျက်သွားခဲ့တယ်။

ဒါပေမယ့်. . .

ချက်ချင်းပဲ ဘာမှမဖြစ်သလို မျက်နှာကို ပြန်ပြင်လိုက်ပြီး. . .

"ညအိပ်ရာဝင်ချိန်က ဆယ်နာရီ၊ ကိုယ့်အိပ်ရာကိုယ် ခင်းရမယ်၊ မနက်ခြောက်နာရီ ထရမယ်၊ ကိုယ့်အိပ်ယာကိုယ် သိမ်းရမယ်၊ သုံးရက်တစ်ခါ ခေါင်းအုံးစွပ်ကို လာလဲလိမ့်မယ်၊ ဒီမှာ ကိုယ့်တာဝန် ကိုယ် ယူရမယ်၊ မင်းအိမ်မှာလို အကုန်လုံးတော့ ဘယ်သူမှ လိုက်လုပ်ပေးမှာ မဟုတ်ဘူး. . . သိပြီနော်"

ဆရာမကြီးက စကားဆုံးတာနဲ့ ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်တယ်။

"ဟုတ်. . ဟုတ်ကဲ့ပါ ဆရာမကြီး"

ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းသလိုလိုကြီး ဖြစ်သွားမိတယ်။ ကျွန်တော် ဘယ်တုန်းကမှ ကိုယ့်အိပ်ရာကိုယ် မသိမ်းဖူးဘူး။

မေမေ ဒါမှမဟုတ် ဒေါ်လေးကပဲ အစစအရာရာ လုပ်ပေးခဲ့တာပါ။

"ပြီးရင် စောင်လိုက်ယူ. . . ကြားလား"

"ဟုတ်ကဲ့ပါ"

ဆရာမကြီးက အခန်းထဲက ပြန်ထွက်ဖို့ ပြင်တော့ ကျွန်တော့် စိတ်ထဲ ပေါ့ပါးသွားသလိုပဲ။

"ဪ. . ခုနက တံခါးပေါက်က အိမ်သာဆီ သွားတဲ့လမ်း မှတ်ထားဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက လှည့်မကြည့်ဘဲ ပြောတယ်။

ဒီတံခါးပေါက်ကနေ ညဆို အိမ်သာကို သွားရမယ့်ကိစ္စကို သူ့ အတွေးနဲ့တင် ကျောချမ်းလာမိတယ်။

ကျွန်တော် ဆရာမကြီးရဲ့နောက်ကနေ လာရာလမ်းအတိုင်း ပြန်လိုက်ခဲ့ရတယ်။ ရုံးခန်းထဲကို ကျွန်တော်နဲ့ ဆရာမကြီး ပြန်ဝင်တဲ့အချိန်မှာ အသင့်စောင့်နေကြတဲ့ ဖေဖေနဲ့ဒေါ်လေးဟာ ထူပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။

"ကဲ. . . မိဘတွေ ပြန်နိုင်ပါပြီ"

ဖေဖေတို့ကို ကြည့်ပြီး ဆရာမကြီး ပြောလိုက်တဲ့စကားကြောင့် ဘာကြောင့်မှန်း မသိဘဲ ကျွန်တော့်ရင်ထဲ ဟာသွားခဲ့ရတယ်။

"ဟုတ်ကဲ့. . . ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

"လိမ္မာနော် မိုး. . . စာကြိုးစားနော်၊ ဒေါ်လေး ဖုန်းဆက်မယ်၊ ကျောင်းပိတ်ရက်ကျရင် လာခေါ်မယ်နော်. . . သိလား"

"သားရဲ့ပစ္စည်းတွေအားလုံးမှာ နာမည်ထိုးထားပေးတယ်နော်"

ဒါပဲလား။

အဝေးကြီးမှာ တစ်ယောက်တည်း ကျန်နေခဲ့ရမယ့်သားကို အဖေတစ်ယောက်ရဲ့ နှုတ်ဆက်တဲ့စကားက ဒါပဲလား။

ကျွန်တော့်ကို တစ်ယောက်ထဲ ထားရစ်ခဲ့ရတဲ့အတွက်. . . ဖေဖေ ဘာမှ မခံစားရဘူးလား။

ကျွန်တော် အိတ်နှစ်လုံးကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး ဖေဖေ့ရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့တယ်။

နောက်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ လှည့်ထား



www.burmeseclassic.com

www.burmeseclassic.com



ထစ်တွေပေါ် ခပ်သွက်သွက် တက်လာခဲ့မိတယ်။

ကျွန်တော့်ရင်ထဲ ပိုပြီးဆို့နစ်နာကျင်လာတယ်။

အပေါ်ကို ရောက်တာနဲ့ အခန်းဝမှာ အိတ်နှစ်လုံးကို ပစ်ချပြီး ပြတင်းတံခါးဆီ ပြေးသွားမိတယ်။

ပြတင်းတံခါး သံတိုင်တွေကို ဆုပ်ကိုင်ပြီး မှန်ချပ်ကနေ တဆင့် အောက်ကို ငုံ့ကြည့်လိုက်မိတဲ့အခါ. . .

တဖြည်းဖြည်း ဘီးလှိမ့်ထွက်ခွာစပြုနေပြီဖြစ်တဲ့ ဖေဖေ့ကားကို တွေ့လိုက်ရတယ်။

ဖေဖေ ကျွန်တော့်ကို တကယ်ပဲ ထားရစ်ခဲ့ပြီ။

အထီးကျန်တဲ့ ခံစားမှု ဝေဒနာက ကျွန်တော့်ရင်ကို ဟုန်းခနဲ စတင်တောက်လောင်လာတော့တယ်။

ပြတင်းတံခါး သံတိုင်တွေကို တင်းတင်းဆုပ်ကိုင်ရင်း ကျွန်တော့်မျက်လုံးအိမ်ထဲကနေ မျက်ရည်တွေ တစ်ပေါက်ချင်း တစ်ပေါက်ချင်း. . .

ကျွန်တော်တစ်ယောက်တည်း
ကျောင်းကြီးအကြီးကြီး
မြို့ကြီးအကြီးကြီး
မျက်နှာစိမ်းတွေရဲ့ကြားမှာ
ကျွန်တော်တစ်ယောက်တည်း. . .

ဖေဖေ သိပ်ရက်စက်တယ်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"ရေချိုးကြမယ်ဟေ့"

ခုတင်ပေါ်မှာ တစ်ယောက်တည်း ငူငူကြီး ထိုင်နေမိဆဲ အခန်းဝဆီကနေ ရုတ်တရက် ထွက်ပေါ်လာခဲ့တဲ့အသံကြောင့် တွန့်ဆောက် လှည့်ကြည့်လိုက်မိတယ်။

တည်တည်ခန့်ခန့်နဲ့မို့ ဆရာတစ်ယောက်ပဲ ဖြစ်မယ်ထင်ပါရဲ့။

တစ်ဆောင်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ရေချိုးဖို့ ပြင်ဆင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကို ငုံ့ကြည့်လိုက်တော့ ငါးနာရီတိတိ။

ဘော်ဒါဆောင်ဆိုတာ အစစအအရာရာ အချိန်နဲ့ လှုပ်ရှားနေထိုင်ရတာပါလားလို့ ကျွန်တော် စတင်သဘောပေါက်လိုက်မိတယ်။

ကျွန်တော် ချက်ချင်းပဲ တီရှပ်ကို ချွတ်လိုက်ပြီး ရေလဲပုဆိုးတစ်ထည်ယူ၊ ကျွန်တော့်နာမည်ရေးထားတဲ့ ရေခွက်နဲ့ဆပ်ပြာခွက်ယူပြီး အိပ်ဆောင်ခန်းထဲက ထွက်လာခဲ့မိတယ်။

"အဝတ်ဟောင်းတွေ ဟော့ဒီခြင်းထဲ ထည့်ခဲ့ကြ"

အခန်းဝမှာ ရပ်နေတဲ့ ဆရာက အသံကို မြှင့်ပြီး ထပ်အော်ပြန်တယ်။

ကျောင်းသားတွေအားလုံး အခန်းထောင့်က ပလတ်စတစ်ခြင်းကြီးထဲ အဝတ်ဟောင်းတွေ ထည့်ပြီးမှ ရေမိုးချိုး အခန်းပြင်ထွက်ကြတယ်။

ကျွန်တော်လည်း ခုနက ချွတ်လိုက်တဲ့ တီရှပ်အင်္ကျီကို ခြင်းထဲထည့်ပြီးမှ အခန်းပြင် ထွက်ခဲ့တယ်။

တော်သေးတာပေါ့။

ကိုယ့်အဝတ်ကိုယ် မလျှော်ရပေလို့။

ကျွန်တော် အဝတ်မလျှော်တတ်ဘူး. .၊ တစ်ခါမှလည်း မလျှော်ဖူးဘူး။

ရေချိုးတဲ့နေရာရောက်တော့ ကျွန်တော် အရမ်းကို အံ့သြသွားရပြန်တယ်။

ရေချိုးဖို့ ကန်တွေက အများကြီးပဲ။ ကျွန်တော် ရေခွက်ကိုင်ပြီး လူရှင်းတဲ့နေရာကို ကြည့်နေဆဲမှာ. . .

"ရေခွက်မှာ နာမည်ထိုးထားပါလား၊ ဘာတဲ့. . မိုးသောက်



www.burmeseclassic.com

www.burmeseclassic.com



တုတ်လား၊ ဒီမှာ ဘော်ဒါလာနေနိုင်တယ်ဆိုကတည်းက ပလတ်စ တစ်ခွက်ကို ခိုးမယ့်သူ တစ်ယောက်မှ မရှိဘူး”

“သူ့နာမည်ကို လူသိအောင် ကြော်ငြာချင်လို့ ဖြစ်မှာပေါ့”

“အေးကွာ. . . ရေချိုးထွက်လာတာဆိုတော့ ပိုက်ဆံပါမ လာခဲ့ဘူး”

“ပါလာတော့ မင်းက ဘာလုပ်မလို့လဲ”

“ဒီကောင့်ခွက်ထဲ ထည့်ပေးရအောင်ပေါ့”

ကျွန်တော် လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်မိတယ်။

ဒါ သက်သက်ရန်စတာပဲ။

ဒါမျိုး ရန်စတာကို. . ကျွန်တော်နေခဲ့တဲ့ အထက်တန်း ကျောင်းမှာသာဆို. . .

အတွေးမဆုံးခင်မှာပဲ ကျွန်တော်. . .

“တောက်. . . ”

တစ်ချက် ကြိတ်ခေါက်ပြီး အနီးဆုံးက ရေကန်တစ်ခုမှာ ရေတဗွမ်းဗွမ်း ခပ်ချိုးလိုက်မိတော့တယ်။

အေးမြတဲ့ရေက ကျွန်တော့်ရဲ့မျိုသိပ်ထားရတဲ့ ဒေါသတွေ ကို ဘာမှမတတ်နိုင်စေပါဘူး။

ရေခပ် မြန်မြန်ချိုးပြီးတာနဲ့. . . ကျွန်တော် ရေဝတ်ချိုးတဲ့ ချိုင်းဘောင်းဘီကို လှမ်းဖို့နေရာ ရှာမိတယ်။

တန်းတွေအားလုံးက နေရာလပ် မရှိအောင် ပြည့်နေတယ်။ မတတ်နိုင်ဘူး။

သူများတွေရဲ့ဘောင်းဘီတွေကို ဘေးကို ကပ်ပြီး ကျွန်တော့် ချိုင်းဘောင်းဘီကို လှမ်းလိုက်မိတယ်။

အဲ့ဒီအချိန်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တစ်စုံတစ်ယောက်က အသေအချာ စိုက်ကြည့်နေသလို ခံစားလိုက်ရတာမို့ နောက်ကို လှည့်ကြည့်လိုက်မိတယ်။

အရိပ်တစ်ခုကို ကျွန်တော် ဖျတ်ခနဲ တွေ့လိုက်ရတယ်။

ကျွန်တော် ကြက်သီးတွေ တဖြန်းဖြန်း ထသွားရပြီး နေရာကနေ မပြေးရုံတမယ် ခြေလှမ်းတွေနဲ့ ထွက်ခဲ့မိတယ်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ငါးနာရီတိတိမှာ ရေမိုးချိုး တအောင့် ထနားနေပြီးတော့ ခြောက်နာရီတိတိမှာတော့. . .

"ဘော်. . ."

ဆိုတဲ့ ကျွဲချိုမှုတ်သံကို ကြားလိုက်ရပါတယ်။

ကျွဲချိုမှုတ်သံဟာ ကျွန်တော့်ကို အဆန်းတကြယ် ဖြစ်စေပြီး အာယာလွန်းလှတာကြောင့် ကျွန်တော့်စိတ်တွေ လွမ်းဆွတ်သွားမိပါတယ်။

"ခြောက်နာရီ ထိုးပြီ၊ ညနေစာ စားကြမယ်"

အခန်းဝမှာ ဆရာပေါ်လာပြီး အော်သံကြားလိုက်ရပြန်တယ်။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်တယ်။

"နောက်နေ့တွေ ဆရာလာမခေါ်တော့ဘူး၊ ကျွဲချိုမှုတ်သံကြားရင် ထမင်းစားချိန်ပဲ မှတ်ထားကြ. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တညီတညွတ်ထဲ ပြန်ဖြေကြပြီး တံခါးဝကနေ အလုအယက် တိုးထွက်ကြတယ်။

ကျွန်တော်လည်း ထမင်းစားဆောင်မှာ ဘယ်မှာမှန်း မသိသေးတာမို့ သူတို့နောက်က ထက်ကြပ်မကွာ လိုက်ရတယ်။

ထမင်းစားဆောင်ဟာ ရေချိုးခန်းကြီးရဲ့နံဘေးမှာ ရှိတာပါ။

ကျွန်တော် ထမင်းစားဆောင်ထဲ ဝင်မလို့ ပြင်ပေမယ့် တော်တော်နဲ့ မရောက်နိုင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို တစ်ယောက်ပြီးတစ်ယောက် တွန်းတိုက်သွားကြလို့ပါ။

တကယ်ဆို ကျွန်တော်လည်း အရမ်းကို ဆာလောင်နေပါပြီ။

အိမ်မှာဆို တစ်နေကုန် မုန့်စားလိုက်၊ အချိုရည်တွေ သောက်လိုက်နဲ့မို့ ဒီအချိန် ထမင်းမစားချင်သေးပါဘူး။

ခုတော့ ဒီကို စရောက်ကတည်းက ဝမ်းထဲ ဘာမှမရှိတာမို့ ကျွန်တော် အတော့်ကို ဆာလောင်မွတ်သိပ်နေပြီလေ။

နောက်ဆုံး. . .

ကျွန်တော်လည်း သူများတကာလို တွန်းတိုက်ပြီး ဝင်ရောက်မှ ထမင်းစားခန်းထဲ ဝင်ခွင့်ရတော့တယ်။ တွေ့ရာ စားပွဲဝိုင်းမှာပဲ ကျွန်တော်ဝင်ထိုင်လိုက်ပါတယ်။ ထမင်းစားပန်းကန်က ချစ်တီးဆိုင်က ပန်းကန်တွေလို ထမင်းနဲ့ဟင်းနှစ်မျိုးအတွက် တွဲလျက်ပါပြီးသား စတီးပန်းကန်ပြားပါ။

ဟင်းက ငါးဟင်းနဲ့အသီးအရွက်ကြော်ပါ၊ ဟင်းချိုပန်းကန်လုံးက သီးသန့် အရှေ့မှာ ထားပေးပါတယ်။

"ဟော့. . . အားလုံးပဲ ထမင်းစားချိန်ကို အချိန်မီရှေက်အောင် လာကြပါ၊ နောက်ကျရင် အရိုက်ခံရမယ်. . . သိကြရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက ထိပ်ဆုံးက စားပွဲဆီကနေ မတ်တတ်ရပ်၊ အသံကို တစ်ခန်းလုံး ကြားအောင် မြှင့်ပြီးပြောတယ်။

အားလုံး တညီတညွတ်ထဲ. . .

"ဟုတ်ကဲ့ပါ ဆရာမကြီး"

လို့ ပြန်ပြောကြတယ်။

ဒီလိုအချိန်ဇယားနဲ့ စည်းကမ်းနဲ့ တစ်ခါမှ မနေဖူးတာမို့ ကျွန်တော့်စိတ်တွေ ကျဉ်းကျပ်လာသလို ခံစားလိုက်ရတယ်။

"ဟော့. . . မင်း ငါးဟင်းကြိုက်လား"

ကျွန်တော့်ဘေးက ကျောင်းသားတစ်ယောက်က ကျွန်တော့်ကို ခပ်တိုးတိုး စကားစတယ်။

ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့. . .

"လုံးဝမကြိုက်ဘူး"

လို့ ပြန်ပြောလိုက်မိတယ်။

"ငါရောပဲ"

အဲ့ဒီကျောင်းသားကလည်း မျက်နှာရှုံ့ရှုံ့မဲ့မဲ့နဲ့ ပြန်ပြောတယ်။ သူ့မျက်နှာက ပဲဟင်းအိုး မှောက်ကျထားသလို သနပ်ခါးတွေ ထူလပြစ် ဖြစ်နေတော့ စိတ်ညစ်တဲ့ကြားက ကျွန်တော်ရယ်ချင်သွားမိတယ်။

"ဘာတတ်နိုင်မှာလဲ. . . အသီးအရွက်ကြော်ကိုပဲ ဟင်းချိုနဲ့ မျှောချရတော့မှာပေါ့"

"ငါက ငါးပိရည်စပ်စပ်ကလေး မပါရင် ထမင်းမစားတတ်တာ ဒုက္ခပဲ"

ကျွန်တော်နဲ့ အဲ့ဒီကျောင်းသား စကားတွေ ကြိတ်ပြောနေကြဆဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ထမင်းစားရင်း စကားမများကြနဲ့၊ တိတ်တိတ်ဆိတ်ဆိတ် စားကြ"

ဆရာတစ်ယောက်က လှမ်းအော်တော့ ကျွန်တော်တို့နှစ်ယောက် ချက်ချင်းခေါင်းငုံ့ပြီး ထမင်းကို ပါးစပ်ထဲ ကပျာကယာထိုးသိပ်ထည့်လိုက်မိတယ်။

ကျွန်တော် ငါးဟင်းကို လုံးဝ မထိမတို့ဘဲ အသီးအရွက်ကြော်နဲ့ ထမင်းကို လုံးပြီး ဟင်းချိုနဲ့ချည်း မျှောချနေမိတယ်။

ဗိုက်အရမ်းဆာနေပေမယ့် ထမင်းစားရတာ ဘာအရသာမှ မရှိသလိုပဲ။

အိမ်မှာဆို မေမေရှိစဉ်ကရော မေမေမရှိတော့တဲ့အချိန်မှာလည်း ဒေါ်လေးက ဈေးသွားခါနီးတိုင်း. . .

"မိုး ဒီနေ့ ဘာဟင်းစားချင်သလဲ"

လို့ မေးပြီး ကျွန်တော့်အကြိုက် ချက်ကျွေးတတ်တာပါ။

(ဈေးကြီးပါပေ့ဆိုတဲ့ ပုစွန်တုပ်ကိုတောင် ဒေါ်လေးက ကျွန်တော့်တစ်ယောက်ထဲ ခိုးကျွေးတတ်ပါတယ်)

ပြီးတော့ ကျွန်တော် ဘယ်လောက်ချေးများများ အချိုဆိုအချို ချဉ်စပ်ဆိုချဉ်စပ် မညည်းမညူ ချက်ကျွေးတတ်တာပါ။

ခုတော့. . .

ကျွန်တော် ထမင်းတွေ ပါးစပ်ထဲ နင်းသိပ်ထည့်ရင်းက ဘယ်လိုကနေဘယ်လို မျက်ရည်ကျမိမှန်း မသိဘူး။

ကျွန်တော့်ပါးပြင်တစ်လျှောက် မျက်ရည်တွေနဲ့ ပူနွေးနေတာတောင် သတိမထားမိတဲ့အချိန်မှာ. . .

"မငိုပါနဲ့ကွာ. . . နောက်တော့လည်း ငါတို့ ကျင့်သားရသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘေးက သနပ်ခါးပိန်းရိုက်နဲ့ ကျောင်းသားဟာ ခပ်တိုးတိုး အားပေးတော့မှ ကျွန်တော် ရှက်ရှက်နဲ့ မျက်ရည်တွေ သုတ်မိတယ်။

ကျွန်တော့်ကို အားပေးတဲ့ အဲ့ဒီကျောင်းသားကိုယ်တိုင် လည်း အသံတွေ တုန်နေတာပါ။ သူက ဆက်ပြောသေးတယ်။

"ခုနေများ ငါးပိရည်စပ်စပ်ကလေးနဲ့ စားခွင့်ရမယ်ဆိုရင် ငါ သေလိုက်လို့တောင်ရမယ်"

အဲ့ဒီစကားဟာ တခြားလူတွေအတွက် အပိုစကားလို့ ထင် ရပေမယ့် ကျွန်တော့်အတွက်တော့ တကယ်ပါပဲ။

ကျွန်တော်လည်း ခုနေခါမှာ ပုစွန်တုပ်လေးတစ်ကောင် လောက်သာ စားခွင့်ရမယ်ဆို တကယ်ကို သေလိုက်လို့ရပါတယ်။

အတွေးနဲ့အတူ ကျွန်တော် မျက်ရည်တွေ တားဆီးထိန်းချုပ် မရဘဲ ပြန်ကျလာမိတယ်။

အဲ့ဒီအချိန်မှာပဲ. . . ကျွန်တော့်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားလိုက်ရတယ်။

ကျွန်တော် မျက်ရည်တွေ သုတ်ပြီး ထမင်းစားရင်းကနေ ဆတ်ခနဲ လှည့်ကြည့်လိုက်မိတယ်။

ကျွန်တော့်ကို ကြည့်နေတာ အနည်းငယ် နွမ်းနွမ်းဖတ်ဖတ် နိုင်တဲ့ ကျောင်းသားတစ်ယောက်ပါ။

သူ့ရုပ်ရည်က တစ်မျိုးပဲ။

အားလုံးထဲမှာ သီးသန့်ခွဲထွက်နေသလိုပဲ။

ဘယ်သူနဲ့မှ မတူဘူး။

ဘယ်လိုကွာခြားတာလဲဆိုတာတော့ ကျွန်တော်လည်း သေချာမခွဲခြားတတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာက သူ့ရှေ့မှာ ဘာထမင်းပန်းကန်မှ ရှိမနေတာပဲ။ သူ့မျက်နှာဟာ ညှိုးနွမ်းနေတယ်။

ကျွန်တော် ပြန်ကြည့်နေမိတုန်းမှာပဲ သူဟာ နေရာက ထပြီး ဖျတ်ခနဲဆို ပျောက်သွားခဲ့တယ်။ သူ ဘာလို့ အားလုံး ထမင်းစားနေချိန်မှာ တစ်ယောက်တည်း ခွဲထွက်နေတာလဲ။

"ဟော့. . . ငါ အကြံရပြီ၊ ငါတို့ ထမင်းချက်အဒေါ်ကြီးကို တပ်ပေါင်းထားရအောင်၊ ဒါမှ ငါတို့ စားချင်တာလေး စားရအောင်"

ဘေးက ကျောင်းသားဆီက စကားသံလေး ပြန်ထွက်လာတော့မှ ကျွန်တော် ဟိုကျောင်းသားအကြောင်း တွေးနေမိတဲ့အတွေးတွေ ပြတ်တောက်သွားရတယ်။

ကျွန်တော့်အာရုံဟာ ထမင်းလိုက်ပွဲတွေ လိုက်ချပေးနေတဲ့ အဒေါ်ကြီးဆီ ရောက်သွားခဲ့ရပြန်တယ်။

ပြုံးချိုနေတဲ့မျက်နှာနဲ့ အဒေါ်ကြီးဟာ သဘောကောင်းမယ့်ပုံပဲ။ သူ့ဘေးမှာ မိန်းမလှလေးတစ်ယောက်ကို နူးညံ့တဲ့အပြုံးနဲ့ တွေ့လိုက်ရတယ်။ ကျွန်တော်တို့ထက် နည်းနည်းလေး အသက်ကြီးမယ် ထင်တယ်။

"အဲ့ဒါ ဒီနှစ်မှ ရောက်လာတဲ့ ထမင်းချက် အဒေါ်ကြီး အသစ်တဲ့၊ ဘေးက သူ့သမီးလေ. . . လှတယ်နော်"

ဘေးက ကျောင်းသားက တီးတိုးပြောပြန်တယ်။

နောက်ဆုံးစကားကို ကျွန်တော် အလျင်အမြန် ခေါင်းညိမ့်ပြီး ထောက်ခံလိုက်မိတယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးကြတော့ ကျွန်တော်တို့အားလုံး အိပ်ဆောင်ထဲ ဝင်ခဲ့ကြတယ်။

နောက်ဆိုရင်တော့ ထမင်းစားပြီးရင် စာကျက်ခန်းထဲ ဝင်ကြရမှာပါ။

ခုလောလောဆယ်တော့ ကျောင်းမဖွင့်သေးလို့ ကျွန်တော်တို့ စာကျက်ခန်း မဝင်ရသေးတာပါ။

ကျွန်တော်ဟာ ကိုယ့်ခုတင်ပေါ်မှာကိုယ် တစ်ယောက်တည်း ငူငူကြီး ထိုင်နေမိတုန်း. . .

"ဟေ့ မင်းတစ်ယောက်ထဲ မပျင်းဘူးလား"

ကျွန်တော့်ခုတင်ပေါ်ကို ကျောင်းသားတစ်ယောက် ရောက်လာခဲ့တယ်။

လှည့်ကြည့်လိုက်တော့ ဖြူန်းခနဲ ကျွန်တော် လန့်သွားတယ်။ သနပ်ခါးပိန်းကြား ရိုက်လိမ်းထားတဲ့ ကျောင်းသား

"ငါ့နာမည်က တေဇာ. . . မှတ်ထားနော်"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် အသာခေါင်းညိတ်ပြလိုက်မိတယ်။

"ဒါနဲ့ မင်းက ဒီနေ့မှ ရောက်လာတာနော်"

"အင်း"

"မင်းနာမည်က ဘယ်လိုခေါ်လဲ"

"မိုးသောက်"

"အား. . . လန်းတယ်"

ကျွန်တော့်နာမည်ကို ချီးကျူးတော့ ကျွန်တော် သဘောကျသွားတယ်။ ဘာပဲဖြစ်ဖြစ် သူ့ကိုလည်း နည်းနည်းခင်သွားတယ်။

ကျွန်တော့်နာမည်ကို တစ်ခါမှ ဘယ်သူမှ ချီးကျူးတာ မခံရဖူးဘူးလေ။

"ဟိတ်. . . ဘာတွေ ပြောနေကြတာလဲ"

ကျွန်တော့်ခုတင်နားကို နောက်ထပ် ကျောင်းသားနှစ်ယောက် ထပ်ရောက်လာတယ်။ ကျွန်တော် နည်းနည်းစိတ်ညစ်သလိုလို အပျင်းပြေသလိုလို ဖြစ်သွားရတယ်။

"ငါတို့ မိတ်ဆက်နေကြတာ၊ ဒီကောင့်နာမည်က မိုးသောက်တဲ့. . . မိုက်တယ်နော်"

"ငါတို့နာမည်တွေလည်း မှတ်ထား၊ ငါ့နာမည်က သူရတဲ့၊ ငါက နွေကျောင်းစပိတ်ကတည်းက ဒီကိုရောက်နေတာ ကြာပြီ"

သူရဆိုတဲ့ကျောင်းသားကို လှည့်ကြည့်လိုက်မိတယ်။

မျက်နှာပေါက်ဆိုးဆိုး လူကောင်ထွားထွားနဲ့ ကျွန်တော်တို့ထက် အသက်ကြီးမယ့်ပုံပဲ။

လူကောင်ကြီးသလို အနိုင်ကျင့် ဗိုလ်ကျချင်မယ့်စိတ်ဓါတ်ပါ သူ့မျက်နှာပေါ်မှာ ပေါ်လွင်နေတယ်။

"ငါ့နာမည်ကတော့ ဇော်လေး"


www.burmeseclassic.com

www.burmeseclassic.com



ဇော်လေးဆိုတဲ့ ကျောင်းသားကတော့ ရှမ်းလိုလို တရုတ်လိုလို မျက်လုံးမှေးမှေးနဲ့ပဲ. . . ပိန်ပိန်ဖြူဖြူနွဲ့နွဲ့နဲ့ ကုပ်ချိချိလေး။

သူ့ကြည့်ရတာ အူကြောင်ကျားပုံစံ။

"မင်းက ဒီနေ့မှ ရောက်လာတာဆိုတော့ ဒီဘော်ဒါဆောင်အကြောင်း ဘာမှသိသေးဦးမှာ မဟုတ်ဘူး"

သူရက ကျွန်တော့်နံဘေးမှာ ကပ်သီးကပ်သတ် ဝင်ထိုင်ရင်းစကားစတယ်။

ကျွန်တော် သူ့ကို သဘောမကျပေမယ့် နည်းနည်းရွှေ့ထိုင်ပေးလိုက်ပါတယ်။

"ဘာဖြစ်လို့လဲ"

"မင်း သရဲကြောက်တတ်လား"

သူရက လေသံကို နှိမ့်ပြီး ခပ်တိုးတိုး မေးတယ်။

ကျွန်တော်တို့လေးယောက်လုံး ခေါင်းချင်းဆိုင်သွားမိတယ်။

ကြောက်တတ်တယ်လို့ ဝန်ခံရမလား။

မကြောက်တတ်ဘူးလို့ ညာရမလား။

ကျွန်တော် ဘာပြန်ပြောရမလည်းမသိ ဖြစ်သွားရတယ်။

ကျွန်တော် အင်တင်တင် ဖြစ်နေတုန်းမှာပဲ သူက ရှေ့တိုးတိုးပြီး. . .

"မင်းတို့ကို ငါ ဒီအဆောင်က သရဲအကြောင်း ပြောပြမယ်၊ ငါ့ကို ကိုးတန်းက ကျောင်းသားကြီးတွေ ပြောပြတာ"

သူရစကားကို အားလုံး စိတ်ဝင်တစားနဲ့ နားစွင့်နေမိကြတယ်။ သူရက တံတွေးတစ်ချက်မျိုချတယ်။ ပြီးတော့. . လေသံကိုတိုးသထက် တိုးအောင် ပိုနှိမ့်ပြီး. . .

"ငါတို့ကျောင်းဘေးက သစ်ခြောက်ပင်ကြီး တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

တေဇာနှင့်ဇော်လေးက ကပျာကယာ ခေါင်းညိတ်ပြတယ်။

ကျွန်တော်ကတော့ သစ်ခြောက်ပင်ကြီးကို မမြင်ဖူးသေးပေမယ့် မျက်စိထဲမှာ အရိုးပြိုင်းပြိုင်းကျပြီး ခြောက်သယောင်းနေတဲ့ သစ်ပင်ကြီးကို မြင်ယောင်နေမိတယ်။

အခုလို ညအချိန်မှာဆို အခုလို ချောက်ချားစရာကောင်းတဲ့ သစ်ပင်ကြီးမျိုးပေါ့။

"အဲ့ဒီသစ်ခြောက်ပင်ကြီးမှာ သရဲမ ရှိတယ်တဲ့"

"သရဲမ ဟုတ်လား"

"ဟုတ်တယ်. . . ဒီဘော်ဒါဆောင်မှာ အရင်က ထမင်းချက်ပေးတဲ့ အဒေါ်ကြီးဆီမှာ သမီးချောတစ်ယောက် ရှိတယ်တဲ့"

ကျွန်တော် နားထောင်နေရင်းကနေ အခုလက်ရှိ ထမင်းချက်ပေးတဲ့ အဒေါ်ကြီးရဲ့သမီးချောကို မဆီမဆိုင် မြင်ယောင်လိုက်မိတယ်။

"အဲ့ဒီသစ်ခြောက်ပင်ကြီးမှာ ရှိတဲ့သရဲက အဲ့ဒီမိန်းကလေးတဲ့"

"ဟင်. . ."

ကျွန်တော်တို့အားလုံး သူရနား တိုးကပ်ပြီး နားပိုစွင့်လိုက်မိကြတယ်။

"ဆွဲကြိုးချသေတာတဲ့"

"အံမယ်လေး. . လေး"

"မျက်လုံးကြီးတွေ ပြူးထွက်ပြီး လျှာကြီးကလည်း တွဲလောင်းကျနေတာ အရှည်ကြီးပဲတဲ့"

"အား. . . ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



တေဇာ ကြိုတ်ပြီးအော်တယ်။

ကယောင်ကတမ်းနဲ့ မေးစေ့အောက်မှာ ထောင်ပြီး ထောက်ထားတဲ့ ဓါတ်မီးကို အလန့်တကြား နှိပ်လိုက်ရာ သနပ်ခါးတွေ ပိန်းကြားရိုက်ထားတဲ့ သူ့မျက်နှာဖွေးဖွေးကြီးဟာ ဓါတ်မီးရောင်နဲ့ နီနီရဲရဲ ထူထူပိန်းပိန်းကြီး ရုတ်တရက် ဖြစ်သွားတယ်။

တေဇာ့ကိုကြည့်ပြီး ကြောက်စရာကောင်းလွန်းလို့ မအော်လိုက်မိအောင် ကျွန်တော် ပါးစပ်ကို လက်နဲ့ အမြန်ပိတ်လိုက်မိတယ်။

"ရဲတွေက အလောင်းကို ရင်ခွဲစစ်ဆေးတဲ့အခါမှာ ကိုယ်ဝန်ရှိနေတာ သိလိုက်ရသတဲ့"

ကျွန်တော့်နားထဲကို သူရပြောတဲ့စကားက ခါးသက်သက်ကြီး စီးဝင်သွားတယ်။

ဒါ ကျွန်တော် တစ်ခါမှ မကြားဖူးတဲ့ အကြောင်းအရာမျိုးပဲ။

"အဲ့ဒါကြောင့် အဲ့ဒီအပင်အောက်က ဖြတ်ရင် ညှီနံ့ကြီးလိုလို စိမ်းရွှေရွှေအနံ့ကြီး ရတယ်တဲ့"

"အဲ့ . . . အဲ့ဒါ သရဲပုံပြင်လား၊ တကယ့်အဖြစ်အပျက်လား"

ဇော်လေးက ထစ်ထစ်ငေ့ါငေ့ါ မေးတယ်။

သူရက ဇော်လေး မေးတာကို ချက်ချင်းပြန်မဖြေသေးဘဲ ကျွန်တော်တို့သုံးယောက်ရဲ့မျက်နှာကို အသေအချာကြည့်တယ်။

သူ့ပုံစံက အရမ်းအရေးကြီးတဲ့စကားကို ပြောတော့မယ့်ပုံမျိုးမို့ ကျွန်တော်တို့ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး သူ့နားစိုက်လိုက်မိတယ်။

"အေး . . . အဲ့ဒါကို သိချင်လို့ မနှစ်က ကိုးတန်းက ကျောင်းသားကြီးတွေဟာ တစ်ညနေမှာ အဲ့ဒီသစ်ခြောက်ပင်ကြီးနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထိုးလုပ်ပြီး သွားကြည့်ကြသတဲ့"

"သူ. . သူတို့ ဘာတွေ့ရလဲဟင်"

"မျက်လုံးကြီးပြူး လျှာကြီးတွဲလောင်းထွက်နေတဲ့ သရဲမကို သစ်ပင်ပေါ်ကနေ ကြိုးတန်းလန်းနဲ့ သူတို့ကို ဖောက်ထိုးကြီး ပြန်ကြည့်နေတာ တွေ့လိုက်ရတယ်တဲ့"

"အား. . ."

တေဇာ ကြိတ်အော်ပြန်တယ်။

ခါတ်မီးကိုလည်း ခုနကလို ယောင်နှိပ်မိပြန်လို့ သူ့မျက်နှာဖွေးဖွေးကြီးကို ခါတ်မီးရောင်နဲ့ ရဲရဲကြီး မြင်ရတာ ခေါင်းပြတ်ကြီးလိုပဲ။

"မင်းခါတ်မီးကို ချထားစမ်းပါကွာ"

ကျွန်တော် စိတ်တိုပြီး ပြောလိုက်မိတယ်။

တေဇာက ကျွန်တော့်စကားကို ဂရုမစိုက်ဘဲ သူလည်း ပြောစရာရှိတဲ့ပုံမျိုး ရွှေ့ထိုင်တယ်။

"ဒီမှာ သရဲက သစ်ခြောက်ပင်မှာမှ မဟုတ်ဘူး၊ ဟော့ဒီဘော်ဒါဆောင်ထဲမှာကို ရှိတယ်၊ အဲ့ဒါ မင်းတို့ မသိသေးဘူး မဟုတ်လား"

သူရက မယုံတဝက် ယုံတဝက် မျက်နှာနဲ့ တေဇာကို ကြည့်တယ်။

"မင်းကို ဘယ်သူက ပြောလဲ"

"ငါ့အစ်ကို ပြောပြတာ၊ အရင်အဆောင်မှူး အဘိုးကြီးက သေပြီး သရဲပြန်ဖြစ်နေတာတဲ့၊ အဲ့ဒါ မကျွတ်ဘဲ အဆောင်ထဲမှာ ခြောက်တတ်တယ်တဲ့၊ မင်းတို့ မယုံရင် အခု ဖောက်ထိုးကြည့်ကြည့်ပါလား၊ သူ့ကို တွေ့လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တေဇာပြောပုံက သေချာလွန်းနေတော့ ကျွန်တော်တို့ မငြင်းစမ်းရဲကြဘူး။

သရဲအကြောင်းဟာ နားထောင်လို့သာ ကောင်းပေမယ့် ဘယ်သူကမှတော့ သရဲကို မျက်စိနဲ့ တပ်အပ်မြင်ဖူးချင်ကြမယ် မထင်ပါဘူး။

"ညမီးပိတ်ပြီဆို အမြဲ လိုက်စစ်တတ်တယ်တဲ့၊ ညဘက် ရှူးထပေါက်ရင် အနောက်မှာ တစ်ယောက်ယောက် ရှိနေသလို ခံစားရတယ်တဲ့၊ ညဘက် အိမ်သာသွားရင် လေချွန်သံသဲ့သဲ့နဲ့ ခွေးတွေ အဆက်မပြတ် အူတာ ကြားရတယ်တဲ့"

တေဇာက တိုးတိုး၊တိုးတိုးနဲ့ တစ်လုံးချင်း ပြောနေတဲ့ စကားအဆုံးမှာ ကျွန်တော့်ကျောပြင်တစ်လျှောက် ကြက်သီးတွေ စုန်ဆန်ဖြိုထလာခဲ့တယ်။

ကျွန်တော့်ကျောနောက်မှာရော တစ်ယောက်ယောက် ရှိနေသလား။ ကျွန်တော် လှည့်မကြည့်ရဲဘူး။

ကြောက်စိတ်နဲ့ ကျွန်တော့်လည်ချောင်းတွေ ခြောက်သွေ့လာခဲ့တယ်။ အဲ့ဒီအချိန်မှာပဲ ဇော်လေးက ရှေ့တိုးလာပြန်ပြီး. . .

"ငါတို့အိမ်နားက အစ်ကိုကြီးတစ်ယောက် ပြောပြတာတော့ အတိအကျပဲ"

"ဘာလဲ. . . သရဲဇာတ်လမ်းပဲလား"

သူရက ဇော်လေးကို လူရာမသွင်းချင်တဲ့မျက်နှာမျိုးနဲ့ ခပ်လှောင်လှောင် ပြန်မေးတယ်။

"တကယ့်အဖြစ်အပျက် မနှစ်ကမှ ဖြစ်ခဲ့တာ၊ ငါတို့လို ကျောင်းကျောင်းသားတဲ့"

မနှစ်က ဖြစ်ခဲ့တာဆိုတော့ အတော်နီးစပ်တာမို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးစိတ်ဝင်စားသွားရတယ်။

ကျွန်တော် ဇော်လေးရဲ့မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်ပြီး စိတ်ဝင်တစား နားထောင်နေမိတယ်။

"မင်းတို့အဆောင်ရှေ့မှာ ရေကူးကန် တွေ့တယ်မဟုတ်လား"

"တွေ့သားပဲ. . . အဲ့ဒါ ဘာဖြစ်လဲ"

"အဲ့ဒါ ရေကူးကန်အသစ်တဲ့၊ ရေကူးကန်အဟောင်းက ကျောင်းနောက်မှာ ရှိတာတဲ့"

"ဟင်. . . ဟုတ်လား"

"အေး. . . အဲ့ဒီရေကူးကန်အဟောင်းကြီးထဲမှာ မနှစ်က ရှစ်တန်းကျောင်းသားတစ်ယောက် ရေနစ်ပြီး သေထားတာတဲ့"

"ဟင်. . ."

ကျွန်တော်တို့သုံးယောက် မျက်လုံးပြူးသွားကြရတယ်။

ကျွန်တော် ရေကူးရတာကို သိပ်နှစ်သက်ပေမယ့် ဟော့ဒီဘော်ဒါဆောင်မှာ နေသရွေ့တော့ ရေမကူးဖို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက် ချလိုက်မိတယ်။

မတော် ရေကူးနေတုန်း ကျွန်တော့်ခြေထောက်ကို သရဲများ လာဆွဲရင်. . .

အတွေးနဲ့အတူ ကျွန်တော့်ခြေထောက်ကို ခုတင်ပေါ် ဆတ်ခနဲ တင်လိုက်မိတယ်။ ကျန်တဲ့သုံးယောက်လည်း ကျွန်တော့်လို ခုတင်ပေါ် ခြေထောက်တွေ ကမန်းကကတန်း တင်ကြတယ်။

ဇော်လေးက တုန့်နှေးနှေးနဲ့ ဆက်ပြောတယ်။

"ဆရာမကြီးဆိုတာ ရှူးမတတ်ကို ဖြစ်သွားတာတဲ့ပြီးတော့ ဆရာမကြီးရဲ့ရုံးခန်းထဲမှာ သီချင်းသံ ကြားရရင် အဲ့ဒီဓါတ်ပြားစက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဖွင့်မှန်း ဘယ်သူမှ မသိကြဘူးတဲ့"

"ဟင်. . . ဘယ်. . . ဘယ်လို"

ဇော်လေးရဲ့မရှင်းမရှင်း စကားပြောပုံကြောင့် ကျွန်တော်တို့ နားရှုပ်သွားရတယ်။

"ဆရာမကြီးရဲ့အခန်းထဲက ခါတ်ပြားစက်ဟာ ဘယ်သူမှ မဖွင့်ဘဲ သူ့အလိုအလျောက် သီချင်းသံ ကြားရတတ်တယ်တဲ့"

"အဲ့ဒါကြောင့် ငါ ပထမဆုံးနေ့ ဒီအဆောင်ကို လာတော့ အခန်းထဲမှာ ခဏနေတုန်း ကြက်သီးတွေ ထသွားခဲ့တာ"

သူရက ပခုံးကျုံ့ပြီး ပြောတယ်။

"ဆရာမကြီးဟာ တခါတလေမှာ သူ့စားပွဲမှာ ရှိတဲ့ အံဆွဲကို ဖွင့်ကြည့်ပြီး ရှိုက်ကြီးတငင် ငိုတတ်သတဲ့"

ကျွန်တော် ဇော်လေးစကားကို အရမ်းစိတ်ဝင်စားသွားရတယ်။

အံဆွဲထဲမှာ ဘာရှိလို့လဲ။

အဲ့ဒီလောက် မာကျောခက်ထန်လှတဲ့ ဆရာမကြီးကို ရှိုက်ကြီးတငင် ငိုစေလောက်အောင် အဲ့ဒီအံဆွဲထဲမှာ ဘာများရှိနေလို့လဲ။

"အဲ့ဒီအံဆွဲထဲမှာ ဘာများရှိလို့လဲ"

"အဲ့ဒါကို ဘယ်သူမှ မသိဘူးတဲ့"

"သရဲပဲ ဖြစ်ရမယ်"

ကျွန်တော် အသေအချာ ပြောလိုက်မိတယ်။

"ဆရာမကြီးနဲ့ အဲ့ဒီသေသွားတဲ့ကျောင်းသားဟာ တစ်နည်းနည်းနဲ့ ပတ်သက်နေလို့ ဆရာမကြီးကို လာလာခြောက်နေတာပဲ ဖြစ်ရမယ်"

ကျွန်တော် ဆက်ပြောလိုက်မိတယ်။

www.burmeseclassic.com



သူရက ကျွန်တော့်ကို ကြည့်ပြီး တစ်ချက်ပြုံးတယ်။

သူ့အပြုံးက ညစ်ကျယ်ကျယ်နိုင်တဲ့ မဲ့ပြုံးပါ။

"နေဦး. . . ငါပြောမယ် မိုးသောက်၊ အခု မင်းအိပ်ရမယ့် ခုတင်ဟာ ဒီနေ့မှ ဂိုဒေါင်ထဲက ထုတ်လာတာ ငါတွေ့လိုက်တယ်"

သူရစကားကြောင့် ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိတယ်။

"အဲ့ဒါ ဘာဖြစ်လဲ"

"ရေနစ်သေသွားတဲ့ကျောင်းသား အိပ်ခဲ့တဲ့ခုတင်ဆိုရင်တော့ မင်းအတွက် ပြဿနာပဲ မိုးသောက်"

ကျွန်တော် မျက်လုံးပြူးသွားမိတယ်။

ဟုတ်တယ်။

ကျွန်တော် အိပ်ရမယ့်ခုတင်ဟာ သေသွားတဲ့ကျောင်းသား အိပ်ခဲ့တဲ့ခုတင်များ ဖြစ်နေခဲ့ရင်. . .

ကျွန်တော် အသည်းတွေ အေးခနဲ ဖြစ်သွားရတယ်။

"ညကျရင် မင်းအိပ်ပျော်နေတုန်း ဆောင့်များ ကန်ချမလား မသိဘူးနော်"

ကျွန်တော့်ကျောပြင်ဟာ ဆတ်ခနဲ တောင့်မတ်သွားရတယ်။

သူရ တမင်ညစ်ကျယ်ကျယ်နဲ့ ခြောက်နေတာ သိပေမယ့် ကျွန်တော် နေရတာ အတော်လေး ကသိကအောက် ဖြစ်လာတယ်။

ရင်ထဲ တလှပ်လှပ် အေးပြီး နောက်ကျောမလုံတဲ့ ထိတ်လန့်မှုကြီးနဲ့ ချောက်ချောက်ချားချား ခံစားနေရတုန်းမှာ. . .

ကျွန်တော့်အနောက်က တံခါးမကြီးဟာ ဝုန်းခနဲ အသံကျယ်ကြီးနဲ့ ပွင့်သွားခဲ့တယ်။

ကျွန်တော်တို့အားလုံး တီးတိုးကြိတ်ကြိတ် စကားသံတွေ


www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းရပ်သွားခဲ့ရတယ်။

အားလုံး အနောက်ကို ထိတ်လန့်တကြား လှည့်ကြည့်လိုက်မိတဲ့အချိန်မှာ. . .

တံခါးဝမှာ မားမားကြီး ရပ်နေတဲ့ ဆရာမကြီးကို တွေ့လိုက်ကြရတယ်။ ဆရာမကြီးရဲ့မျက်နှာဟာ တင်းမာခက်ထန်သလောက် မျက်လုံးအစုံကလည်း စူးရဲလွန်းလို့နေတယ်။

ကျွန်တော် ကြောက်လွန်းလို့ ရင်ထဲ တဒိတ်ဒိတ် ဖြစ်နေမိတယ်။

"အားလုံးကို သတိပေးထားမယ်၊ သရဲအကြောင်း မပြောကြနဲ့၊ ဒီဘော်ဒါဆောင်မှာ သရဲလုံးဝမရှိဘူး၊ မင်းတို့ သိထားဖို့က သရဲဆိုတာ လုံးဝမရှိဘူး. . . ဟုတ်ပြီလား"

ကျွန်တော်တို့အားလုံး ခေါင်းတွေ ငုံ့ထားပြီး တိတ်ဆိတ်ငြိမ်သက်နေမိကြတယ်။ ဘယ်သူမှ မလှုပ်ရဲကြဘူး။

ဆရာမကြီး ပြောတာ မှန်နေတော့ အားလုံးဟာ အပြစ်ရှိသလို ခံစားနေရတယ်။

"သရဲအကြောင်း ပြောကြလို့ မင်းတို့မှာ ဘာအကျိုးမှ မရှိဘူး၊ အေး. . . သရဲအကြောင်း ပြောပြီး နောက်ဆက်တွဲ တစ်စုံတစ်ခု ဖြစ်လာတယ်ဆိုရင်တော့ မလွယ်ဘူးဆိုတာ သိထား၊ အရိုက်ခံရမယ်. . . ကြားလား"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

အားလုံး တညီတညွတ်ထဲ ကတိပေးလိုက်ကြတယ်။

ဆရာမကြီးက စူးရဲတဲ့မျက်လုံးတွေနဲ့ တစ်ခန်းလုံးကို ဝေ့ကြည့်ပြီး. . .

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ခနဲ မာန်ပြီး လှည့်ထွက်သွားတယ်။

ဆရာမကြီး ထွက်သွားတာနဲ့ ကျောင်းသားအားလုံး ကိုယ့်ခုတင်ကိုယ်ပြန်ပြီး တိတ်ဆိတ်ငြိမ်သက်နေမိကြတယ်။

အိပ်မပျော်သေးပေမယ့် အားလုံးဟာ ငြိမ်ငြိမ်သက်သက်ပဲနေကြတယ်။

ခဏကြာတော့ . . . အခန်းထဲက မီးဟာ ဖျတ်ခနဲ မှိတ်သွားတယ်။ ဆယ်နာရီထိုးပြီ ထင်ပါရဲ့။

ဘော်ဒါဆောင်တစ်ခုလုံးဟာ အိမ်သာဘက် သွားတဲ့လမ်းမှာ ညမီးလုံး မှိန်မှိန်လေးတစ်လုံး ထွန်းထားတာကလွဲရင် မှောင်မည်းတိတ်ဆိတ်ပြီး ငြိမ်သက်လို့နေတယ်။

ကျွန်တော် အိပ်လို့မရဘဲ ခုတင်ပေါ်မှာ ဟိုဘက်လှည့်လိုက်သည်ဘက်လှည့်လိုက်နဲ့ ဂနာမငြိမ် ဖြစ်နေမိတယ်။

တေဇာပြောတဲ့ သေသွားတဲ့ အဆောင်မှူးအဘိုးကြီးဟာ လိုက်စစ်လို့ နေမှာလား။

ကျွန်တော်ကတော့ ဇောက်ထိုးမိုးမျှော်လုပ်ပြီး သရဲဆိုတာကို လက်တွေ့ကြည့်ရလောက်အောင် သတ္တိမရှိဘူး။

ပြီးတော့ . . . ခုတင်။

ကျွန်တော်အိပ်တဲ့ကုတင်ဟာ ဇော်လေးပြောတဲ့ ရေနစ်ပြီးသေသွားတဲ့ကျောင်းသား အိပ်ခဲ့တဲ့ခုတင်လား။

ကျွန်တော့်ကျောတွေ ကြက်သီးတဖြန်းဖြန်း ထလာတယ်။ ရင်ထဲမှာလည်း တလှပ်လှပ် အေးနေတယ်။

ရေနစ်သေသွားတဲ့ကျောင်းသားဟာ အစိမ်းသေဖြစ်တဲ့အတွက် ဘယ်လိုမှ မကျွတ်နိုင်ဘူး။ သူ့ဝိညာဉ်ဟာ ဒီဘော်ဒါဆောင်မှာ ရှိကိုရှိနေမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီလိုညအချိန်မျိုးဆို သူ့ရဲ့ခုတင်ဆီကို ပြန်ကိုလာမှာပဲ။ ကြောက်စိတ်တွေဟာ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးမှာ တရွရွပြေးနေတယ်။

တစ်ချိန်ထဲမှာပဲ ကျွန်တော်ဟာ ရှူးအရမ်းပေါက်ချင်လာမိတယ်။

ဘယ်လိုမှ ထိန်းချုပ်အောင့်အည်းနေလို့ မရတော့တဲ့အဆုံးမှာ ကျွန်တော် ကြောက်ကြောက်နဲ့ပဲ အိပ်ရာထဲက ထလာခဲ့ရတော့တယ်။

တံခါးမကြီးကို ကျွန်တော် ဖြည်းဖြည်းချင်း အသက်အောင့်ပြီး ဖွင့်လိုက်မိတယ်။

"ဟူး . . . ဝူး"

ခွေးအူသံတွေ စူးခနဲ ကြားလိုက်ရတော့ ကျွန်တော် ကြက်သီး တဖြန်းဖြန်း ထသွားရတယ်။

ပြတင်းမှန်မှ အောက်ကို အမှတ်မထင် ငုံ့ကြည့်လိုက်မိတော့. . .

လရောင်သဲ့သဲ့နဲ့ မြင်နေရတဲ့ မြက်ခင်းပြင်ပေါ်မှာ ခွေးတွေအားလုံးဟာ ကျွန်တော်ရှိရာဆီ မော့ကြည့်ပြီး ဆွဲဆွဲငင်ငင်နဲ့ အူနေကြတယ်။

ကျွန်တော် အိမ်သာခန်းတွေ ရှိရာဆီ အမြန်ပြေးသွားလိုက်မိတယ်။ ရှူးကလည်း ထွက်ကျတော့မတတ်ပဲ။

အရမ်းကို ပေါက်ချင်နေပြီ။

အနီးဆုံး အိမ်သာခန်းကို ရောက်တာနဲ့ တံခါးကို အမြန်ဖွင့်ပြီး ဝင်ဖို့ ပြင်လိုက်တဲ့အချိန်မှာ. . .

မျက်လုံးထောင့်ကနေ အရိပ်တစ်ခုကို ကျွန်တော် ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရပြီး ကျွန်တော့်ညာဘက်ပခုံးကို လက်တစ်ဖက် ဝဲခနဲ ကျရောက်လာတာ မြင်လိုက်ရတာနဲ့ ကျွန်တော်ဟာ အိမ်သာထဲ မဝင်တော့ဘဲ အိပ်ဆောင်ဆီ ကြောက်လန့်အားနဲ့ အားကုန်ပြေးချ လာခဲ့မိတယ်။

ကြောက်လွန်းလို့ ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေမိတယ်။

ကိုယ့်ခုတင်ပေါ် အမြန်ပြေးတက်ပြီး ကျွန်တော်ဟာ စောင်ကို ခေါင်းကနေ ခြေဖျားအထိ လုံအောင်ခြုံပြီး ငြိမ်သက်နေမိ တယ်။

ဒါပေမယ့်. . .

ကျွန်တော့်အိပ်ရာခင်းကတော့ သေးတွေနဲ့ ရွှဲသွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ညက ကြောက်စိတ်တွေနဲ့ ချောက်ချားရလွန်းလို့ ကျွန်တော်ဟာ တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ဘူး။

ကြောက်လွန်းလို့ သေးစိုနေတဲ့ဘောင်းဘီကိုတောင် ထမလဲရဲဘူး။

မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားမိတယ် ထင်ပါရဲ့။

"ဘော်. . ."

ဆိုတဲ့ ကျွဲချိုမှုတ်သံကြားမှ. . ကျွန်တော် အလန့်တကြား ထ,လိုက်မိတယ်။ တခြားကျောင်းသားတွေတောင် နိုးနေကြပြီ။

ညက သရဲအကြောင်းတွေ ပြောပြီး အဖွဲ့ကျခဲ့တဲ့ သူရ



www.burmeseclassic.com

www.burmeseclassic.com



တေဇာနဲ့ ဇော်လေးတို့ ကျွန်တော့်ဆီ ရောက်လာကြတယ်။

"အိပ်ပုတ်ကြီးလှချေလားကွ"

တေဇာက အရင် ကျွန်တော့်ကို နှုတ်ဆက်တယ်။

သူ့မျက်နှာပေါ်မှာ မနေ့က လိမ်းခဲ့တဲ့သနပ်ခါးဟာ မပျက်သေးဘူး။ ချပ်ခဲကြီး ရှိနေတုန်းပဲ။

"ဒီကောင် ညက သရဲအကြောင်းတွေ တွေးပြီး အိပ်မပျော်ဘဲ နေတာဖြစ်မှာပေါ့"

သူရက မဲ့ပြုံးတစ်ခုနှင့် ပြောရင်းက ကျွန်တော့်အိပ်ရာနား ရောက်လာခဲ့တယ်။

နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ပြီး. . .

"ဟ. . . ငါ့နှာခေါင်းထဲမှာ ရှူရှူးအနံ့ ရတယ်၊ ဟေ့ကောင် တေဇာ၊ မင်း ညက အိပ်ရာထဲမှာ ရှူးပေါက်ထားလား"

"အာ. . . ငါ ကလေးမှမဟုတ်တာ အိပ်ရာထဲ ရှူးပေါက်ရအောင်"

"ဇော်လေး. . မင်းလား"

"ပေါက်ကရကွာ. . . မယုံနမ်းကြည့်"

အားလုံးရဲ့အကြည့်တွေက ကျွန်တော့်ဆီ စုပြုံကျရောက်လာတယ်။ ကျွန်တော် ခေါင်းကြီးငုံ့ပြီး ရှက်နေမိတယ်။

သူရဆိုတဲ့ကောင်က နှာခေါင်းကို တရှုံ့ရှုံ့ လုပ်ရင်း ကျွန်တော့်နား ကပ်လာပြီး. . .

"ဟား. . . လက်စသတ်တော့ ဒီကောင့်ဆီကပဲကွ ရှူးနံ့လာ၊ ဟေ့ကောင် မိုးသောက်၊ မင်း ညက သရဲဇာတ်လမ်းတွေ နားထောင်ပြီး ကြောက်သေးပါထားတယ်ပေါ့. . . ဟုတ်လား၊ မကြီးမငယ်နဲ့ ကွာ. . . မရှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူရရဲ့အသံကျယ်ကြီးကြောင့် အခန်းထဲက ကျောင်းသားတွေအားလုံး ကျွန်တော့်ကို ဝိုင်းအုံကြတယ်။

"ဟေ့. . . ကျောင်းသားသစ်က ရှူးပေါက်ချထားတယ်ထုတ်လား"

"ရှက်စရာကြီးနော်"

တဟားဟား ရယ်သံတွေကြားမှာ ရှက်လွန်းလို့ ကျွန်တော်ဘယ်လိုမျက်နှာထားရမှန်း မသိအောင် ထူပူနေမိတယ်။

စိတ်ထဲမှာ သူရကို အမှုန့်ခြေပစ်ချင်စိတ်တောင် ပေါ်နေမိတယ်။ ဒီကောင် ကျွန်တော့်ကို ကျောင်းသားသစ်ဆိုပြီး လူကြားထဲအမင်အရှက်ခွဲတာ။

ကျွန်တော် အကျီကို ဆွဲချွတ်ပြီး ခြေလှမ်းကျဲကြီးတွေနဲ့ ရေချိုးခန်းဘက်ဆီ တစ်ယောက်ထဲ ထွက်လာခဲ့မိတယ်။

"မိုးသောက်. . . ဆပ်ပြာသော့ချာတိုက်နော်၊ ဘရိတ်ဖတ်စားတဲ့အခါ မင်းဆီက ရှူးနံ့ရရင် ဆရာမကြီး ခေါင်းကိုက်နေလိမ့်မယ်"

ကျွန်တော် တောက်တစ်ချက် ကြိတ်ခေါက်လိုက်မိတယ်။

တစ်နေ့ကျရင် အဲ့ဒီကောင် သူရကို ဆွဲထိုးမယ်လို့ စိတ်ထဲတေးထားလိုက်တယ်။

ခြေလှမ်းကျဲကြီးတွေနဲ့ ရေချိုးခန်းဆီ လျှောက်လာခိုက်မှာကျွန်တော့်ကျောပြင်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလိုခံစားလိုက်ရပြန်တယ်။

ကျွန်တော် ခြေလှမ်းကို တုန့်ခနဲ ရပ်လိုက်ပြီး နောက်ကိုလှမ်းကြည့်လိုက်တော့ နံရံကို ကျောကပ်မှီရပ်ပြီး ကျွန်တော့်ကိုအသေအချာ စိုက်ကြည့်နေတဲ့ ကျောင်းသားတစ်ယောက်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။

သူ့ကြည့်ရတာ ကျွန်တော် ခုလို အလျှောင်ခံရတာကို သနားနေတဲ့ပုံပဲ။

အင်း. . . ဒီဘော်ဒါဆောင်မှာ စိတ်ကောင်းရှိတဲ့ကျောင်းသားလည်း တစ်ယောက်တလေတော့ ရှိတယ်ထင်ပါရဲ့။

နေဦး. . . ကျွန်တော် သူ့ကို မြင်ဖူးတယ်။ ဘယ်မှာပါလိမ့်။

သြော်. . . မနေ့ညနေက ထမင်းစားဆောင်မှာ တွေ့ခဲ့ရတဲ့ ကျောင်းသားပဲ။ ကျွန်တော် ဆတ်ခနဲ မျက်နှာပြန်လွှဲပြီး ရေချိုးခန်းဆီ ဆက်လျှောက်တယ်။

"ညက မင်းကို သရဲ ခုတင်ပေါ်က ကန်မချဘူးလား မိုးသောက်"

တေဇာ ကျွန်တော့်နောက်က အပြေးလိုက်လာပြီး အရေးတကြီး မေးတယ်။

မသေချာတဲ့ လူသေခုတင်ပေါ်မှာ အိပ်ရတဲ့ ကျွန်တော့်အကြောင်းကို သူတို့ တော်တော်စိတ်ဝင်စားနေတဲ့ပုံပဲ။

"ဘာမှမဖြစ်ဘူး. . . အိပ်လို့တောင် ကောင်းသေးတယ်"

ကျွန်တော် မျက်နှာကို မော့ပြီး တမင်ဆောင့်ကြွားကြွား ပြန်ဖြေလိုက်တယ်။

ပြီးတော့ ရေကို တဗွမ်းဗွမ်း ခပ်ချိုးပစ်လိုက်တယ်။

"တကယ်လား. . . သရဲက မင်းကို အိပ်မက်တွေဘာတွေ မပေးဘူးလား"

"သြော်. . . အိပ်လို့ကောင်းပါတယ်ဆိုမှ ဘာအိပ်မက်မှကို မမက်ဘူး"

တေဇာကို စကားပြန်ပြောရင်းက ကျွန်တော် ဆပ်ပြာကို



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်အခါခါ တိုက်နေမိတယ်။

သူရပြောသလို တော်ကြာ မနက်စာ စားတဲ့အခါ ကျွန်တော့်ဆီက ရှူးနံ့ထွက်မှာ စိုးရိမ်နေမိတယ်။

"မိုးသောက်. . . မင်း တကယ်ပဲ သရဲမကြောက်ဘူးလား"

တေဇာ အဲ့ဒီမေးခွန်းကို ဘာအဓိပ္ပါယ်နဲ့ မေးမှန်း ကျွန်တော် မသိဘူး။ ဒါပေမယ့် သူတို့အားလုံးကို မကျေနပ်တဲ့စိတ်နဲ့ ကျွန်တော် တမင်အသံကို မြှင့်ပြီး ပြန်ဖြေလိုက်တယ်။

"မကြောက်ပါဘူး. . . ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ငါက ဖြစ်နိုင်ရင် သရဲနဲ့တောင် သူငယ်ချင်းဖြစ်ချင်သေးတာပဲ"

ကျွန်တော့်စကားကြောင့် တေဇာတို့တတွေ မျက်လုံးပြူးပြီး အံ့တသြဖြစ်ကုန်ကြတယ်။

သူတို့တွေ အံ့သြသွားကြတာ မြင်ရတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကျေနပ်သွားတယ်။

ကျွန်တော် အသံကျယ်ကျယ်နဲ့ ဆက်ပြီးပြောလိုက်တယ်။

"သရဲဆိုတာ မင်းတို့လို သက်ရှိနေတဲ့လူတွေထက်တောင် ပိုပြီးစိတ်ကောင်းရှိချင်ရှိနေမှာ. . .၊ အသက်ရှိနေတဲ့လူတွေကမှ အန္တရာယ် ပေးနိုင်သေးတယ်"

ကျွန်တော့်ကို တေဇာတို့တတွေ အထူးအဆန်းသတ္တဝါတစ်ကောင်လို ကြည့်ကြတယ်။

"သရဲက ဘာလို့ အန္တရာယ်မပေးနိုင်ရမှာလဲ၊ သူ့မှာ တန်ခိုးရှိတယ် မဟုတ်လား"

"အဲ့ဒါ တန်ခိုးလို့ မခေါ်ဘူး၊ ကမ္မဇိဒ္ဓိလို့ ခေါ်တယ်"

ဇော်လေးက ခပ်တည်တည်နဲ့ ဆရာကြီး ဝင်လုပ်တယ်။

ဒီကောင်က ကြည့်ရတာတော့ နံ့တိနံ့တ အူကြောင်ကြောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစကားတွေ ပြောတတ်တာကို ကျွန်တော်အံ့ဩသွားမိတယ်။

ကျွန်တော် သူတို့ထက်အရင် ရေချိုးတာ လက်စသတ်ပြီး ထွက်လာခဲ့တယ်။

သရဲအကြောင်း စကားဝိုင်းကို သူတို့ဘာသာ ဆက်ဆွေးနွေးပြီး ကျန်ခဲ့ကြတယ်။

မနေ့ကလိုပဲ ရေချိုးပြီးချိန်မှာ ကျွန်တော့်ရဲ့ရေစိုဘောင်းဘီကို လှမ်းဖို့ တန်းမှာ နေရာရှာမရဘူး။

အဲ့ဒါနဲ့ ကျွန်တော်လည်း မနေ့ကလိုပဲ အရင်လှမ်းပြီးသားသူများဘောင်းဘီတွေကို ဘေးသို့ စုချဲ့ပြီး ကျွန်တော့်ရေစိုဘောင်းဘီကို လှမ်းဖို့ ပြင်လိုက်တဲ့အချိန်မှာ. . .

"အဲ့လိုမလုပ်ရဘူး. . . မင်းအဲ့လိုလုပ်လိုက်ရင် သူတို့ဘောင်းဘီတွေ မခြောက်တော့ဘဲ နေမှာပေါ့"

ရုတ်တရက် အနောက်က ကြားလိုက်ရတဲ့စကားသံကြောင့် ကျွန်တော်လှည့်ကြည့်လိုက်မိတယ်။

ခုနက ကျွန်တော့်ကို စိုက်ကြည့်နေခဲ့တဲ့ ကျောင်းသားပဲ။ သူ ဘာဖြစ်လို့ ကျွန်တော့်ကို သတိထားပြီးလိုက်ကြည့်နေရတာလဲ။

ကျွန်တော် စိတ်ထဲ မတင်မကျနဲ့ သူ့ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေမိပေမယ့် သူက ကျွန်တော့်ကို အသာအယာပဲ ပြုံးပြပြီး. . .

"အဝတ်တွေကို ဒီလို နည်းနည်းစီ နေရာရွှေ့လှမ်းလိုက်ရင် မင်းလှမ်းဖို့ တစ်နေရာစာ ကောင်းကောင်းရတာပေါ့. . . မဟုတ်ဘူးလား"

သူ ပြောရင်းက လက်တွေ့လုပ်ပြတယ်။

အဲ့လိုတော့လည်း ဟုတ်သားပဲ။

ကျွန်တော် သူ့လို ဘာလို့ မစဉ်းစားမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်ရတာ ရေချိုးထားတဲ့ပုံ မဟုတ်ဘူး။

သူဟာ ကျွန်တော်တို့နဲ့ အသက်အရွယ် မတိမ်းမယိမ်းပုံ ပေါ်ပေမယ့် . . .

ကျွန်တော်တို့နဲ့ ဒွေးရောယှက်တင် ဖြစ်မနေဘဲ သီးသန့်ခွဲထွက်နေသလိုပဲ။

သူဟာ ကျွန်တော်တို့လို ကျောင်းသားပဲလား။

ဒါမှမဟုတ် ကျောင်းနဲ့ ပတ်သက်တဲ့ ဝန်ထမ်းမိသားစုထဲကလား။

ကျွန်တော် သူ့အကြောင်း စဉ်းစားနေတုန်းမှာပဲ သူဟာ ကျွန်တော့်နားက ထွက်ခွာသွားပြီး . . .

များပြားလှတဲ့ကျောင်းသားတွေကြားမှာ ပျောက်သွားတော့တယ်။

၅၅၅၅



www.burmeseclassic.com

www.burmeseclassic.com



မနက်စာ စားပြီးတော့ ကျွန်တော်တို့ အတန်းတက်ရပါတယ်။ အတန်းထဲမှာ ကျွန်တော် ထူးထူးဆန်းဆန်းကျောင်းသားကို စောင့်ဝဲပြီး ရှာဖွေမိသေးတယ်။

ဒါပေမယ့် မတွေ့ပါဘူး။

သူဟာ ကျွန်တော်တို့လို ရှစ်တန်းမဟုတ်ဘူး ထင်ပါရဲ့။

ဒါဆို ကိုးတန်းများလား။

ကျွန်တော် စာသင်တဲ့အချိန်မှာတော့ သူ့ကို မေ့သွားမိတယ်။ အတန်းသုံးချိန် တက်ပြီးချိန်မှာတော့ ကျွန်တော်တို့ မုန့်စားဆင်းရပါတယ်။

ဘော်ဒါဆောင်မှာက မုန့်ဖိုးပိုက်ဆံကို ဆရာမကြီးဆီ အတိုန်အပ်ရပါတယ်။

ပြီးတော့မှ ဆရာမကြီးဆီက နေ့စဉ်ငွေ ထုတ်သုံးရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို နားမလည်သေးတော့ ကျွန်တော် ဒီနေ့အဖို့ မုန့်ဖိုး မထုတ်ခဲ့မိဘူး။

ဒီတော့ မုန့်စားကျောင်းဆင်းချိန်မှာ ကျွန်တော် ကဲင်တင်းနဲ့ ဝေးရာမှာ တစ်ယောက်တည်း ဂိမ်းနှိပ်နေတော့တာပေါ့။

“ဟော့. . . မင်း မုန့်မစားဘူးလား”

အေးရှရှ တိုးသဲ့သဲ့ စကားသံကို ရုတ်တရက် ကြားလိုက်ရတော့ ကျွန်တော်လန့်ပြီး ဆတ်ခနဲ တုန်သွားမိတယ်။

လှည့်ကြည့်လိုက်မိတော့ ကျွန်တော်ရှာနေတဲ့ကျောင်းသား ဖြစ်နေတယ်။

ကျွန်တော် ပျော်သွားမိတယ်။

ဘာဖြစ်လို့မှန်း မသိဘူး။ ကျွန်တော် သူ့ကို ခင်တယ်။

သူ့မျက်နှာထားက နူးညံ့တယ်၊ သူဟာ စိတ်ထားကောင်း မယ့်ပုံပဲ။

“မုန့်ဖိုးထုတ်မထားမိဘူး၊ ဒါနဲ့ မင်းရော မုန့်မစားဘူးလား”

“ငါလည်း မင်းလိုပဲပေါ့”

သူ အသာအယာ ပြုံးပြီး ကျွန်တော့်ဘေးမှာ ဝင်ထိုင်တယ်။

“မင်းဘယ်နှစ်တန်းလဲ”

ကျွန်တော် သူနဲ့ ပတ်သက်ပြီး သိချင်တာတွေ အများကြီးပဲ။

“မင်းလိုပဲ ရှစ်တန်းပဲလေ”

သူ အပြုံးနဲ့ ပြန်ဖြေတယ်။

သူ့စကားသံဟာ အားမရှိသလိုပဲ အသံက အက်ရှရှနဲ့ ပြီးတော့ တိုးလွန်းလို့ အဝေးကြီးက ပြောနေသလိုပဲ။

သူ စကားပြောတာ ကြားရတာ ကျွန်တော်ဖြင့် အားမရ ထိုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"အတန်းထဲမှာ မင်းကို ငါမတွေ့ပါဘူး"

"ဘယ်တွေ့မလဲ. . . ငါက ကိုယ်ပျောက်ဝိဇ္ဇာပဲလေ. . . ဟဲဟဲ"

သူ ရယ်ကျဲကျဲနဲ့ ပြောတော့ ကျွန်တော်ရယ်လိုက်မိတယ်။ သူ့ကြည့်ရတာ ခင်စရာကောင်းတယ်။ သူရတို့နဲ့ မတူဘူး။

"မင်းဘာလုပ်နေတာလဲ"

"ဂိမ်းနှိပ်နေတာလေ. . . မင်းရော ဆော့မလား"

ကျွန်တော် သူ့ကို ဂိမ်းကမ်းပေးလိုက်တယ်။

သူ ဂိမ်းကို လှမ်းယူပြီး ချက်ချင်းမနှိပ်သေးဘဲ သေချာကြည့်နေတယ်။

"ငါ တစ်ခါမှ မဆော့ဖူးဘူး"

"တကယ်လား. . . အိုကေ. . . ဒါဆိုရင် ဘက်ထရီ မကုန်မချင်း ဆော့ပေတော့"

သူ သဘောကျပြီး တပြုံးပြုံးနဲ့ ဂိမ်းကို စ,နှိပ်တော့တယ်။

ဒါပေမယ့်. . .

ဘာမှမကြာခင်မှာပဲ. . .

"ဟာ"

ခနဲ မျက်လုံးအပြူးသားနဲ့ သူအော်လိုက်တယ်။

"ဘာဖြစ်လို့လဲ"

"ခ. . ခလုတ်ပျက်သွားပြီ"

သူ အံ့သြတကြီး အလန့်တကြားပုံစံနဲ့ ပြောတယ်။

အံ့သြစရာပါပဲ။

ခလုတ်တစ်ခုဟာ လောင်ကျွမ်းသလို ဖြစ်သွားတာ ကျွန်တော်တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုက အကောင်းကြီးမို့ ကျွန်တော်ကိုယ်တိုင် စဉ်းစားရကြပ်သွားခဲ့ရတယ်။

"ဆောရီးကွာ. . . ငါ့ကြောင့် ဖြစ်သွားတာထင်တယ်"

သူ့မျက်နှာပေါ်မှာ ကျွန်တော့်ကို အတော်ကြီး အားနာနေတာ တွေ့လိုက်ရတယ်။

"မဟုတ်ပါဘူး. . . ဒီကောင့်သက်တမ်းက ကြာပြီလေ၊ နောက်ပြီး ဘာမှ မပေးရပါဘူး. . . ပေါပါတယ်"

ကျွန်တော် သူ အားမနာအောင် ပြောပြပေးမိတယ်။

"ငါ ပြန်ပြင်ကြည့်လိုက်ဦးမယ်၊ ဘာမှဖြစ်တာ မဟုတ်ပါဘူး"

"ခလုတ်က ဘာဖြစ်သွားတာလဲ မသိဘူးနော်"

သူ မျက်နှာငယ်လေးနဲ့ ကျွန်တော့်ကို မေးပါတယ်။

ကျွန်တော် ပခုံးတွန့်ပြီး ရယ်မောလိုက်ရင်းက. . .

"လောင်သွားတာလေ. . မင်းလက်တွေက ပါဝါအရမ်းပြင်းနေလို့ဖြစ်မှာပေါ့. . . ဟားဟား"

ကျွန်တော် ရယ်မောပြီး နောက်ပြောင်လိုက်ပေမယ့်. . .

သူ့လက်ချောင်းတွေကို အမှတ်မထင် ပြန်ငုံ့ကြည့်ပြီး မျက်နှာပျက်သွားတာ ကျွန်တော်သတိထားလိုက်မိတယ်။

ကျွန်တော် သူ့ကို တစ်ခုခုပြောဖို့ ပါးစပ်ပြင်လိုက်တဲ့ အချိန်မှာပဲ. . .

"မိုးသောက်. . . မင်းအဖေဆီက ဖုန်းလာနေတယ်တဲ့၊ ဆရာမကြီးက ခေါ်ခိုင်းလိုက်တယ်"

တေဇာ အပြေးလာပြောတယ်။ ရယ်နေမိလျက်တန်းလန်းအနေ ကျွန်တော် မျက်နှာပျက်သွားမိတယ်။

စိတ်ထဲလည်း နောက်ကျိသွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲမှာ အဖေ့ကို မကျေနပ်စိတ်က ခုထိ ဆူဝေနေတုန်းပဲ။

"တေဇာ. . . ငါ့ကို မတွေ့ဘူးလို့ ပြန်ပြောလိုက်ကွာ"

ကျွန်တော် နေရာကနေ ချက်ချင်းထ,ထွက်လာခဲ့တယ်။

ကျွန်တော့်နောက်ကနေ ပြေးလိုက်လာတဲ့ခြေသံ ကြားရတယ်။ လှည့်မကြည့်ဘဲနဲ့ သူလိုက်လာတယ်ဆိုတာ ကျွန်တော်သိလိုက်တယ်။

"မိုးသောက်. . . မင်းဘာဖြစ်လို့ မင်းအဖေနဲ့ ဖုန်းမပြောချင်ရတာလဲ"

ကျွန်တော် ခြေအစုံကို ရပ်လိုက်သည်။

သူ့မျက်နှာကို အသေအချာ စိုက်ကြည့်လိုက်တယ်။

"မင်း ငါနဲ့ ခင်ချင်တယ်ဆိုရင် ငါ့ကိုယ်ရေးကိုယ်တာကို မစပ်စုရင် ကောင်းမယ်"

ကျွန်တော့်လေသံဟာ မာကျောနေမှာ သိတယ်။

ကျွန်တော် ဟန်မဆောင်တတ်ဘူး။

"ဆောရီး. . . ငါစပ်စုချင်လို့ မဟုတ်ပါဘူး"

သူ ကပျာကယာ ငြင်းတယ်။

ဒါပေမယ့် သူ့မျက်နှာ ညှိုးနွမ်းသွားတယ်။

ကျွန်တော့်စကားသံ မာသွားလို့လား။

ဒါမှမဟုတ် သူ့မှာ ဘာအကြောင်းများ ရှိလို့လဲ။

သူ့မျက်နှာပေါ်မှာ အမိပ္ပာယ်တွေ ပြည့်နှက်နေပြီး ကျွန်တော့်ကိုလည်း စကားတွေအများကြီး ပြောချင်နေပုံပဲ။

"မင်းစိတ်မဆိုးနဲ့နော်. . . ငါ တစ်ခုတော့ ပြောချင်တယ်၊ မိသားစုဆိုတာ အတူနေကြတဲ့အချိန်ကလေးပဲ ရင်းနှီးနွေးထွေးခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ၊ ခွဲခွာကြရပြီဆိုရင် စကားတစ်ခွန်းတောင် ပြောခွင့်မရှိတော့ဘူး"

ခွဲခွာကြရပြီဆိုရင်. . .

သူ့စကားဟာ အဓိပ္ပာယ်ရှိနေတယ်။

ကျွန်တော် ငြိမ်သက်နေမိတယ်။

သူဟာ ကျွန်တော်နဲ့ အသက်အရွယ်ချင်း မတိမ်းမယိမ်းဆိုပေမယ့် ကျွန်တော့်ထက် အများကြီး ပိုပြီးရင့်ကျက်နေသလိုပဲ။

"မင်းမှာ မိသားစု ရှိလား"

ကျွန်တော် ရိုင်းပျသွားမလား မသိပေမယ့် သိချင်လွန်းလို့ သူ့ကို ရုတ်တရက် မေးလိုက်မိတယ်။

သူ့မျက်နှာ အရမ်းညှိုးငယ်သွားတယ်။

သူ့မျက်လုံးအိမ်ထဲမှာ မျက်ရည်ကြည်ဥတွေ ရစ်ဝဲလာတယ်။

"ငါငယ်ငယ်လေးကတည်းက ငါ့မေမေ ဆုံးသွားတာတဲ့"

"ဟင်. . ."

ကျွန်တော် အံ့လည်းအံ့သြ၊ သူ့ကို အရမ်းလည်း သနားသွားမိတယ်။

"ပြီးတော့ ငါ့ဖေဖေက. . ."

သူ့အသံတွေ တုန်ယင်ပြီး ချက်ချင်းစကားမဆက်ဘူး။

ခဏကြာတော့မှ. . .

"ငါ့ဖေဖေက အဝေးကြီးမှာ"

ကျွန်တော် မျက်ရည်တွေ ရစ်ဝဲနေတဲ့ သူ့ကို ကြည့်ပြီး ငေးထိုင်နေခဲ့လာမိတယ်။

ဘယ်လောက်တ် သနားစရာကောင်းလိုက်တဲ့သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ မေမေ မရှိတော့ပေမယ့် အနားမှာ ဖေဖေ ရှိသေးတယ်။ ပြီးတော့ ဒေါ်လေးကလည်း ကျွန်တော်တို့ညီအစ်ကို အပေါ် အရမ်းကောင်းတယ်။

ဖေဖေနဲ့ဒေါ်လေး လက်ထပ်လိုက်တဲ့အတွက်. . .

ကျွန်တော့်ကို ဘော်ဒါပို့တဲ့အတွက်. . .

ဖေဖေ့ကို ကျွန်တော် လုံးဝမကျေနပ်ပေမယ့် ကျွန်တော့် ဘဝဟာ သူ့လောက်တော့ အထီးကျန်ဆန်မယ် မထင်ဘူး။

ကျွန်တော် ရင်ထဲ ဆို့နင့်ပြီး တိတ်ဆိတ်နေမိတဲ့အချိန်မှာ သူက တုန်အက်နေတဲ့အသံနဲ့ တိုးညင်းစွာ စကားကိုဆက်တယ်။

"အဲ. . . အခုတော့ ငါဟာ တစ်ယောက်တည်းပဲ"

အမှတ်မထင်ဘဲ. . .

ကျွန်တော့်ပါးပြင်ဟာ နွေးခနဲဖြစ်သွားခဲ့တယ်။

ကျွန်တော် ဘယ်အချိန်ကများ မျက်ရည်ကျမိပါလိမ့်။

သူဆက်ပြောတဲ့စကားကြောင့် ကျွန်တော်ဟာ အရမ်းကို မှင်တက်မိပြီး ကျွန်တော့်ခံစားချက်တွေဟာလည်း ပြောင်းလဲသွားရ တော့မလို ဖြစ်သွားခဲ့ရတယ်။

"ဒါပေမယ့် ဒီဘော်ဒါဆောင်မှာ ငါနေခွင့်ရတဲ့အတွက် ငါသိပ်ပျော်တယ်၊ ဘော်ဒါဆောင်ဟာ ငါ့အိမ်ပဲ၊ ငါဟာ အထီးကျန် တယ်လို့ တစ်ခါမှ မခံစားခဲ့ရဘူး"

သူဟာ ဘယ်လောက်များ နေတတ်လိုက်တဲ့သူလဲ။

ဒီဘော်ဒါဆောင်ရဲ့တင်းကြပ်တဲ့စည်းကမ်းတွေဟာ သူ့ကို စိတ်မပျက်စေဘူးလား။

ကျွန်တော်ကရော. . .

ကျွန်တော်ကတော့ မိသားစုကိုလဲ မခင်တွယ်၊ ဘော်ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှာလည်း မပျော်တဲ့ လူကန့်လန့်အမျိုးကိုများလား။

"မင်းလည်း နောက်တော့ ဘော်ဒါမှာ ပျော်သွားမှာပါ မိုး သောက်ရယ်"

ကျွန်တော်ဟာ သူ့ကို အခုမှ တွေ့ဆုံရင်းနှီးရပေမယ့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေလို စိတ်ထဲ အရမ်းခင်သွားမိ တယ်။

ဒါပေမယ့်. . . သူ့နာမည်ကို ခုထိ ကျွန်တော်မသိရသေးတဲ့ အတွက်. . .

"မင်းနာမည် ဘယ်သူလဲ၊ ခုထိ ငါမသိသေးဘူး"

ကျွန်တော် သူ့နာမည်ကို မေးလိုက်တော့ ညှိုးနွမ်းနေရာက နေ သူပြုံးလိုက်ပြီး. . .

နောက်တောက်တောက်ပုံစံနဲ့ ကော်လံနှစ်စကို လက်နဲ့ ထောင်ပြီး ပြန်ပြောတယ်။

"ငါ့နာမည်သိချင်လား. . . ငါ့နာမည်က ကိုယ်ပျောက်ဝိဇ္ဇာ စောရန်နောင်လေ. . ဟဲဟဲ. . မှတ်ထားနော်"

သူ့ပြောပုံကြောင့် ကျွန်တော်လည်း ရယ်လိုက်မိတယ်။

စောရန်နောင်ဆိုတဲ့ မိသားစု မစုံလင်တဲ့. . .

ဒါပေမယ့် နူးညံ့ပြီး စိတ်ကောင်းရှိတဲ့ ကျောင်းသားတစ် ယောက်ကို ကျွန်တော် အရမ်းခင်မင်သွားမိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com






ညစာကျက်ချိန်ပြီးတဲ့နောက်မှာ ကျွန်တော်တို့အားလုံး ဘုရားရှိခိုးခန်းထဲမှာ ဘုရားရှိခိုးကြရပါတယ်။

ပြီးတော့မှ အိပ်ဆောင်ဝင်ကြရပါတယ်။

အိပ်ဆောင်ဝင်တဲ့အခါမှာ ကျွန်တော့်ခုတင်အောက်က ဆီးအိုးကို တွေ့လိုက်ရတဲ့အခါ ကျွန်တော့်မျက်နှာတစ်ပြင်လုံး ရှိန်းခနဲ ထူပူသွားခဲ့ပါတယ်။

ဒါ ဘယ်သူလာထားသွားတာလဲ။

“ဟာ. . . မိုးသောက်ခုတင်အောက်မှာ ဆီးအိုးနဲ့ပါလား၊ ဒီကောင် အိမ်သာမှာ ရှူးသွားမပေါက်ရဲတာ သိလို့ ထားပေးထားတာ

www.burmeseclassic.com



ဖြစ်မယ်"

သူရရဲ့အသံကျယ်ကြီးကြောင့် ကျွန်တော့်ခုတင်အောက်က ဆီးအိုးကို တစ်ခန်းလုံးက လာဝိုင်းကြည့်ကြပြီး တဟားဟားနဲ့ လှောင်ရယ်,ရယ်ကြပါလေတော့တယ်။

ကျွန်တော်ရှက်လွန်းလို့ မျက်နှာကို ဘယ်မှာ သွားထားရမှန်းတောင် မသိတော့ဘူး။

"မိုးသောက်. . မင်း သရဲကြောက်တတ်မှန်းသိလို့ ဆရာမကြီးက စေတနာနဲ့ စီစဉ်ပေးထားတာ ဖြစ်ရမယ်"

ဇော်လေးက လူကြီးလေသံနဲ့ ဝင်ပြောတယ်။

"ဆရာမကြီးက ဒီကောင့်ရှူးနံ့ကို မခံနိုင်လို့ ဖြစ်ရမယ်"

"ငါပြောသားပဲ. . . ရေချိုးတော့ ဆပ်ပြာသေသေချာချာ တိုက်ပါဆို"

ရယ်သံတွေက တအုန်းအုန်းပဲ။

ဝိုင်းအလှောင်ခံနေရတာကို ကျွန်တော် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ထွက်နဲ့ ဆီးအိုးကို ဆတ်ခနဲယူပြီး ထွက်လာခဲ့မိတယ်။

"ဟေ့ကောင် မိုးသောက်. . . ဘယ်လဲကွ"

သူရရဲ့ညစ်ကျယ်ကျယ် လှမ်းအော်လိုက်သံက ကျွန်တော့်နောက်ကျောမှာ ကပ်ပါလာခဲ့တယ်။

ကော်ရစ်ဒါရောက်တော့ ကျွန်တော့်ဆီးအိုးကို ဆောင့်ကန်ပစ်လိုက်တယ်။

"ခွမ်း"

ခနဲ မြည်သံကျယ်ကြီးနဲ့အတူ ရယ်သံတွေ တိတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆီးအိုးကို ဒေါသတကြီး ကန်ထုတ်ပစ်လိုက်ပြီးမှ ကျွန်တော် ရုတ်တရက် ရှူးပေါက်ချင်လာခဲ့မိတယ်။

စိတ်မသက်မသာနဲ့ ကျွန်တော် အိမ်သာဘက် ခြေဦးလှည့်ခဲ့ရတော့တယ်။

တေဇာဖြစ်ဖြစ် ဇော်လေးကိုဖြစ်ဖြစ် အဖော်ခေါ်မလား စိတ်ကူးမိသေးပေမယ့်. . .

ကြောက်လို့ ထပ်ပြီးအလျှော့မခံချင်တာနဲ့ အရဲစွန့်ပြီး တစ်ယောက်တည်းပဲ သွားဖို့ ဆုံးဖြတ်လိုက်တော့တယ်။

ဒါပေမယ့် ကျွန်တော်ဆုံးဖြတ်တာ သိပ်မှားသွားမှန်း အိမ်သာထဲရောက်မှ သိလိုက်ရတယ်။

ရှူးပေါက်ပြီးလို့ ပြန်ထွက်ဖို့အလုပ်မှာ အိမ်သာတံခါးဟာ ဖွင့်လို့မရတော့ဘူး။

ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားမိတယ်။

တံခါးကို အတင်းတွန်းဖွင့်ပေမယ့် ဘယ်လိုမှ ဖွင့်လို့မရဘူး။

ဘုရား. . . ဘုရား။

တံခါးကို အပြင်ကနေ ဘယ်သူချက်ထိုးသွားတာလဲ။

မီးသီးမှိန်မှိန်လေးရဲ့အလင်းရောင်သာရှိတဲ့ အိမ်သာအခန်း ကျဉ်းကလေးထဲမှာ ကျွန်တော်တစ်ယောက်တည်း။

ကျွန်တော် ကြောက်လွန်းလို့ တဆတ်ဆတ် တုန်နေမိတယ်။

ချွေးစေးတွေနဲ့ တစ်ကိုယ်လုံး ရွဲနစ်လာတယ်။

အဲဒီအချိန်မှာပဲ. . .

"ဝူး"

ခနဲ ချွေးတစ်အုပ် အူလိုက်သံက ဆွဲငင်ကျယ်လောင်စွာ လွင့်ပျံ့လာခဲ့တော့. . .

www.burmeseclassic.com



ကျွန်တော့်တစ်ကိုယ်လုံးမှာ ထိန်းချုပ်လို့မရအောင်. . . ကြောက်စိတ်တွေ ပြည့်နှက်ဆူဝေလာတယ်။

ကျွန်တော် ဒူးတွေ တဆတ်ဆတ် တုန်ယင်နေတဲ့ကြားက အားတင်း မတ်တတ်ရပ်ပြီး တံခါးကို အားကုန်လှုပ်ရင်း. . .

"တံခါးဖွင့်ပေးပါ. . . တံခါးဖွင့်ပေးကြပါ၊ ဒီမှာ ကျွန်တော် အိမ်သာထဲမှာ ပိတ်မိနေလို့ပါ"

ကျွန်တော် အိမ်သာတံခါးကို တဝုန်းဝုန်း တွန်းလှုပ်ရင်းက အသံအကျယ်ကြီးနဲ့ အော်ဟစ်နေမိတယ်။

ကျွန်တော့်အသံဟာ ကျယ်လောင်သလောက် ငိုသံပါပြီး တုန်ယင်အက်ကွဲနေတယ်။

"တံခါးဖွင့်ပေးကြပါ. . . အပြင်မှာ ဘယ်သူရှိလဲ၊ ကျွန်တော့်ကို တံခါးဖွင့်ပေးကြပါ"

ကျွန်တော် အသံနက်ကြီးနဲ့ အော်ဟစ်ရင်းက အနောက်ကို တုန်လှုပ်ချောက်ချားစွာ လှည့်ကြည့်မိတယ်။

ကျွန်တော့်ကျောပြင်ဟာ ကြက်သီးတွေ တစိမ့်စိမ့် ထ,နေတယ်။

မကောင်းဆိုးဝါးတစ်ကောင်ကောင် ကျွန်တော့်နောက်ကျောမှာ ရှိနေသလို ကျွန်တော်ချောက်ချားနေမိတယ်။

"တံခါးဖွင့်ပေးကြပါ၊ ကျွန်တော့်ကို တံခါး. . ."

တုန်ယင်အက်ကွဲတဲ့ အသံနက်ကြီးနဲ့ အော်ဟစ်ရင်းကနေ ကျွန်တော် ဖျတ်ခနဲ စောရန်နောင်ကို သတိရလိုက်တယ်။

ကျွန်တော်ဟာ ချက်ချင်းပဲ. . . .

"စော. . . စောရန်နောင်၊ ငါ. . . ငါ အိမ်သာထဲမှာပိတ်မိနေတယ်၊ ငါ့ကို တံခါးလာဖွင့်ပေးပါ စောရန်နောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ နောက်ဆုံးမျှော်လင့်ချက်ကလေးနဲ့ စောရန်နောင်ကို အားကိုးတကြီး အကူအညီတောင်းလိုက်မိတယ်။

ဒီဘော်ဒါဆောင်တစ်ခုလုံးမှာ စောရန်နောင်ဟာ စိတ်ကောင်းအရှိဆုံး ကျောင်းသားတစ်ယောက်လို့ ကျွန်တော် ယုံကြည်တယ်လေ။

ကျွန်တော် ခုလိုဒုက္ခရောက်နေတာကိုသိရင် သူ ဘယ်နည်းနဲ့မှ လစ်လျူရှုထားမှာ မဟုတ်တာ သေချာပါတယ်။

"စောရန်နောင်. . . ငါ့ကို တံခါးဖွင့်ပေးပါ"

ကျွန်တော် နောက်တစ်ကြိမ် ထပ်ပြီး အော်ခေါ်လိုက်မိတယ်။

ကြောက်လွန်းလို့ ကျွန်တော့်မျက်လုံးတွေဟာ ပြာဝေလာခဲ့ပါပြီ။

ဒါပေမယ့်. . .

မကြာခင်မှာပဲ အိမ်သာတံခါးဟာ ဖြည်းဖြည်းချင်း ပွင့်သွားခဲ့တယ်။

ကျွန်တော်ဟာ ဝမ်းသာလွန်းလို့ တစ်ကိုယ်လုံး လေထဲလွင့်တက်သွားရသလိုပဲ။

ကျွန်တော့်ကို တံခါးလာဖွင့်ပေးတဲ့သူကို(ကျွန်တော့်စိတ်ထင် စောရန်နောင်)ကျေးဇူးတင်စကားပြောဖို့ ကြည့်လိုက်တော့ အိမ်သာအပြင်မှာ ဘယ်သူမှ ရှိမနေခဲ့ဘူး။

သေချာပါတယ်။

ကျွန်တော့်ကို တံခါးလာဖွင့်ပေးတာ စောရန်နောင်ပဲဖြစ်မှာပါ။

ကျွန်တော့်ကို စ,ချင်လို့ ပုန်းနေတာများလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရှာဖွေဖို့ ကျွန်တော်မကြိုးစားမိတော့ဘဲ အိပ်ဆောင်ကိုသာ အမြန်ပြေးဝင်ခဲ့မိတယ်။

အိပ်ဆောင်ထဲ ကျွန်တော်ပြန်ရောက်တော့ အားလုံးဟာ အိပ်ချင်ယောင်ဆောင်နေကြတယ်။

သူရနဲ့တေဇာဆီက ကြိတ်ရယ်လိုက်သံကို ကျွန်တော် သဲ့သဲ့ကြားလိုက်တယ်။

သေချာတယ်။

ကျွန်တော့ကို အပြင်ကနေ တံခါးချက်ပိတ်သွားတာ သူရပဲ ဖြစ်မယ်။

ကျွန်တော်ဟာ ခုတင်ပေါ် အမြန်တက်ပြီး စောင်ကို ခေါင်းမြီးလုံအောင်ခြုံထားလိုက်ရင်းက ဒီကိစ္စကို မနက်ဖြန်မနက်ကျရင် ဆရာမကြီးနဲ့ တိုင်ဖို့ တေးထားလိုက်တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့မနက်မှာတော့ ကျွန်တော်ဟာ ရေချိုးခန်းကို လူရှင်းလောက်ချိန်ကျမှ မှန်းပြီး ဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ အကြံတစ်ခု ရှိလို့ပါ။

ညက ကျွန်တော် အိမ်သာထဲမှာ ပိတ်မိခဲ့ရတဲ့အကြောင်းကို တိုင်ဖို့အတွက် ရေချိုးခန်းထဲ မဝင်ခင် ဆရာမကြီးရဲ့ရုံးခန်းထဲကို အပြင်ကနေ လှမ်းချောင်းမိပါတယ်။

"ဟိုစဉ်အချိန်တွေ တမ်းတမက်မောပြန်လိုချင်နေတယ် ခုဇော
ဒီကမ္ဘာမြေကို နောက်သို့ လှည့်ခိုင်းပြီး
အရာရာ အစက ပြန်စလို့ရချင်
အရင်လို မျှော်လင့်ချက်နဲ့
ရှင်သန်အားမွေးလိုက်ချင်
ဒီလိုမျိုး အဆုံးသတ်မှုကိုလည်း
ထိုပြီးတော့ မသိချင်..."



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတဲ့ သီချင်းသံတိုးတိုးကြောင့် ကျွန်တော်ဟာ ကိုယ်ရှိန်သတ်သွားမိတယ်။

ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်းရဲ့ ဘယ်တော့မှမမေ့ဘူး သီချင်း။ ကျွန်တော် အရမ်းကို နှစ်သက်တဲ့သီချင်း။

ရုံးခန်းနားကို ခြေသံမကြားရအောင် ဖွနင်းကပ်ပြီး အထဲကို ကျွန်တော်ချောင်းကြည့်လိုက်မိတယ်။

စားပွဲရှေ့မှာ ငူငူကြီး ထိုင်ပြီး မျက်ရည်တွေတွေကျနေတဲ့ ဆရာမကြီးကို တွေ့လိုက်ရတော့ ကျွန်တော်ဟာ အရမ်းကို အံ့သြ သွားရတယ်။

ဒီသီချင်းဟာ ဆရာမကြီးရဲ့ ခံစားချက်တစ်စုံတစ်ရာနဲ့ တိုက် ဆိုင်နေလို့များလား။

ဆရာမကြီးရဲ့မျက်နှာပြင်ပေါ်မှာ အရမ်းကို နင့်နင့်သီးသီး ကြေကွဲနေတဲ့ အရိပ်အယောင်တွေကို မြင်နေရတယ်။

ကျွန်တော်ဟာ အံ့အားသင့်စွာ ဆရာမကြီးကို ချောင်းကြည့် နေမိဆဲမှာပဲ. . .

တံခါးကို အမှတ်မထင် အရှိန်လွန် မှီလိုက်မိပြီး. . .

"ကျွီ"

ခနဲ အသံထွက်သွားတယ်။

ကျွန်တော်လည်း လန့်ပြီး နံရံထောင့်ချိုးပြီး အမြန်ပြေးသွား ပြီး ပုန်းလိုက်တယ်။

ထင်တဲ့အတိုင်းပဲ။

ဆရာမကြီးဟာ မျက်ရည်တွေနဲ့ ရုံးခန်းအပြင်ကို ထွက်ပြီး ကြည့်ပါတယ်။

ကျွန်တော် ပုန်းနေရာကနေ ဆရာမကြီး တွေ့သွားမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတလေးမှ မလှုပ်ရဲဘူး။

ဆရာမကြီးဆီက. . .

"သားရယ်"

ဆိုတဲ့ မချိတင်ကဲသံ ခပ်တိုးတိုး ကြားလိုက်ရတော့ ကျွန်တော်ဟာ ပိုပြီးအံ့အားသင့်သွားရတယ်။

တင်းမာခက်ထန်လွန်းလှတယ်လို့ ကျွန်တော်တို့ သိထားတဲ့ ဆရာမကြီးရဲ့အသံဟာ အခုတော့လည်း ယူကျုံးမရတဲ့ ကရုဏာသံ အပြည့်အဝမို့ ကျွန်တော်ဖြင့် ဘာကိုမှ နားမလည်နိုင်အောင်ပါပဲ။

ဆရာမကြီးဟာ အပြင်ကို ဟိုသည်ဝေ့ဝဲရှာပြီး ဘယ်သူ့မှ မတွေ့ရတဲ့အခါမှာတော့. . .

"ကလေးရယ်. . ."

လို့ တီးတိုးရေရွတ်မြည်တမ်းပြီး ရုံးခန်းထဲကို ဖြည်းလေးစွာ ပြန်ဝင်သွားပါတော့တယ်။

ဆရာမကြီးဟာ ကျွန်တော် အရှိန်လွန် မှီရပ်မိလို့ တံခါးက အသံမြည်သွားခဲ့တာကို ဘယ်လိုများ ထင်သွားခဲ့လို့ပါလိမ့်။

ဆရာမကြီး ရုံးခန်းထဲ ပြန်ဝင်သွားတာ တွေ့လိုက်ရတော့မှ ကျွန်တော်လည်း ပုန်းနေရာက အမြန်ပြန်ထွက်ပြီး ရေချိုးခန်းထဲ ခပ်သွက်သွက် ဝင်လိုက်မိတယ်။

မနေ့ညကကိစ္စကို နောက်ကြုံတော့မှပဲ ဆရာမကြီးကို ပြောပါတော့မယ်လေ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ မမေ့ဘူး၊ ဘယ်တော့မှ မမေ့ဘူး"

ကြားလိုက်ရတဲ့သီချင်းသံကြောင့် ရေတွေ တဗွမ်းဗွမ်း ချိုးနေမိရာကနေ ကျွန်တော်လှည့်ကြည့်လိုက်မိတယ်။

ကျွန်တော့်သူငယ်ချင်းကြီး စောရန်နောင်။

သူ့ကို တွေ့လိုက်ရတော့ ကျွန်တော် အရမ်းကို ဝမ်းသာသွားမိတယ်။

မနေ့ညက ကိစ္စအတွက် သူ့ကို ကျွန်တော် ကျေးဇူးတင်စကား မပြောရသေးဘူးလေ။

လောလောဆယ်မှာတော့ သူ့ကို ကျေးဇူးတင်စကားပြောဖို့ ထက်. . .

သူဆိုလာတဲ့သီချင်းက ကျွန်တော့်အတွက် ပိုအရေးကြီးနေတယ်။

"ရန်နောင်. . မင်း ရုံးခန်းရှေ့က ဖြတ်လာတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ ဆိုလက်စသီချင်းကို ရပ်လိုက်တယ်။

"ငါလည်း ခုပဲ ရုံးခန်းရှေ့က ဖြတ်ခဲ့တာ၊ ဒါနဲ့ မင်း ရုံးခန်းထဲမှာ ဆရာမကြီး ငိုနေတာ တွေ့ခဲ့သေးလား"

ကျွန်တော့်စကားကြောင့် သူ့မျက်နှာဟာ ငြိမ်ကျသွားခဲ့တယ်။

ဒီကိစ္စဟာ သူ မသိသေးတဲ့အကြောင်းအရာဖြစ်ရမယ်။

ကျွန်တော် အဲ့ဒီအကြောင်း သူ့ကို အရမ်းဖောက်သည်ချချင်လာပြီး. . .

"သိလား ရန်နောင်၊ ဆရာမကြီးလေ. . . အဲ့ဒီကျော်ဟိန်းသီချင်း ဖွင့်နားထောင်ပြီး ရုံးခန်းထဲမှာ တစ်ယောက်တည်း ငိုနေတာ ငါတွေ့ခဲ့တယ်"

ရန်နောင် ကျွန်တော့်စကားကို အသေအချာ နားထောင်နေတာ တွေ့လိုက်ရတော့ ကျွန်တော်ပြောရတာ ပိုပြီးအားတက်သွားတယ်။

"ပြီးတော့ သားရယ် ကလေးရယ်လို့ တိုးတိုးကလေး ပြောလိုက်သေးတယ်၊ ငါ သေချာကြားခဲ့ရတာ"

ကျွန်တော့်စကားဆုံးတော့ နားစိုက်ထောင်နေရာကနေ ရန်နောင်ဟာ ပြုံးတယ်။

"မိုးသောက်. . . ဧကန္တ မင်းတော့ သရဲဇာတ်လမ်းတွေ နားထောင်ပြီး စိတ်ကူးတွေ ယဉ်နေပြီထင်တယ်"

"ရန်နောင်. . . မင်း ငါ့စကားကို မယုံဘူးပေါ့ ဟုတ်လား"

ကျွန်တော် ရန်နောင့်ကို စိတ်တိုသွားရတယ်။

သူ ကပျာကယာ လက်ကာပြပြီး ကျွန်တော့်ကို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဆောရီး. . . ငါက နောက်တာပါ။ ဟို. . ပြီးတော့လေ ငါ သူများအကြောင်း သိပ်စိတ်မဝင်စားတတ်ဘူး၊ ကဲပါ. . . ရေမြန်မြန် ချိုး၊ မင်း မနက်စာ မစားရသေးဘူး မဟုတ်လား"

ရန်နောင်က ကျွန်တော်စိတ်ဆိုးသွားမှာ စိုးရိမ်တဲ့ပုံစံမျိုးနဲ့ စကားလွှဲတယ်။

သူ စိတ်မဝင်စားတော့လည်း ဘာတတ်နိုင်မှာလဲ။

ကျွန်တော် ဆရာမကြီးအကြောင်း ဆက်ပြောဖို့ စိတ်မကူး တော့ဘဲ. . .

"နေဦး. . . မင်းကို ငါ ညကကိစ္စ ကျေးဇူးအရမ်းတင်တယ် သိလား ရန်နောင်"

ကျွန်တော် ရုတ်တရက်ကြီး သူ့ကို ကျေးဇူးတင်စကား ဆိုမိ တော့ ရန်နောင် အံ့အားတသင့် ဖြစ်သွားတဲ့ပုံစံမျိုးနဲ့ မျက်ခုံးပင့်ပြ တယ်။

"ညက ကိစ္စဟုတ်လား၊ ဘာကိစ္စကို မင်းပြောနေတာလဲ ဗိုသောက်"

"ဟား. . . ညက မင်း ငါ့ကို အိမ်သာတံခါးချက် လာဖွင့်ပေး တာကို ပြောနေတာလေ"

"ဘာ. . . အိမ်သာတံခါးချက်၊ အာ. . . ငါမဟုတ်ဘူး ငါ ညက အစောကြီး အိပ်ပျော်သွားတာ၊ မင်းဘာတွေဖြစ်လဲ ငါသိတောင် မသိဘူး၊ အခုမှပဲ မင်းပြောမှ သိရတာ"

ပထမတော့ ရန်နောင် ကျွန်တော့်ကို အကြောင်ရိုက်နေ တယ် ထင်ပေမယ့် နောက်တော့ သူပြောနေတာ တကယ်ပဲ ဘာမှ မသိတဲ့ပုံစံမျိုးမို့ ကျွန်တော်ယုံကြည်လိုက်မိတယ်။

www.burmeseclassic.com



ကျွန်တော် ညက အိမ်သာထဲမှာ ပိတ်မိနေခဲ့တဲ့အကြောင်းတို သူ့ကို ပြန်ပြောပြမိပြီး. . .

"ငါက မင်းလာဖွင့်ပေးခဲ့တယ်လို့ပဲ ထင်နေတာ၊ ဒါဆို ဘယ်သူလဲ မသိဘူး၊ ငါ အပြင်လည်း ရောက်တော့ ဘယ်သူ့မှ မတွေ့ရဘူး"

"ပုန်းနေတာ ဖြစ်မှာပေါ့"

"အင်း. . . အဲ့လိုပဲ ဖြစ်မှာပေါ့၊ ငါတော့ အဲ့ဒီကိစ္စ ဦးနှောက်စားသွားပြီ"

"ကဲ. . . ဦးနှောက် နှောက်မှုစား၊ ရေမြန်မြန်ချိုးပြီး မနက်စာ အရင်သွားစားတော့၊ တော်ကြာ အိုးဆေးနေရမယ်"

သူ ကျွန်တော့်ကို အတင်းတွန်းလွှတ်တယ်။

အဲဒီတော့မှ ကျွန်တော်လည်း စကားပြတ်ပြီး ရေချိုးတာလည်း လက်စသတ်မိတော့တယ်။

ကျွန်တော့်စိတ်ထဲမှာတော့ ပဟေဠိပုစ္ဆာတွေက အများကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

ကျွန်တော်ဟာ တစ်စထက်တစ်စ စောရန်နောင်နဲ့ ပိုပြီးတွဲဖြစ်ခဲ့ပါတယ်။ သူဟာ စိတ်ကောင်းရှိသလို အေးအေးလေးနဲ့ အေးတတ်သူတစ်ယောက်ဆိုတာ ရင်းနှီးလေလေ ကျွန်တော်ပိုသိလာ ရလေပါပဲ။

ရန်နောင်ဟာ ကျွန်တော့်ထက်ပိုပြီး ဒီဘော်ဒါဆောင်အ ကြောင်း နောကျေသူမို့ ကျွန်တော့်ကို အတတ်ကောင်းတွေ သင်ပေး ခဲ့သူလည်း ဖြစ်ပါတယ်။

တစ်နေ့ ကျောင်းဆင်းချိန်မှာ သူဟာ လမ်းမှာ ကျွန်တော့်ကို စောင့်နေခဲ့ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မိုးသောက် မင်းအဆောင်ပြန်တော့မှာလား"

"အင်း. . . ပြန်မှာပေါ့"

"ငါတို့ကျောင်းနောက်ဘက်က ဘဲငန်းခြံထဲ မင်းရောက်ဖူးလား"

"ဘဲငန်းခြံ. . . ဟင့်အင်း. . . ရှိမှန်းတောင် ငါမသိဘူး"

"ငါတို့ အဲဒီသွားရအောင်၊ ပျော်စရာကောင်းတယ်"

သူ နှစ်ခါတောင် ဆွယ်စရာမလိုပါဘူး။

ယောကျ်ားလေးသဘာဝ ကျွန်တော့်ခြေလှမ်းတွေက သူဦးဆောင်ရာနောက် လိုက်ပြီး ဖြစ်နေပါတယ်။

ကျွန်တော်တို့ကျောင်းနောက်က ဘဲငန်းခြံဆီ ခိုးထွက်ခဲ့ကြတယ်။ သူပြောသလိုပဲ. . . ခြံခတ်ထားတဲ့ ဘဲငန်းကြီးတွေကို တွေ့လိုက်ရတော့ ကျွန်တော် အရမ်းပျော်သွားတယ်။

ဘဲငန်းတွေ အော်သလို ကျွန်တော်တို့ လိုက်အော်ကြတယ်။

ကျွန်တော်တို့ လိုက်အော်လေ ဘဲငန်းတွေက ကျွန်တော်တို့ရှိရာဆီ ရောက်လာပြီး ပိုအော်လေနဲ့ ဆူညံပွက်လောရိုက်ပြီး အတော်ပျော်ဖို့ကောင်းပါတယ်။

"ဘဲငန်းတွေက အတော်စွာမယ့်ပုံပဲနော်"

"အေး. . . သိပ်စ,လို့ကောင်းတာ"

ရန်နောင်နဲ့ကျွန်တော် ဘဲငန်းတွေကို မခံချင်အောင် လိုက်အော်ပြီး စ,ကြတယ်။

နောက်တော့ ရန်နောင်ဟာ တစ်ဆင့်ပိုကဲလာပါတယ်။

"မိုးသောက်. . . ငါတို့ ဘဲငန်းဥတွေကို ခိုးရအောင်"

"အာ. . . ခြံထဲ ဘယ်ဝင်လို့ဖြစ်မှာလဲ၊ လိုက်ခတ်မှာပေါ့"

ကျွန်တော် ကြောက်ကြောက်နဲ့ ပြန်ပြောမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘဲငန်းကြီးတွေရဲ့နှုတ်သီးတွေက ကြောက်စရာကြီး။ အဆိတ်ခံလိုက်ရရင် ဘယ်နည်းနဲ့မှ သက်သာမှာ မဟုတ်ဘူး။

"ငန်းတွေက သူတို့ရဲ့ဥတွေကို လုံးဝအထိခံတာ မဟုတ်ဘူး။ ဝိုင်းပြီးကာကွယ်တတ်တယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ကွ"

"ဘာလဲ. . ."

"သူတို့ကို အာရုံပြောင်းအောင် လုပ်ရမှာပေါ့။ မင်းက ငန်းတစ်ကောင်ကို ဖမ်းပြီးထွက်ပြေးလေ၊ အဲ့ဒါဆို မင်းနောက်ကို တခြားကောင်တွေ လိုက်လိမ့်မယ်။ အဲ့ဒီအချိန်မှာ ငါက ငန်းဥတွေကို ကောက်မှာပေါ့. . . ဘယ့်နှယ့်လဲ"

ရန်နောင်နဲ့ ကျွန်တော် ဖြောင်းခနဲမြည်အောင် လက်ဝါးချင်း ရိုက်လိုက်ကြပြီး ဘဲခြံထဲကို ခဲရာခဲဆစ် ကျော်ဝင်လိုက်ကြတယ်။

ဘဲငန်းတွေက ကမ္ဘာပျက်သလို အော်ဟစ်ပြီး ဆူညံပွက်လောရိုက်သွားတော့တယ်။

ကျွန်တော်ဟာ ရင်တွေ တဒိတ်ဒိတ် ခုန်ပြီး အနီးဆုံး ဘဲငန်းတစ်ကောင်ကို ဖမ်းချီလိုက်တယ်။

ငန်းတွေက ဝိုင်းအော်ပြီး ကျွန်တော့်ကို ဝိုင်းလိုက်ကြပါလေရော။

"ရန်နောင် မြန်မြန်ကောက်၊ ဥတွေ မြန်မြန်ကောက်"

"အေးပါ. . . မင်းလည်း လွတ်အောင်ပြေးနော်"

ရန်နောင်ဟာ ကျွန်တော့်ကို စိတ်ပူပင်စွာ လှမ်းအော်တယ်။ ကျွန်တော် ငန်းတစ်ကောင်ကို ချီပြီး ခြံထဲ လှည့်ပတ်ပြေးပေမယ့် မလွတ်ပါဘူး။

ကျွန်တော့်ခြေသလုံးနှစ်ဖက်ရော တင်ပါးတွေရော ဘဲငန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဝိုင်းဆိတ်ကြတာ ထူပူနေတာပါပဲ။

နာလွန်းလို့ ကျွန်တော် တအားအား အော်နေမိတယ်။

ခြံထဲ လှည့်ပတ်ပြေးရင်းက ရန်နောင့်ကို စိတ်ပူပြီး လှည့်ကြည့်လိုက်မိတော့ ကျွန်တော်အရမ်းအံ့သြသွားရတယ်။

ရန်နောင်ဟာ ဘဲငန်းဉတွေကို အေးအေးဆေးဆေးပဲ ကောက်နေတယ်။ သူ့ရှေ့မှာ ငန်းနှစ်ကောင် ရှိပေမယ့် ရန်နောင့်ကို လုံးဝရန်မရှာရဲဘဲ တုတ်တုတ်မလှုပ်ဘဲ ငြိမ်သက်နေတယ်။

အဲ့ဒီငန်းနှစ်ကောင်ကြည့်ရတာ ရန်နောင့်ကို ကြောက်နေတဲ့ပုံပဲ။

ကျွန်တော့်ကိုတော့ ဝိုင်းဆိတ်ပြီး ရန်နောင့်ကိုကျတော့ ဘဲတွေဟာ ဘာလို့ မဆိတ်ရဲဘဲ ကြောက်ကြတာပါလိမ့်။

ကျွန်တော် စဉ်းစားမရအောင် ဖြစ်နေတဲ့အချိန်မှာပဲ. . .

ရန်နောင်ဟာ လက်ထဲက ငန်းဉတွေကို ပြန်ချပြီး. . .

"မိုးသောက်ရေ. . . သွားကြရအောင်ကွာ၊ သနားပါတယ်"

ဒီကောင်ဘာဖြစ်လို့ စိတ်ပြောင်းသွားရပြန်တာလဲ။

ကျွန်တော်စဉ်းစားမရနိုင်ရင်း စဉ်းစားမရနိုင်ဆဲ ဖြစ်နေရချိန်မှာ ရန်နောင်ဟာ ခြံထဲကနေ ကျွမ်းကျင်လှစွာ ကျော်ထွက်သွားခဲ့တယ်။

"ဟေ့ကောင် မိုးသောက်၊ လာ. . . မင်းလက်ထဲက ဘဲကို ချထားခဲ့တော့၊ မင်းမြန်မြန်ထွက်"

သူ့စကားအတိုင်း လက်ထဲက ဘဲငန်းကို မြေပြင်ပေါ် ပြန်ချပြီး ခြံပြင်ကို ကျော်ထွက်ခဲ့တယ်။

"ရန်နောင်ရာ. . . မင်း ငကြောင်ပဲ၊ မင်းပဲ ငန်းဉတွေကို ခိုးမယ်ဆိုပြီးတော့ ဘာလို့ ပြန်ချခဲ့ရတာလဲ၊ ငါ့မှာတော့ အဆိတ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရတာ ထူပူနေတာပဲ"

ကျွန်တော် တင်ပါးကို လက်ဝါးနှစ်ဖက်နဲ့ ပွတ်ရင်းက ရှုံ့မဲ့မဲ့ ပြောမိတယ်။

နာကျင်ပေမယ့် ကျွန်တော်အရမ်းပျော်နေမိတယ်။

ကျွန်တော့်ဘဝမှာ ဒီလိုပျော်ရွှင်မှုမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး။

ဒါပေမယ့် ဒီကောင်ရန်နောင် ကြောင့်ပြီး ငန်းဥတွေကို ပြန်ချပေးခဲ့တော့ ကျွန်တော် နာရကျိုးမနပ်ဖြစ်သွားရတာပေ့ါ။

ကျွန်တော် မကျေမနပ် ပြောလိုက်မိတော့ ရန်နောင် နှမ်းယဲ့ယဲ့ ပြုံးပြီး ကျွန်တော့်ကို ခေါင်းခါပြတယ်။

"အေး. . . ပထမတော့ ငါခိုးဦးမလို့ပါပဲကွာ၊ ပြီးတော့မှ တစ်ခု စဉ်းစားလိုက်မိလို့"

သူ့မျက်နှာက အလေးအနက်ထားပြီး ပြောနေတာ တွေ့ လိုက်တော့ ကျွန်တော်လည်း သေချာနားထောင်လိုက်မိတယ်။

"ငါတို့က အပျော်အဖြစ် ခိုးလိုက်ပေမယ့် သူတို့မှာ မိသားစု တွေ တကွဲတပြား ဖြစ်သွားရတော့မှာလေ၊ အဲ့ဒါကို ငါတွေးလိုက် မိလို့"

သူ့စကားကြောင့် ကျွန်တော်ဟာ ငြိမ်သက်သွားမိတယ်။

ကျွန်တော် ဘာဖြစ်လို့ အဲ့ဒီလို မတွေးမိပါလိမ့်။

ကျွန်တော်ငြိမ်ကျသွားရဆဲမှာ သူက ဆက်ပြောတယ်။

"ငါ ကိုယ်ချင်းစာမိတာပါ၊ ခုဘဝမှာ ငါ မိစုံဖစုံ မနေရဘူး လေ၊ သူတို့ကို ငါ့လို မဖြစ်စေချင်လို့ ပြန်ချထားခဲ့တာ"

ကိုယ်ချင်းစာကြည့်မိတာ. . . တဲ့။

သူ့စကားက ကျွန်တော့်ကို ငြိမ်သက်သွားစေတယ်။

ရန်နောင်ဟာ အသက်အရွယ်နဲ့ မမျှအောင် ရင့်ကျက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့စကားတွေက အဓိပ္ပါယ် လေးနက်လွန်းနေတယ်။

ကျွန်တော် ငြိမ်သက်သွားရရင်းက ခုနက သိချင်တာတစ်ခု ကို ဖျတ်ခနဲ သတိရလိုက်မိပြီး. . .

"ရန်နောင်. . . ဘဲငန်းတွေက ငါ့ကျတော့ လိုက်ဆိတ်ပြီး မင်းကိုကျတော့ ဘာမှမလုပ်ဘဲ ငြိမ်နေတယ်နော်၊ ငါကြည့်ရတာ မင်းကို ဒီကောင်တွေ ကြောက်နေကြသလိုပဲ"

ကျွန်တော့်စကားကြောင့် ရန်နောင်ဟာ မသိမသာ မျက်နှာ ပျက်သွားတယ်။ ပြီးတော့မှ. . .

"ငါက သူတို့ဆီ ခဏခဏ သွားနေတာကိုး၊ ငါ့ကို ဒီကောင် တွေ ယဉ်နေပြီလေ"

ကျွန်တော် သူပြောတာကို သိပ်ဘဝင်မကျပေမယ့်. . သူ့ ကြည့်ရတာ ပြောချင်ပုံမရတာမို့ ဆက်မမေးဖြစ်တော့ပါဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ရန်နောင်ဟာ ထူးခြားဆန်းကြယ်တဲ့လူတစ်ယောက်ဖြစ်နေတယ်။

သူ့မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေသလိုပဲ။

အဲ့ဒီလျှို့ဝှက်ချက်ကို မထင်မှတ်ဘဲ ကျွန်တော်ဟာ သိခွင့်ရခဲ့ တဲ့အခါမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ ဆရာမကြီးက ပိတ်ကားနဲ့ ရုပ်ရှင်ပြမယ်တဲ့"

"ဝိုး. . ."

တေဇာ ယူလာတဲ့သတင်းစကားကြောင့် ကျွန်တော်တို့အားလုံး အံ့အားသင့်သွားကြရတယ်။

ပြီးတော့ ပျော်လည်း ပျော်သွားကြတယ်။

"တေဇာ. . . မင်းတကယ်ပြောနေတာလား"

"တကယ်ပေါ့. . . မြက်ခင်းပေါ်မှာ ခုံတွေတောင် ခင်းထားပြီးပြီ၊ ဆရာမကြီးက ကျောင်းသားတွေ အပန်းပြေအောင် စီစဉ်ပေးထားတာတဲ့"

"ဘယ်အချိန်လဲ"

"ထမင်းစားပြီးရင်တဲ့"

"ဟေး. . ."

ကျွန်တော်တို့ ထ,အော်မိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေထမင်းစားချိန်မှာ ကျွဲချိုမှုတ်သံ ကြားတာနဲ့ အားလုံး ထမင်းစားဆောင်ကို အပြေးအလွှား လုဆင်းကြတော့တာပေါ့။

ထမင်းကိုလည်း ကပျာကယာ အမြန်စားကြတယ်။

ကျွန်တော်တို့အားလုံး ဗီဒီယိုကြည့်ဖို့ပဲ ဇောကပ်နေကြတယ်လေ။ ကျွန်တော်ဟာ နဂိုကတည်းက ဗီဒီယိုဆို အသည်းအသန်ကြိုက်တဲ့သူဆိုတော့ ခုလို ပိတ်ကားကြီးနဲ့ စပါယ်ရှယ် ကြည့်ခွင့်ရမယ်ဆိုတော့ အရမ်းကို ရင်ခုန်နေမိတော့တာပေါ့။

"ဟော့. . . အားလုံးပဲ၊ ထမင်းစားပြီးရင် အဆောင်ရှေ့ မြက်ခင်းမှာ ဗီဒီယိုပြမယ်၊ ငြိမ်ငြိမ်သက်သက် ကြည့်ကြပါ၊ ဆူညံတာမျိုး ရန်ဖြစ်တာမျိုး မလိုချင်ဘူးနော်. . . ကြားလား"

"ဟုတ်ကဲ့. . . ကြားပါတယ် ဆရာမကြီး"

ကျွန်တော်တို့အားလုံး ပြန်ဖြေတဲ့အသံဟာ ညီညာလို့နေတယ်။ ကျွန်တော်ထင်တယ်။ ဆရာမကြီးရဲ့မျက်နှာဟာ မသိမသာပြုံးယောင်သမ်းနေသလိုပဲ။

ကျွန်တော်တို့တတွေ ပျော်နေကြတာကို ဆရာမကြီးလည်း ကျေနပ်မှာ သေချာပါတယ်။

ထမင်းစားပြီးတော့ ကျွန်တော်တို့အားလုံး ခွန်ပေါက်ပြီး အဆောင်ရှေ့မြက်ခင်းဆီ သူ့ထက်ငါ ဦးအောင်ပြေးသွားကြတယ်။

ပိတ်ကားအကြီးကြီးကို ကြည့်ပြီး ကျွန်တော်ကတော့ အရမ်းသဘောကျနေမိတယ်။

"ဘာကားတွေ ပြမှာတဲ့လဲ"

ကျွန်တော့်အရှေ့မှာ ထိုင်နေတဲ့ ဇော်လေးကို လှမ်းမေးလိုက်တယ်။

"ပထမဆုံး ပြမှာက မှော်ဆရာတာတီးကားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မျော်ဆရာတာတီး . . . ဟုတ်လား၊ ငါတော့ အရမ်းကြိုက်တယ်"

ကျွန်တော်က တရုတ်သရဲကားတွေကို အရမ်းကြိုက်ပါတယ်။ ကြောက်စရာကောင်းသလို ရယ်စရာလည်း ကောင်းလို့ပါ။

"အေး . . ငါလည်း မျော်ဆရာတာတီးကားဆို အရမ်းကြိုက်တယ်"

ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရင်း ပြောလိုက်တဲ့စကားသံကြောင့် လှည့်ကြည့်လိုက်တော့ ရန်နောင်ဖြစ်နေတယ်။

ရန်နောင် ကျွန်တော့်ဘေးမှာ လာထိုင်တော့ ကျွန်တော်ပျော်သွားရတာပေါ့။

မျော်ဆရာတာတီးကားတွေဟာ အရမ်းစိတ်ဝင်စားစရာကောင်းပြီး ရယ်လည်း ရယ်ရတာကြောင့် ကျွန်တော်တို့မှာ တအုန်းအုန်းနဲ့ ပွဲကျနေရပါတယ်။

"ဟာ . . ဟာ . . သရဲမ နဖူးမှာ ကပ်ထားတဲ့စာရွက် ကွာသွားပြီ"

"အား . . ကျိုင်ပဲ၊ ဒုက္ခတော့ ဖြစ်ပါပြီ"

ကျွန်တော်တို့ကို မျော်ဆရာတာတီးက ဘယ်လောက်တောင် ဖမ်းစားနိုင်သလဲဆို ကျွန်တော်တို့မှာ မျက်တောင်တောင် မခတ်နိုင်ဘဲ ပါးစပ်အဟောင်းသားနဲ့ တဟင်ဟင် တဟာဟာ ဖြစ်နေရတဲ့အထိပဲ။

ပိတ်ကားကြီးနဲ့ ကြည့်ရတာမို့ ကျွန်တော်တို့မှာ ပိုပြီးရင်ခုန်စရာကောင်းနေပါတယ်။

နဖူးမှာ စာကွာသွားတဲ့သရဲမက ပြာနှမ်းနှမ်းမျက်နှာကြီးနဲ့ လက်ကြီးနှစ်ဖက် ရှေ့ကို ဆန့်တန်းပြီး ထလာတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကြောက်လွန်းလို့ တဝုန်းဝုန်းနဲ့ နောက်က ခုံတန်းတွေဆီ ထပြေးမိတယ်။

ပိတ်ကားကြီးနဲ့မို့ နီးကပ်ထင်ရှားလွန်းနေတော့ ကျွန်တော်တို့မျက်စိရှေ့မှာ တကယ့်သရဲမကို မျက်ဝါးထင်ထင် မြင်တွေ့နေရသလို ခံစားနေရတာပါ။

မော်ဆရာတာတီးနဲ့ သူ့တပည့်တွေ ထွက်ပြေးရင်းနဲ့ သရဲမက မိသွားပြီး တပည့်တစ်ယောက်ရဲ့ခြေထောက်ကို သရဲမက လှမ်းဆွဲမိသွားတဲ့အခါ ကျွန်တော်တို့အားလုံး. . .

"အား. . ."

ခနဲ အော်ပြီး ခြေထောက်တွေကို ယောင်ပြီး ခုံပေါ် အမြန်တင်ထားလိုက်မိကြတယ်။

ကျွန်တော်တို့စိတ်ထဲမှာ ရုပ်ရှင်ထဲကအတိုင်း တကယ်ဖြစ်ပျက်နေသလို ခံစားနေမိကြတယ်။

မော်ဆရာတာတီးက သရဲမ,ရန်ကလွတ်အောင် သူ့ တပည့်တွေကို နှာခေါင်းပိတ်ပြီး အသက်အောင့်ခိုင်းလိုက်တယ်။

ဒါမှ သရဲမ သူတို့ကို မမြင်နိုင်တော့အောင်ပေါ့။

မော်ဆရာတာတီးနဲ့ သူ့တပည့်တွေ နှာခေါင်းပိတ်ပြီး အသက်အောင့်လိုက်တော့ သရဲမ ဘယ်သူ့ကိုမှ မမြင်ရတော့ဘူး။

ကျွန်တော်တို့တွေလည်း ယောင်ပြီး အားလုံးနှာခေါင်းကိုလက်ဖြင့် ပိတ်ထားလိုက်မိကြတယ်။

အဲ့ဒီမှာ ကျွန်တော်လုံးဝမထင်ထားမိခဲ့တဲ့ အရမ်းကိုတုန်လှုပ်ချောက်ချားစရာကောင်းတဲ့အဖြစ်တစ်ခုကို ကြုံတွေ့လိုက်ရတော့တာပါ။

ကျွန်တော်တို့အားလုံး နှာခေါင်းတွေ ပိတ်ပြီး အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com



အောင့်ထားလိုက်တဲ့အချိန်မှာ ရန်နောင်ဟာ မျက်လုံးအဝိုင်းသားနဲ့ ဘေးဘီဝဲယာကို လိုက်ကြည့်ပြီး ထိတ်လန့်တကြားနဲ့ ချက်ချင်းမတ်တတ်ရပ်လိုက်ပြီး. . .

"ဘယ်တွေရောက်ကုန်ကြပြီလဲ၊ အားလုံး ဘယ်တွေရောက်ကုန်ကြပြီလဲ၊ မရှိတော့ဘူးလား. . ဘယ်သူမှ မရှိကြတော့ဘူးလား"

ရန်နောင် တုန်လှုပ်စွာ ထ,ပြီး အော်ဟစ်တော့ ကျွန်တော်ဟာ ပထမ ကြောင်သွားရပြီး နောက်မှ တုန်လှုပ်နေတဲ့ရန်နောင့်ကို ကြည့်ပြီး တစ်ခုခုကို သဘောပေါက်သွားရတော့တယ်။

အဲ့ဒီအချိန်မှာ ကျွန်တော့်ခေါင်းပေါ်က ဆံပင်မွှေးညင်းတွေဟာ ထောင်ထသွားရသလိုပဲ။

"မိုးသောက်. . မိုး. . မိုးသောက်၊ မင်း. . မင်းဘယ်မှာလဲ၊ မိုးသောက်ရေ. . . မင်းဘယ်မှာလဲ၊ ငါ. . ငါ့ကို လာခေါ်ပါဦး၊ ငါ. . ငါတစ်ယောက်တည်း. . "

သူ ကျွန်တော့်နာမည်ကို အားကိုးတကြီး ထ,ပြီးခေါ်တော့ ကျွန်တော့်ရင်တွေ တဒိန်းဒိန်း ခုန်ပြီး ကြက်သီးတွေလည်း ဖြန်းဖြန်း ထ,သွားခဲ့ရတယ်။

သူ. . သူ ဘာဖြစ်လို့ ကျွန်တော်တို့ကို မမြင်ရတာလဲ။

ရုပ်ရှင်ထဲကအတိုင်း ကျွန်တော်တို့တွေ ယောင်ယမ်းပြီး နှာခေါင်းပိတ် အသက်ရှုအောင့်ထားလိုက်မိတဲ့အခါ သူ ဘာဖြစ်လို့ ကျွန်တော်တို့ကို မမြင်ရတော့တာလဲ။

သူ. . သူဟာ. . ရုပ်ရှင်ထဲကအတိုင်း. . .

အတွေးမဆုံးခင်မှာပဲ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ကြောက်စိတ်တွေနဲ့ ဆူဝေပြည့်နှက်သွားရပြီး တုန်လှုပ်ချောက်ချား သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်. . ရန်နောင်ဟာ. . ကျွန်တော်တို့လို သက်ရှိလူသား မဟုတ်ဘဲ ပရလောကသား နာနာဘာဝပေါ့။

ဒါကြောင့် သူဟာ လူများနဲ့ မတူဘဲ ထူးခြားဆန်းကြယ်နေတယ်လို့ ကျွန်တော်ထင်ခဲ့မိတာ။

အိမ်သာထဲမှာ ကျွန်တော်ပိတ်မိနေခဲ့တုန်းက သူ့နာမည်ကို တ,ပြီးခေါ် လိုက်မိတော့ တံခါးသာ ပွင့်သွားခဲ့ပြီး ဘယ်သူ့မှ မတွေ့ခဲ့ရတာ။ နောက်တစ်ခါ. . ဘဲငန်းခြံထဲ ခိုးဝင်တုန်းက ငန်းတွေဟာ ကျွန်တော့်ကိုသာ လိုက်ဆိတ်ခဲ့ပြီး သူ့ကိုကျတော့ ရန်မပြုရဲဘဲ ငြိမ်သက်နေခဲ့တာ။

"မိုးသောက် မင်းဘယ်မှာလဲ. . ဘယ်ရောက်သွားပြီလဲ. . ၊ မင်းပုန်းနေတာလား၊ ထွက်ခဲ့ပါကွာ. . . ငါတစ်ယောက်တည်း ကြောက်လို့"

ဘေးဘီကို ထိတ်ထိတ်လန့်လန့် ကြည့်ပြီး တုန်လှုပ်ချောက်ချားနေတဲ့ သူ့ကို မြင်တွေ့ရတာ ကျွန်တော်ကိုယ်တိုင်လည်း အရမ်းကို ကြောက်လန့်သွေးပျက်နေမိတယ်။

ကျွန်တော်ဟာ အရမ်းကို ကြောက်နေတဲ့ကြားထဲကပဲ သူ့ကို သေချာအောင်လို့. . နှာခေါင်းပိတ်ထားတဲ့လက်ကို အသာလွှတ်လိုက်ပြီး အသက်ရှူလိုက်မိတယ်။

အဲ့ဒီအခါမှာပဲ. . .

"မိုးသောက်. . . မင်းဘယ်သွားနေတာလဲဟင်၊ ခုနက မင်းကို ငါမမြင်ဘူး၊ မင်းဘယ်တွေလျှောက်သွားနေတာလဲ"

သူ ကျွန်တော့်ကို အခုမှ တွေ့တဲ့ပုံစံမျိုးနဲ့ ဝမ်းသာအားရ ပြောတယ်။

ကျွန်တော်ကတော့ သူဟာ ကျွန်တော်တို့လို သက်ရှိလူသား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ပရလောကဝိညာဉ်ဆိုတာ သေချာသွားခဲ့ရပြီမို့ ထိန်းချုပ်ဆောက်တည်မရအောင် သူ့ကို ကြည့်ပြီး အရမ်းကို ကြောက်လန့်သွေးပျက်နေမိတယ်။

ကျွန်တော် အရမ်းကို ကြောက်နေတာကို ကြည့်ပြီး သူဟာ ပထမ ကြောင်သက်နေပြီးမှ နောက်တော့ သူ့ရဲ့ဘဝမှန်ကို ကျွန်တော် ရိပ်မိသိရှိသွားပြီဆိုတာ နားလည်သွားပုံရတယ်။

သူ့မျက်နှာဟာ ညှိုးရော်သွားပြီး . . .

"မိုးသောက် . . . ငါဘာလဲဆိုတာ မင်းသိသွားပြီပေါ့နော်၊ မင်း ငါ့ကို အရမ်းကြောက်သွားပြီလားဟင်၊ မကြောက်ပါနဲ့ သူငယ်ချင်းရယ်၊ ငါဟာ မင်းနဲ့ ဘဝချင်း မတူပေမယ့် ဘယ်ကိုမှသွားစရာ မရှိလို့ ဒီဘော်ဒါဆောင်မှာပဲ မှီပြီးနေရတာပါ၊ မင်း ငါ့ကို မကြောက်ပါနဲ့၊ အရင်လိုပဲ ခင်ပါနော်"

ရန်နောင်ဟာ တုန်ယုင်အက်ကွဲနေတဲ့အသံနဲ့ ကျွန်တော့်ကို တောင်းပန်တယ်။

သူ့မျက်နှာဟာ သနားစရာကောင်းအောင် ညှိုးငယ်နွမ်းလျနေတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ သူ့ကို ဝိညာဉ်မှန်း သိလိုက်ရပြီမို့ ဘယ်လိုမှ ဆက်ပြီးမပေါင်းသင်းရဲတော့ဘဲ သူ့ကို မြင်နေရတာကိုတောင် တဆတ်ဆတ် တုန်ပြီး ကြောက်နေမိတာမို့ . . .

"သွား . . သွား . . ထွက်သွား၊ ခုချက်ချင်း ငါ့အနားက ထွက်သွား"

လို့ မျက်စိစုံမှိတ် အော်ဟစ်ပြီး သူ့ကို မောင်းထုတ်လိုက်မိတော့တယ်။

ဋ ဋ ဋ ဋ



www.burmeseclassic.com

www.burmeseclassic.com



**အ**ဆောင်ပြန်ရောက်တာနဲ့ ကျွန်တော် အိပ်ရာထဲ တန်းဝင်ပြီး စောင်ခေါင်းမြီးခြုံနေမိတယ်။ ကျွန်တော့်မျက်စိထဲမှာ စောရန်နောင်ကိုပဲ မြင်ယောင်ပြီး ချောက်ချားနေမိတယ်။

သက်မဲ့ဝိညာဉ် နာနာဘာဝတစ်ကောင်ကို သက်ရှိလူသားတစ်ယောက် ထင်ပြီး သူငယ်ချင်းဖွဲ့ ရင်းရင်းနှီးနှီး နေထိုင်ခင်မင်မိခဲ့တဲ့ ကျွန်တော့်အဖြစ်ဟာ ဘယ်လောက်များ ထိတ်လန့်စရာကောင်းလိုက်သလဲ။

ကျွန်တော်ဟာ ကိုယ့်အဖြစ်ကိုယ် ပြန်တွေးတိုင်း တုန်လှုပ်မိနေတယ်။

ဘယ်လောင်တောင်များလဲဆို စောင်ခြုံထဲမှာ နေတာတောင် ကျွန်တော့်ကို သူများ တွေ့လေမလား၊ နောက်ကျောမလုံတဲ့ ထိတ်လန့်ချောက်ချားမှုကြီးကို ကြက်သီးတဖြန်းဖြန်းနဲ့ ခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ကို မမြင်အောင် ဘယ်လိုနေရမလဲ။

ကျွန်တော် ချက်ချင်းပဲ နှာခေါင်းကို လက်နဲ့ ပိတ်ပြီး အသက်ရှူ အောင့်လိုက်မိတယ်။

အဲ့ဒီအချိန်မှာပဲ . . .

"ဟေ့ကောင်"

ဆိုတဲ့အသံကျယ်ကြီးနဲ့အတူ ကျွန်တော် ခေါင်းမြီးခြုံထားတဲ့စောင်ကို ရုတ်တရက် ဆွဲခွာတာ ခံလိုက်ရတော့ ကျွန်တော် ကြောက်လွန်းလို့ . . .

"အား . . ."

ခနဲ အော်ပြီး ငုတ်တုတ်ထ,ထိုင်လိုက်မိတယ်။

"ဟား . ဟား . ဟား . မိုးသော်က် မင်းကွာ၊ တော်တော် ကြောက်တတ်တဲ့ကောင်ပဲ"

သူရ . . ။

"တောက်"

ကျွန်တော် သူရမျက်နှာကို စိုက်ကြည့်ပြီး တောက်တစ်ချက် မြှင်းမြင်းခေါက်လိုက်မိတယ်။

"မင်းကိုငါ ဆွဲဖိုးမိတော့မယ်နော် သူရ . . မင်းကောင်း တောင်း သတိထားနေ"

ကျွန်တော် သူရမျက်နှာကို လက်သီးကြီးထိုးပြီး စိတ်ဆိုးမာန် ဆိုး ကြိမ်းလိုက်မိတယ်။

သူရက ပခုံးတွန့်ပြီး . . .

"အား . . မလုပ် . . မလုပ်ပါနဲ့ကွာ . . ကြောက်ပါတယ်"

ကျွန်တော့်ကို ကြောက်တဲ့ပုံ လုပ်ပြပြီး ဒီကောင် ထင်လှောင် မြှုန်တယ်။ သူရပုံစံကြောင့် ကျွန်တော်အခံရခက်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာဖြစ်နေတာလဲ မိုးသောက်၊ မင်းကြည့်ရတာ ပုံမှန် မဟုတ်ဘူး။ တစ်ခုခု ဖြစ်နေတယ်မဟုတ်လား၊ ဘာကို ဒီလောက် ကြောက်နေတာလဲ"

ဇော်လေးက ကျွန်တော့်မျက်နှာကို အသေအချာ ကြည့်ပြီး မေးတယ်။ တေဇာကလည်း. . .

"ဟုတ်တယ် မိုးသောက်၊ မင်း တစ်ခုခု ဖြစ်နေတယ်၊ ဘာဖြစ်နေတာလဲ၊ ငါတို့ကိုပြောပြ"

ကျွန်တော့်မျက်နှာဟာ သူတို့ ရိပ်မိလောက်အောင် သိသာ ထင်ရှားနေပြီလား၊ တေဇာနဲ့ဇော်လေး အတင်းမေးတော့ ကျွန်တော် လည်း မတတ်သာတဲ့အဆုံးမှာ. . .

"ငါ သရဲကို တွေ့တယ်"

လို့ ဝန်ခံလိုက်မိတော့တယ်။

"ဘာ. . မင်း. . သရဲကို တွေ့တယ်ဟုတ်လား မိုးသောက်"

တေဇာနဲ့ဇော်လေးနှစ်ယောက်သား အလန့်တကြားဖြစ်ပြီး မျက်လုံးပြူးသွားကြတယ်။

"ဟုတ်တယ်. . . ငါ သရဲကို အနီးကပ် တွေ့ခဲ့တယ်"

"ဘယ်. . ဘယ်လိုပုံစံလဲဟင် မိုးသောက်၊ ရုပ်ရှင်ထဲကလို အစွယ်တွေနဲ့ လက်သည်းချွန်ကြီးနဲ့ ကြောက်စရာလား"

ဇော်လေး ကျွန်တော့်ရှေ့ တိုးလာပြီး စိတ်ဝင်တစား လာ မေးတယ်။

"မဟုတ်ဘူး. . . မင်းတို့ငါတို့လိုပုံစံပဲ၊ ငါတို့အရွယ်ပဲ၊ ဒါပေမယ့် သူ့ကို ငါ သရဲမှန်း ဘယ်လိုသိတာလဲဆိုတော့"

ကျွန်တော် တေဇာနဲ့ဇော်လေးကို ရုပ်ရှင်ကြည့်ရင်းနဲ့ ရန်နောင်ဟာ သရဲဆိုတာ မထင်မှတ်ဘဲ သိခွင့်ရလိုက်တာကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်မိတယ်။

တေဇာနဲ့ဇော်လေးက ကျွန်တော့်စကားအဆုံးမှာ အတော်ကြီး ကြောက်လန့်သွားပုံရပေမယ့် သူရကတော့ ကျွန်တော့်စကားကို ယုံကြည်ပုံမရဘူး။

"မိုးသောက်ရာ. . . မင်း စိတ်ကူးတွေ ယဉ်ပြီး ငါတို့ကို မင်းလို ကြောက်တတ်စေချင်လို့ လျှောက်ပြောနေတာ မဟုတ်လား"

"ငါပြောတာ မင်းမယုံဘူးလား သူရ၊ ငါကျိန်ပြောရဲတယ်၊ ပြော. . ဘယ်လိုကျိန်ပြရမလဲ"

ကျွန်တော် တဇွတ်ထိုး ထပ်ပြောလိုက်တော့ သူရက. . လှောင်ပြုံးနဲ့ ခေါင်းခါပြပြီး. . .

"ဆရာမကြီး သတိပေးထားတာ မမေ့နဲ့လေ၊ ထားဝယ်ကြိမ်စာ မိလိမ့်မယ်နော်"

သူရစကားထဲမှာ 'ဆရာမကြီး' ဆိုတာ ကြားလိုက်ရတော့ ကျွန်တော်အရှိန်သတ်လိုက်ရတယ်။

သူရ ယုံကြည်အောင် အတင်းရှေ့တိုးပြောဖို့လည်း မရဲတော့ဘူး။

"ကဲ. . . အိပ်ကြစို့၊ မီးပိတ်တော့မှာ၊ တေဇာနဲ့ဇော်လေး လည်း ကိုယ့်ခုတင်ကိုယ် သွားကြတော့"

သူရက ဆရာကြီးလုပ်ပြီး လူစုခွဲတယ်။

တေဇာက သူရနဲ့အတူ ထွက်သွားတော့ ဇော်လေးက မသိမသာ နောက်ချန်နေပြီး. . .

"မိုးသောက်. . . မင်းတွေ့တဲ့သရဲက ကျောင်းနောက်က ရေကူးကန်ဟောင်းကြီးထဲမှာ ရေနစ်သေတဲ့ကျောင်းသားလေးလား မသိဘူးနော်"

www.burmeseclassic.com



လို့ သူ့ထင်မြင်ချက်ကို ခပ်တိုးတိုး ပြောသွားတယ်။

ဇော်လေးရဲ့ထင်မြင်ချက်ကို ကျွန်တော်လည်း စဉ်းစားပြီး တုန်ရစ်ခဲ့ရတယ်။

ရန်နောင်ဟာ ရေနစ်သေတဲ့ ကျောင်းသားများလား။

စဉ်းစားရင်းက ကြက်သီးတွေ ဖြန်းခနဲ ထ,လာတော့ ကမန်းတတန်း ဘုရားထ,ရှိခိုးပြီး ကျွန်တော်ဟာ အိပ်ရာဝင်ဖို့ ပြင်လိုက်ရတော့တယ်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိပ်ရာက နိုးတဲ့အချိန်မှာ အိပ်ဆောင်မှာ ဘယ်သူမှ မရှိကြတော့ဘူး။ ကျွန်တော်တစ်ယောက်တည်း ရှိတော့တယ်။ ကျွန်တော် ကမန်းကတန်း ထ,ပြီး ရေချိုးခန်းဆီ ပြေးရတော့တယ်။ ညက ကျွန်တော်မှ အိပ်မပျော်တာ။

ရေချိုးခန်း ရောက်တော့လည်း ဘယ်သူ့မှ မတွေ့ရတော့ဘူး။ ဘုရားရေ. . . ကျောင်းသွားတက်ကြပြီထင်ပါရဲ့။

ဒါဆို ကျွန်တော်တော့ ကျောင်းနောက်ကျပြီ။ ဆရာမကြီး ကြိမ်စာမိတော့မယ် ထင်ပါရဲ့။

ကျွန်တော် ကျောင်းလည်း မပြေးရဲဘူး။

နောက်ဆုံးမှာ ဖြစ်ချင်ရာဖြစ်တော့ကွာ ကျောင်းနောက်ကျရင်လည်း ဆရာမကြီး ရိုက်တာ ခံလိုက်တော့မယ်လို့ စိတ်ကို ခိုင်ခိုင်ချပြီး ကျောင်းတက်ဖို့ ဆုံးဖြတ်လိုက်တယ်။

ရေချိုးဖို့ အစွန်ဆုံး ရေချိုးကန်ဆီ ခြေလှမ်းတဲ့အခါ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်တစ်ကိုယ်လုံး ကြက်သီးတွေ စုန်ဆန်ထ,သွားရတယ်။

ဘုရားရေ. . . ဒါ ဘာဖြစ်လို့လဲ၊ ရေချိုးခန်းကျယ်ကြီးထဲမှာ ကျွန်တော်တစ်ယောက်တည်း။

အရင်ဆို စောရန်နောင် ကျွန်တော့်ကို လာ,လာစကားပြော နေကျ။ အခုရော. . . ဒီရေချိုးခန်းထဲမှာ ရန်နောင် ရှိနေသလား။

ကျွန်တော် မျက်လုံးမသိမသာ စွေပြီး ဝေ့ဝဲရှာကြည့်မိတယ်။

မတွေ့ရဘူး. . . ။

ရေချိုးခန်းကြီးဟာ ချောက်ချားစရာကောင်းလောက် အောင် တိတ်ဆိတ်ငြိမ်သက်လွန်းလို့နေတယ်။

ကျွန်တော်ဟာ ကန်ထဲကနေ ရေခပ်ချိုးဖို့တောင် အတော် အားမွေးပြီး လက်လှမ်းရတယ်။ BURMESE CLASSIC

ကျွန်တော့်ရင်တွေ တလှပ် လှပ်ခါပြီး ကတုန်ကယင်ကြီး ဖြစ်နေမိတယ်။

ခေါင်းကိုမော့ မျက်လုံးကို မှိတ်ပြီး အသက်တဝကြီး ရှူသွင်း ပြီးတော့မှ ရေခွက်ကိုင်ထားတဲ့လက်ကို ကန်ထဲ ဖြည်းဖြည်းချင်း နှစ်လိုက်မိတယ်။

စိမ့်အေးနေတဲ့ ကန်ရေရဲ့အထိအတွေ့ဟာ ကျွန်တော့်ရင် ကို ပိုပြီးချောက်ချားသွားစေတယ်။

ကျွန်တော့်လက်ဟာ ရေထဲ ကျရောက်သွားတဲ့အချိန်မှာပဲ သန်မာအေးစက်လှတဲ့ လက်တစ်ဖက်ဟာ ရေထဲကနေ ကျွန်တော့် လက်ကို*ရုတ်တရက် ဆောင့်ဆွဲတာ ခံလိုက်ရတယ်။

ကျွန်တော်ဟာ ဆံပင်မွေးညင်းတွေတောင် ထောင်ထသွား ရပြီး ကြောက်လွန်းလို့. . .

"အား. ."



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ငယ်သံပါအောင်အော်လိုက်မိတယ်။

ကျွန်တော် လက်ကို အတင်းပြန်ဆောင့်ဆွဲရုန်းကန်ပေမယ့် အားချင်း ဘယ်လိုမှ မယှဉ်နိုင်ဘဲ ကျွန်တော်ဟာ ရေကန်ထဲ ဇောက်ထိုးကျသွားခဲ့ရတော့တယ်။

ကြည်လင်အေးစက်နေတဲ့ရေထဲမှာ ကျွန်တော်မြင်တွေ့လိုက်ရတာ. . .

စောရန်နောင်. . .။

အေးစက်စိမ်းနက်နေတဲ့ မျက်လုံးသေကြီးတွေနဲ့ ပြာနှမ်းနှမ်းမျက်နှာကြီးနဲ့ စောရန်နောင်ကို အနီးကပ် တွေ့လိုက်ရတော့ ကျွန်တော်ဟာ လိပ်ပြာလွင့်မတတ် ဖြစ်သွားရတော့တယ်။

ဆုပ်ဆွဲထားတဲ့ သူ့လက်ကို အတင်းရုန်းကန်ပြီး ရေပေါ်ပြန်တက်ဖို့ ကြိုးစားပေမယ့်. . . အချည်းနှီးပဲ. . .

BURMESE CLASSIC

ကြောက်လွန်းလို့ ကျွန်တော်ဟာ ရေထဲမှာ သွေးရူးသွေးတန်း ဖြစ်နေမိတယ်။

နောက်ဆုံးမှာ သူ့လက်ကို ရှိသမျှခွန်အားနဲ့ ဆောင့်ရုန်းပြီး ရေပေါ်ကို အလျင်အမြန် ပြန်တက်ခဲ့ရတယ်။

ကျွန်တော့်တစ်ကိုယ်လုံး နွမ်းနယ်ပြီး အရမ်းကို မောပန်းနေမိတယ်။

"ဟင်း. . . ဟင်း. . . ဟင်း"

ကျွန်တော်ဟာ ပါးစပ်ကို ဖွင့်ပြီး ခဲရာခဲဆစ် အသက်ရှူနေရတယ်။ လေးလံနေတဲ့မျက်ခွံတွေကို ဖြည်းဖြည်းချင်း အားယူပြီး မျက်လုံးတွေကို အသာဖွင့်ကြည့်လိုက်မိတယ်။

"ဟင်. . ."

ကျွန်တော်ဟာ အိပ်ရာထဲမှာ။ ပြီးတော့ ကျွန်တော့်နံဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်မောကျနေတဲ့ကျောင်းသားတွေ။ ရေချိုးခန်းလည်း မဟုတ်ဘူး။

မျက်မှောင်ကြုတ်ပြီး ဇဝေဇဝါနဲ့ ကျွန်တော် ဝုန်းခနဲ ထထိုင်လိုက်မိတယ်။

အိပ်ဆောင်. . . ။

အားလုံးဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြတယ်။ ဒါဆို. . ခုနက ကျွန်တော် အိပ်မက်. . အိပ်မက်ပေါ့။

ကျွန်တော် အိပ်မက်ဆိုး မက်နေခဲ့တာပေါ့။

ဘယ်လောက်ကြောက်စရာကောင်းလိုက်တဲ့ အိပ်မက်ဆိုးကြီးလဲ။ ခုထိ ကျွန်တော့်ရင်ထဲမှာ မွန်းကြပ်ပြီး မောပန်းပြီး တလှပ်လှပ်ခါ ထိတ်လန့်နေရဆဲပဲ။

ခုန အိပ်မက်ဆိုးကြီးမှန်း သိလိုက်ရပြီး ကျွန်တော်ဟာ စိတ်သက်သာရာရသွားသလို. . .

“ဟူး. . . ”

ခနဲ သက်ပြင်းရှိုက်လိုက်မိရင်းက အမှတ်မထင် မျက်လုံးထောင့်က တံခါးပေါက်ဆီ ရောက်သွားမိတယ်။

တံခါးဟာ မသိမသာ လှုပ်သွားပြီး အရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရတဲ့အခါမှာ ကျွန်တော်ဟာ ကြက်သီးတွေ တဖြန်းဖြန်း ထသွားရပြီး အမြန်အသက်ရှူအောင့်လိုက်မိတယ်။

စောရန်နောင်. . .

သူ ကျွန်တော့်အနားမှာ အမြဲရှိနေတာလား။ ကျွန်တော် ချက်ချင်းပြန်လှဲချပြီး စောင်ခေါင်းမြီးခြုံ ငြိမ်သက်နေမိတယ်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

BURMESE CLASSIC

ကျွန်တော်ဟာ စောရန်နောင်ကို ဝိညာဉ်မှန်း သိလိုက်ရတဲ့ အချိန်ကစ,ပြီး အရမ်းကို ကြောက်လန့်ချောက်ချားနေခဲ့မိပေမယ့် အမှန်အတိုင်း ဝန်ခံရရင် စိတ်ကောင်းရှိပြီး တတွဲတွဲ အတူနေခဲ့တာမို့ ခု ရန်နောင့်ကို မတွေ့ရတော့ ကျွန်တော် ဟာတာတာကြီး ဖြစ်မိတယ်။

သူဟာ ကျွန်တော့်အနားကို လုံးဝကို မလာတော့ဘူး. . .

ဒါပေမယ့်. . သူ့ကို စာကျက်နေရင်း၊ အဝတ်လှန်းရင်း မျက်လုံးထောင့်ကနေ ရိပ်ခနဲ ရိပ်ခနဲတော့ မကြာခဏမြင်ရတယ်။

သူ့ကို ကျွန်တော် သိပ်ကြောက်နေမှန်း သိတာမို့ သူ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့အနား မလာတော့ဘူး ထင်ပါရဲ့။

သူ အနားမှာမရှိတော့မှ ကျွန်တော်ဟာ သူငယ်ချင်းကောင်း တစ်ယောက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသလို ဟာတာတာကြီး ခံစားနေရတယ်။

ဒီဘော်ဒါဆောင်မှာ သူ့အပြင် ကျွန်တော်နဲ့ ရင်းနှီးတဲ့သူ ငယ်ချင်းမှ မရှိဘဲ။

ဇော်လေးတို့တေဇာတို့ဟာ တစ်တန်းထဲသားချင်းပေမယ့် သူ့လောက် ကျွန်တော်မခင်ဘူး။ တကယ်တော့ ရန်နောင်ဟာ ဝိညာဉ်ဆိုပေမယ့် ကျွန်တော်တို့လိုပါပဲ။

သူဟာ သေဆုံးပြီးသား လူတစ်ယောက်ဆိုတာကလွဲရင် ကျွန်တော်တို့နဲ့ ဘာမှမကွာခြားပါဘူး။

BURMESE CLASSIC

ကျွန်တော် သူ့ကို အရမ်းသတိရနေမိတယ်။

သူ အနားမှာ မရှိတော့ တစ်ယောက်တည်း စကားပြောဖော် မရှိဘဲ ခြောက်သွေ့တဲ့ဒဏ်ကို ကျွန်တော် အလူးအလဲ ခံရတော့တာ ပေါ့။

ကျွန်တော်တစ်ယောက်တည်း ယောင်ချာချာနဲ့ ဘောလုံး ကွင်းဘက် ထွက်လာမိတယ်။

ကွင်းထဲမှာ ကျွန်တော်တို့ကျောင်းရဲ့လက်ရွေးစင် ဘောလုံး သမားတွေ လေ့ကျင့်နေကြတယ်။

ကြည့်ကောင်းမှာမို့ ဘေးက ထိုင်ကြည့်ဖို့ ကျွန်တော် ခြေ လှမ်းပြင်ဆဲ မမျှော်လင့်ဘဲ စောရန်နောင်ကို ကျောခိုင်းထိုင်လျက် သား ဘောလုံးပွဲကြည့်နေတာ မြင်လိုက်ရတော့ ကျွန်တော် အရမ်းကို ပျော်သွားမိတယ်။

သူကတော့ သူ့နောက်မှာ ကျွန်တော်ရှိနေတာ မသိသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူ့ကို တွေ့လိုက်ရတော့ ကျွန်တော်ဟာ ကြောက်လန့်မသွားမိဘဲ ဘာဖြစ်လို့ ဝမ်းသာသွားမိသလဲ မသိဘူး။

ကျွန်တော် ချက်ချင်း သူရှိရာဆီ ပြေးသွားမိပြီး. . .

"ရန်နောင်. . ."

လို့ ဝမ်းသာအားရ ခေါ်လိုက်မိတယ်။

သူ တအံ့တသြ လှည့်ကြည့်တယ်။ သူ့မျက်လုံးတွေထဲမှာ လုံးဝမျှော်လင့်မထားတဲ့ အံ့သြခြင်းတွေ။

"ရန်နောင်. . . မင်း ဘာလို့ ငါ့ဆီ မလာတာလဲ၊ မင်း တမင် ငါ့ကို ရှောင်နေတာ မဟုတ်လားဟင်"

သူ ကျွန်တော့်ကို အသေအချာ စိုက်ကြည့်တယ်။ သူ့မျက်နှာပေါ်မှာ အားငယ်ရိပ်တွေနဲ့ ညှိုးငယ်နေတယ်။ မချိတင်ကဲ အပြုံးတစ်ခုကို သူ ကျွန်တော့်ကို ပြုံးပြတယ်။

"ငါ့ဘဝမှန်ကို သိသွားတော့ မင်း ငါ့ကို သိပ်ကြောက်သွားခဲ့တယ် မဟုတ်လား မိုးသောက်၊ အဲ့ဒါကြောင့် မင်း စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မင်းဆီ ငါမလာတော့တာ"

သူ့စကားကြောင့် ကျွန်တော်အရမ်းစိတ်မကောင်းဖြစ်သွားမိတယ်။ သူ့မျက်လုံးအိမ်ထဲမှာ စိမ်းလဲ့နေတဲ့ မျက်ရည်ကြည်တွေကို တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲ နင့်သွားရတယ်။

"ဟုတ်တယ်. . . သိသိချင်းတော့ ငါအရမ်းကြောက်ခဲ့မိတယ်၊ ဒါပေမယ့် မင်းမရှိတော့ ဟာတာတာကြီးဖြစ်နေတယ်၊ ငါ မနေတတ်ဘူး"

မျက်ရည်တွေကြားကနေ သူပြုံးတယ်။ ကျွန်တော်လည်း သူ့ကို ပြန်ပြုံးပြမိတယ်။

ဒါပေမယ့် ကျွန်တော်တို့အပြုံးတွေဟာ ခိုနိုင်ကြေကွဲချိ



www.burmeseclassic.com

www.burmeseclassic.com



တွေ ယှက်သန်းနေတယ်။

“ရန်နောင်. . . မင်းနဲ့ငါဟာ ဘဝချင်း မတူပေမယ့် မင်းလည်း ငါ့ကို ခင်တယ်၊ ငါလည်း မင်းကို ခင်တယ်၊ ဒါဆို ငါတို့ သူငယ်ချင်း ဖြစ်လို့ရတာပဲနော်. . . မဟုတ်ဘူးလား”

ကျွန်တော့်စကားကို ကြားလိုက်ရတော့ ရန်နောင်ဟာ မျှော်လင့်မထားသလို အရမ်းကို ပျော်ရွှင်သွားခဲ့ပြီး. . .

“မိုးသောက်. . . တကယ်နော်၊ ဒါဆို မင်း ငါနဲ့ အရင်လိုပဲ သူငယ်ချင်းပြန်လုပ်မှာပေါ့နော်”

“ဒါပေါ့. . . မင်းနဲ့ငါ အရင်ကလည်း သူငယ်ချင်း၊ အခုလည်း သူငယ်ချင်းပဲပေါ့”၊

“ကျေးဇူးပဲ မိုးသောက်ရယ်၊ မင်းကို ငါ ကျေးဇူးအများကြီးတင်ပါတယ်”

သူ ကျွန်တော့်ကို ကျေးဇူးတင်စကားကို လိုက်လိုက်လှဲလှဲ ဆိုတော့ ကျွန်တော်ပိုပြီးသနားသွားမိပါတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ ဘယ်လိုပဲ ဘဝချင်း မတူပေမယ့် သူငယ်ချင်းတွေပဲမို့ ဒီနေ့ကစပြီး အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင် ပြန်နေကြမယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်မိတယ်။

သနားစရာကောင်းလှတဲ့ အထီးကျန် သူ့ဘဝကိုလည်း ပျော်ရွှင်အောင် ထားပေးဖို့ ကျွန်တော် တပြိုင်နက်ထဲ ဆုံးဖြတ်ချက်ချလိုက်မိတယ်။

လက်ထဲမှာ အသင့်ပါလာတဲ့ ဂိမ်းကို သူ့ရှေ့ထိုးပေးလိုက်ပြီး. . .

“ငါ ဂိမ်းပြင်ပြီးပြီ. . . ရော့”

“ပြင်ပြီးသွားပြီလား. . . မင်း အတော်,တော်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ. . .

"ဟော့ကောင် မိုးသောက်"

ဆိုတဲ့ခေါ်သံကြီးနဲ့အတူ ကျွန်တော်တို့အနားကို ရောက်လာတာက ကျွန်တော် နည်းနည်းလေးမှ သဘောမကျတဲ့ သူရပဲ။

ကျွန်တော် မျက်မှောင်ကြုတ်ပြီး ဘာလဲဆိုတဲ့ပုံစံ သူရကို မေးဆတ်ပြလိုက်တယ်။

သူရမျက်နှာပြင်ပေါ်မှာ ကျွန်တော့်ကို အထင်မြင်သေးနှိမ့်ချချင်တဲ့ လျှောင်ရိပ်တွေ တွေ့နေရတယ်။

"မင်းတစ်ယောက်ထဲ ဘယ်သူနဲ့ စကားပြောနေတာလဲ"

သူရစကားကြောင့် ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွားရတယ်။ ပြီးတော့ ကျွန်တော်နဲ့ရန်နောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြတယ်။

"မင်း ည,ညရော အိပ်ပျော်ရဲ့လား မိုးသောက်"

"ဘာဖြစ်လို့လဲ"

"သြော်. . . မင်းက သရဲအရမ်းကြောက်တတ်တော့ ည အိပ်မပျော်ဘဲ ဂေါက်များဂေါက်သွားပြီလားလို့"

"တောက်. . သူရ. . မင်း"

ကျွန်တော် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဝုန်းခနဲ ထရပ်လိုက်မိတယ်။

"မိုးသောက်. . မလုပ်နဲ့. . မလုပ်နဲ့"

ရန်နောင် ကျွန်တော့်လက်ကို ဆွဲပြီး အလန့်တကြား တားတယ်။

"ဟော့ကောင်တွေ. . လာကြ၊ မိုးသောက်ကို ရှောင်ကြဟေ့ ဒီကောင့်အခြေအနေက တော်တော်ဆိုးဆိုး ဖြစ်နေပြီ သနားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ. . . မိုးသောက်တစ်ယောက် သရဲကြောက်လွန်းလို့ ဝေါက်သွားရှာပြီ"

"တောက်. . ."

ကျွန်တော် မခံချင်အောင် လှောင်ပြောင်ပြီး အော်ဟစ်ပြီး သူရ ထွက်ပြေးသွားတယ်။

ကျွန်တော် လက်သီးတင်းတင်းဆုပ်ပြီး တောက်တခေါက်ခေါက်နဲ့ မခံချိမခံသာ ကျန်ရစ်ခဲ့ရတယ်။

"ငါ စိတ်မကောင်းပါဘူး မိုးသောက်ရယ်၊ ငါ့ကြောင့် မင်းခုလိုအလှောင်ခံရတာ"

ရန်နောင် မျက်နှာနွမ်းနွမ်းနဲ့ ကျွန်တော့်ကို တောင်းပန်တယ်။ နွမ်းဖျော့နေတဲ့ ရန်နောင့်မျက်နှာကို ကြည့်ပြီး ကျွန်တော် ဒေါသတွေကို လျှော့ချလိုက်ရတယ်။

"ရန်နောင်. . . မင်းကို ငါတွေ့ရသလို သူတို့တွေက ဘာလို့ မတွေ့ရတာလဲ"

ကျွန်တော် ရန်နောင်ကို နားမလည်နိုင်စွာ မေးလိုက်မိတယ်။ ပြဿနာက ကျွန်တော်ဟာ သူတို့တွေနဲ့ မတူဘဲ ရန်နောင့်ကို မြင်တွေ့စကားပြောနေနိုင်လို့ မဟုတ်လား။

"မင်းမှာ သူတို့နဲ့ မတူတဲ့ စွမ်းအားတစ်ခုရှိပြီး ငါ့ကို မြင်တွေ့နိုင်နေလို့ပေါ့"

ရန်နောင့်အဖြေစကားအဆုံးမှာ ကျွန်တော်ဟာ ငြိမ်သက်သွားမိတော့တယ်။ ကျွန်တော့်မှာ စွမ်းအားတစ်ခုရှိနေလို့ ဘယ်သူမှ မတွေ့ဘဲ ဝိညာဉ်ဖြစ်နေတဲ့ ရန်နောင့်ကို မြင်တွေ့ခွင့် ရနေတာပဲ။

ၜ ၜ ၜ ၜ



www.burmeseclassic.com

www.burmeseclassic.com



ရှိန်နောင်ဟာ ဘယ်လိုပဲပြောပေမယ့် ကျွန်တော် ဖေဖေ့ကို စိတ်မပြေနိုင်သေးတာမို့ ခုချိန်ထိ ဖေဖေဖုန်းဆက်တိုင်း စကားပြောဖို့ ရှောင်နေခဲ့ပါတယ်။

ကျောင်းပိတ်ရက်မှာလည်း အိမ်ပြန်ခွင့်ပေးပေမယ့် ကျွန်တော်ငြင်းလိုက်ပါတယ်။

ကျောင်းသားတွေအသီးသီး ပျော်ရွှင်စွာ အိမ်ပြန်ကြတာမို့ ကျွန်တော်နဲ့ တခြားအိမ်က လာမခေါ်တဲ့ ကျောင်းသားတချို့ပဲ အဆောင်မှာ ခြောက်ကပ်စွာ ကျန်ရစ်တယ်။

"ဟင်. . . မင်း အိမ်မပြန်ဘူးလား မိုးသောက်"

ဇော်လေးက ကျွန်တော့်ကို တအံ့တဩ လာမေးတယ်။

"ဟင့်အင်း"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။ သူကတော့ အိမ်ပြန်မယ့်ပုံပဲ။ ပျော်ရွှင်တက်ကြွနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ အိမ်ပြန်မှာပေါ့. . . ဟုတ်လား"

"ပြန်မှာပေါ့. . . အဆောင်မှာ လူမှ သိပ်မရှိတော့ဘဲ. . . ပျင်းစရာကြီး၊ အိမ်ပြန်တော့ အခွေကြည့်လို့ရတယ်၊ ဂိမ်းကစားလို့ ရတယ်လေ၊ ဒါနဲ့ မင်း ဘာလို့ မပြန်တာလဲ"

ဇော်လေး မေးတော့ ကျွန်တော် ဘာမှပြန်မဖြေဘဲ ပခုံးပဲ တွန့်ပြလိုက်တယ်။

"မင်းအိမ်မပြန်တာ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

ဇော်လေးက အထွန့်တက်ပြန်တယ်။

"ကေန္တ ဒီအဆောင်မှာ မင်းသိပ်ခင်တဲ့ တစ်စုံတစ်ယောက် ရှိလို့ဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား မိုးသောက်"

ဇော်လေး ကြည့်ရတာ ကျွန်တော့်ကို တော်တော်စိတ်ဝင် စားနေတဲ့ပုံပဲ။

ကျွန်တော့်အနားကပ်ပြီး ဇော်လေး ခပ်တိုးတိုး ပြောလိုက် တဲ့ စကားကြောင့် ကျွန်တော်ဟာ မှင်တက်အံ့ဩသွားရတော့တယ်။

"မိုးသောက်. . . မင်းနဲ့ခင်တဲ့သရဲကို ငါနဲ့လည်း မိတ်ဆက် ပေးပါလား"

"ဟင်. . ."

ကျွန်တော် ဇော်လေးကို မျက်လုံးပြူးကြီးနဲ့ ကြည့်လိုက်မိ တယ်။

လောကမှာ သရဲနဲ့ မိတ်ဆက်ချင်တဲ့ ခပ်ကြောင်ကြောင် လူမျိုးလည်း ရှိသေးပါလား။

"တကယ်ပြောတာ. . . သရဲတွေကို ငါချစ်တယ်"

"မြတ်စွာဘုရား"

ကျွန်တော် ဘုရားတောင် တ,လိုက်မိသေးတယ်။ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ဖော်လေး စိတ်မှ မှန်သေးရဲ့လား။ သရဲတွေကို ချစ်သတဲ့လေ။

ကျွန်တော်ကတော့ ရန်နောင့်ကို သရဲမှန်း မသိဘဲ အပေါင်း အသင်းဖြစ်ခဲ့မိတာပါ။

"ဒီတစ်ခါ မင်းဆီ အဲ့ဒီကျောင်းသားသရဲ လာရင် ငါနဲ့ မိတ်ဆက်ပေးနော်. . နော်. . မိုးသောက်"

"အာ. . အဲ့ဒါက. . ဟို. . မြင်ချင်တိုင်း မြင်လို့ရတာ မဟုတ်ဘူးလေ၊ ငါက သူ့ကို မြင်တိုင်း မင်းက မြင်ချင်မှ မြင်မှာပေါ့"

"အဲ့လိုလား. . . အဲ့ဒါဆို သရဲကို မြင်နိုင်အောင် ငါဘာလုပ်ရမလဲ"

ဖော်လေးရဲ့စစ်စစ်ပေါက်ပေါက်အမေးတွေကို ကျွန်တော်လည်း ဆက်မဖြေတတ်တော့ဘူး။

ပခုံးသာ တွန့်ပြလိုက်မိတော့တယ်။

အဲ့ဒီအချိန်မှာပဲ. . .

"ဟော. . . ကားလာကြိုပြီ"

လို့ ဖော်လေး အပြင်ကို လှမ်းကြည့်ပြီး ဝမ်းသာအားရ အော်လိုက်တော့ ကျွန်တော်လည်း ဘာရယ်မဟုတ်ဘဲ လှမ်းကြည့်လိုက်မိတယ်။

ဖော်လေးကို လာကြိုတဲ့ကားကို တွေ့မြင်လိုက်ရတဲ့အချိန်မှာ ကျွန်တော်ဟာ အံ့အားသင့် ထိတ်လန့်လွန်းလို့ မျက်လုံးအစုံ ပြူးကျယ်သွားရပြီး ကြက်သီးတွေလည်း တဖြန်းဖြန်း ထသွားခဲ့ရတယ်။

ဖော်လေးကို လာကြိုတဲ့ကားရဲ့ နောက်ခန်းထဲမှာ အခေါင်းကြီး တင်ထားတာကို တွေ့လိုက်ရလို့လေ။

"ဖော်လေး. . . "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို တုန်တုန်လှုပ်လှုပ်နဲ့ ခေါ်လိုက်မိတယ်။

သူကတော့ ဘာမှမဖြစ်သလိုဘဲ. . .

"သွားပြီ. . ငါတို့အိမ်က အခေါင်းတွေ လုပ်တယ်လေ"

လို့ ကျွန်တော့်ကို လက်ပြနှုတ်ဆက်ပြီး ကားဆီ ပြေးထွက်သွားတော့တယ်။

ကျွန်တော် အရမ်းကို အံ့အားသင့် တုန်လှုပ်မိချိန်မှာပဲ ဇော်လေးကတော့ အခေါင်းထည့်ထားတဲ့ ကားနောက်ခန်းပေါ် ပြေးတက်ပြီး ထွက်ခွာသွားတော့တယ်။

ကြက်သီးတွေ တဖြန်းဖြန်း ထပြီး ထိတ်ထိတ်လန့်လန့် ကျန်ရစ်ခဲ့ရသူက ကျွန်တော်ပါ။

ကျွန်တော်သာဆို ဒီလို လူသေအလောင်းထည့်တဲ့အခေါင်းကြီးနဲ့ ကိုယ်နဲ့ တစ်ယောက်ထဲ နောက်ခန်းမှာ ဘယ်လိုမှ လိုက်ရဲမှာမဟုတ်ပါဘူး။

ဇော်လေး ဘာဖြစ်လို့ သရဲကို မြင်တွေ့မိတ်ဆက်ချင်တာလဲ ဆိုတာ ခုမှ ကျွန်တော်နားလည်လိုက်မိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ပထမနှစ်ဝက် ကျောင်းပိတ်ရက်မှာ အသီးသီး အိမ်တို ပြန်ကြလို့ အဆောင်မှာ ကျွန်တော်အပါအဝင် ကျောင်းသားအနည်း ငယ်သာ ကျန်ရစ်ခဲ့ပေမယ့် ကျွန်တော်မပျင်းပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ရန်နောင်က ကျွန်တော့်ကို အတတ် ကောင်းတစ်ခု သင်ပေးခဲ့လို့ပါ။

အဲ့ဒါကတော့. . .

"မိုးသောက်. . . အဆောင်မှာ လူနည်းသွားတော့ မင်း မပျော်ဘူးလား"

"ပျင်းတာပေါ့ကွာ. . ဘယ့်နှယ့်ပြောပါလိမ့် အိမ်မပြန်ချင်

www.burmeseclassic.com

www.burmeseclassic.com



လို့သာ နေရတာ၊ ပျင်းလွန်းလို့ အရည်တောင် ပျော်တော့မယ်"

ကျွန်တော့်စကားကြောင့် ရန်နောင် ရယ်လိုက်ပြီး. . .

"ဒါဆို မင်းကို ငါ မပျင်းရမယ့်နည်းတစ်ခု သင်ပေးမယ်"

"ဘာလဲ"

ကျွန်တော် စိတ်ဝင်တစား မေးလိုက်တယ်။

ရန်နောင်က တဟဲဟဲ ရယ်နေရင်းကနေ. . .

"လာ. . . ငါ့နောက်လိုက်ခဲ့"

သူ ကျွန်တော့်ရှေ့ကနေ ကုပ်ချောင်းချောင်းနဲ့ ထွက်သွားတယ်။ (တကယ်တော့ ရယ်စရာပါ၊ သူ့ကို ကျွန်တော်ကလွဲပြီး ဘယ်သူများ မြင်ရလို့လဲ)

ကျွန်တော်လည်း ဘုမသိဘမသိနဲ့ သူ့နောက်ကနေ ဟိုကြည့်သည်ကြည့်နဲ့ လိုက်မိတယ်။

သူ ကျွန်တော့်ကို ခေါ်သွားတာ အိမ်သာကိုပါ။

"မိုးသောက် မြန်မြန်ဝင်"

သူ ကျွန်တော့်ကို အိမ်သာထဲ မြန်မြန်ဝင်ခိုင်းပြီး တံခါးချက်ကို မြန်မြန်ပိတ်လိုက်တယ်။

တကယ်ဆို သူ့လို ပရလောကသားဝိညာဉ်နဲ့ ကျွန်တော်နဲ့ အိမ်သာခန်းထဲမှာ နှစ်ယောက်ထဲ ရှိနေတဲ့အဖြစ်ဟာ အရမ်းကို ကြောက်လန့်ချောက်ချားစရာကောင်းတဲ့အခြေအနေပါ။

ခုတော့ သူ့ရဲ့လျှို့ဝှက်ချက်တစ်ခုကို သိချင်တာမို့ ကျွန်တော်လည်း ဘာမှသတိမပြုနိုင်တော့ဘူး။

ရန်နောင်ဟာ အိမ်သာမျက်နှာကျက် အမိုးစွန်းလေးဆီကို အသာလက်လျှိုနိုက်နေတယ်။

"ရန်နောင်. . . မင်း ဘာတွေဝှက်ထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိချင်စိတ်ကို မအောင့်အီးနိုင်ဘဲ မေးလိုက်မိတယ်။ သူက. . .

"ရှူး. . "

ခနဲ ဟန့်လိုက်ပြီး လက်ကို ပြန်ရုပ်လိုက်တဲ့အချိန်မှာ ကျွန်တော် စိတ်ဝင်တစား ကြည့်လိုက်မိတော့ ဝတ္ထုစာအုပ်တစ်အုပ်ဖြစ်နေတယ်။

"ဟား. . . ဝတ္ထုစာအုပ်ကြီးလား၊ ဘာများလဲလို့ကွာ"

ကျွန်တော် စာအုပ်ကို ကြည့်ပြီး စိတ်ပျက်လက်ပျက် ရေရွတ်လိုက်မိတယ်။

"မင်းတော်တော်တုံးတာပဲ၊ ဒါ အချစ်ဝတ္ထုကွ၊ ဖတ်ကြည့်စမ်း. . . အရမ်းမိုက်တယ်၊ မင်းစွဲသွားလိမ့်မယ်"

"သွားစမ်းပါကွာ. . . ဝတ္ထုဖတ်ဖို့များ ပျင်းလွန်းလို့ ဝါသနာကို မပါဘူး"

"ဖတ်ကြည့်စမ်းပါ. . . ဖီလင်ပဲ၊ ဒီစာအုပ် အရင်ဖတ်ကြည့်လိုက်၊ မကြိုက်ရင် မင်း ငါ့ကို ကြိုက်သလိုပြော"

သူ အရမ်းကို ညွှန်းနေတော့ ကျွန်တော်နည်းနည်းစိတ်ဝင်စားသွားမိတယ်။

"မင်းဒီလောက်ပြောနေမှတော့ စမ်းဖတ်ကြည့်တာပေါ့"

"အေး. . . ညကျရင် စောင်ခြုံပြီး ဓါတ်မီးနဲ့ ခိုးဖတ်ကြည့် သိလား"

"မင်း တကယ် ကလိမ်ကကျစ်ပဲ ရန်နောင်"

သူနဲ့ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်မိကြတယ်။

"မိုးသောက်. . . မင်း ငါ့ကို ကတိတစ်ခုတော့ ပေးရမယ်"

www.burmeseclassic.com



ရန်နောင် လက်ညှိုးထောင်ပြီး ပြောတော့ ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိတယ်။

"ဘာကတိလဲ"

"ငါ ဒီစာအုပ်တွေ ဝှက်ထားတဲ့နေရာကို သိတာ မင်းတစ်ယောက်ထဲ ရှိတယ်"

"အဲဒီတော့. . ."

"ငါ့စာအုပ်တွေကို ငါမသိဘဲ ငါမပေးဘဲ မင်းဘာသာ ယူမဖတ်ရဘူး၊ အဲ့ဒီကတိ မင်း ငါ့ကို ပေးရမယ်၊ ဘယ်နှယ့်လဲ မိုးသောက်"

"ဘာများလဲလို့. . . ပေးတယ်ကွာ၊ မင်းစာအုပ်တွေကို မင်းမပေးဘဲ ငါယူမဖတ်ဘူး. . . ဟုတ်ပြီလား"

"အိုကေ. . အိုကေ"

ကျွန်တော် ရန်နောင် လိုချင်တဲ့ကတိကို ခပ်မြန်မြန်ပဲ ပေးလိုက်တယ်။

သူတောင်းတဲ့ကတိက ခဲယဉ်းတာမှ မဟုတ်တာ။ ကျွန်တော်တလည်း ဝတ္ထုတွေကို သိပ်စိတ်ဝင်စားတဲ့သူ မဟုတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရန်နောင် ပေးဖတ်တဲ့ဝတ္ထုတွေကို တကယ်တမ်း ဖတ်ကြည့်လိုက်တော့ ရင်ထဲ တငြိမ့်ငြိမ့် တလှပ်လှပ်နဲ့ ကျွန်တော် အစွဲကြီးစွဲသွားမိတယ်။

ပြီးတော့ ကျွန်တော့်ရဲ့မြီးကောင်ပေါက်စိတ်တွေကလည်း လှုပ်ရှားလာခဲ့ရတယ်။

ညတိုင်း ရန်နောင် ပေးဖတ်တဲ့ အချစ်ဝတ္ထုစာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ကျွန်တော် စွဲစွဲလမ်းလမ်း ဖတ်နေမိတော့တယ်။

တစ်ညစောင်ခြုံထဲမှာ ဓါတ်မီးဖွင့်ပြီး ရန်နောင်ပေးတဲ့ အချစ်ဝတ္ထုစာအုပ်ကို အသည်းအသန် ဖတ်နေတုန်း ကျွန်တော် ခြုံထားတဲ့စောင်ဟာ ဆတ်ခနဲ ဆွဲခွာတာ ခံလိုက်ရတော့ ဒိန်းခနဲ အလန့်တကြား ဖြစ်သွားရပြီး မော့ကြည့်လိုက်မိတယ်။

အား. . .။

ကျွန်တော့်ကို မီးဝင်းဝင်းတောက်တဲ့မျက်လုံးတွေနဲ့ စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတဲ့ ဆရာမကြီး။

သွားပြီ. . .။

ကျွန်တော် ဝတ္ထုစာအုပ် ခိုးဖတ်တာ ဆရာမကြီး သိသွားပြီ။ ဘယ်သူကများ အတို့အထောင် လုပ်လိုက်တာလဲ။

ကျွန်တော် ဆရာမကြီးကို ကြောက်လွန်းလို့ အသားတွေ တဆတ်ဆတ် တုန်နေမိတယ်။

ကျောင်းသားတွေအားလုံးကလည်း ဆရာမကြီး ကျွန်တော့်ကို ဘယ်လိုများ အပြစ်ပေးမလဲဆိုတာ စိတ်ဝင်တစားနဲ့ တိတ်ဆိတ်ငြိမ်သက်ပြီး စောင့်ကြည့်နေကြတယ်။

"မိုးသောက်. . ."

ဆရာမကြီး အော်လိုက်သံက ဟိန်းခနဲ ကျွန်တော် ဆတ်ခနဲ တုန်သွားမိတယ်။

"မင်း. . ဝတ္ထုစာအုပ် ခိုးဖတ်နေတယ် ဟုတ်လား"

ကျွန်တော် ခေါင်းငုံ့ချလိုက်မိတယ်။

"ပေးစမ်း အဲ့ဒီစာအုပ်"

တဆတ်ဆတ် တုန်နေတဲ့လက်တွေနဲ့ ကျွန်တော် ဆရာမကြီးကို စာအုပ်ပေးလိုက်မိတယ်။

"မင်း ကျောင်းသားမဟုတ်ဘူးလား၊ စာသင်နေတဲ့အချိန်မှာ မင်းနဲ့ ဒီဝတ္ထုစာအုပ်နဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော် ခေါင်းကြီး ငုံ့ချထားတဲ့ကြားက မျက်နှာတစ်ခုလုံး ပူထူအမ်းနှံ့ထုံနေမိတယ်။

အဆောင်မှာ ကျောင်းပြန်ဖွင့်ပြီမို့ လူစုံနေပြီ။ အားလုံးက ကျွန်တော့်ပြဿနာကို စိတ်ဝင်တစား စောင့်ကြည့်တာ ခံရတော့ ကျွန်တော်ပိုပြီးရှက်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . ဆရာမကြီး ပြောမယ်၊ မင်း သေသေချာချာ နားထောင်ပါ၊ ဒီနေ့ကစပြီး ဝတ္ထုစာအုပ်တွေ မဖတ်ရဘူး၊ စာကိုပဲ စိတ်ဝင်စားပါ၊ တခြားဘာကိုမှ စိတ်မကစားပါနဲ့၊ နောက်တစ်ခါ ခုလို ဝတ္ထုစာအုပ် ခိုးဖတ်တာ တွေ့ရလို့ကတော့ မင်းမိဘတွေ ခေါ်ပြီး ချက်ချင်း ဘော်ဒါက ထုတ်မယ်. . . ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ပါ ဆရာမကြီး"

ကျွန်တော် ကပျာကယာ ခေါင်းညိတ် ကတိပေးလိုက်မိတယ်။ ထိန်းထားတဲ့ကြားက ကျွန်တော့်အသံတွေက တုန်နေမိတယ်။

သေချာတာက ကျွန်တော် နောက်ကို ဘယ်တော့မှ အိပ်ရာထဲမှာ ဝတ္ထုခိုးမဖတ်ရဲတော့ဘူး။ ဒါပေမယ့် အချစ်ဝတ္ထုတွေရဲ့ ဆွဲဆောင်ဖမ်းစားမှုနဲ့ ကျွန်တော့်စိတ်ကတော့ လှုပ်ရှားတတ်ခဲ့ပါပြီ။

အဲ့ဒါကိုတော့ ဘယ်သူကမှ ထိန်းချုပ်တင်းကြပ်လို့ ရနိုင်မယ် မထင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ကျွန်တော့်ရဲ့လှုပ်ရှားလာတဲ့စိတ်တွေရဲ့ ပထမဆုံး လှုပတဲ့ ကဗျာကလေးက အရုဏ်ဦးဆိုတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့တယ်။

သူမဟာ ထမင်းချက်အဒေါ်ကြီးရဲ့သမီးပါ။ ကျွန်တော်တို့ထက် အသက်နည်းနည်းကြီးပုံရပြီး အတန်းလည်း ကြီးမယ့်ပုံပါ။

သူမမျက်နှာလေးဟာ နူးညံ့ကြည်စင်လွန်းလှပြီး မိန်းမပီသတဲ့ နွဲ့နှောင်းတဲ့အလှမျိုးကို ပိုင်ဆိုင်သူပါ။

ထမင်းစားချိန်တွေဆို သူမကို ကြည့်ပြီး ထမင်းစားရတာ ဘာဟင်းနဲ့ပဲကျွေးကျွေး ကျွန်တော့်အတွက်တော့ ထမင်းမြိန်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။

သူမကလည်း ကျွန်တော်စိတ်ဝင်စားနေတာကို ရိပ်မိပုံရပါတယ်။

ထမင်းကျွေးချိန်မှာ ကျွန်တော့်အနားကို လာတတ်ပြီး. . .

"ဟင်းလောက်ရဲ့လား. . . ယူဦးမလား"

လို့ မေးတတ်သူပါ။ အဲ့ဒီအခါတိုင်းမှာ ကျွန်တော်ဟာ ကိုယ့်အတွက်ကိုယ် လုံလောက်ပေမယ့်. . .

"ဟော့ကောင် မိုးသောက်. . . လုပ်ပါဦးကွ၊ ဟင်းကုန်နေပြီ"

လို့ ကြိုတတ်တဲ့ ရန်နောင့်အတွက် မျက်နှာပူပူနဲ့ပဲ. . .

"အဟဲ. . . နည်းနည်းလောက် ထပ်ပေးပါဦး"

လို့ တောင်းရတတ်စမြဲပါ။

ရန်နောင်က ကျွန်တော်နဲ့ ကပ်ပြီး စားနေကျလေ။

ဒီကောင်က အစားလည်း အံ့ရမ်းကြီးတယ်။ ဒါပေမယ့် သူစားတာကို ဘေးလူတွေက မမြင်တော့ ကျွန်တော့်ကိုပဲ အစားပုတ်တယ်လို့ ထင်ကြတော့တာပါ။

"မေမေ. . . သမီးသွားတော့မယ်နော်၊ ဒီနေ့ ကျောင်းမှာ ဘင်ခရာ ကျင့်ကြမှာ"

သူမက အမေဖြစ်သူကို နှုတ်ဆက်ပြီး ပြေးထွက်သွားတယ်။ ရန်နောင်က ကျွန်တော့်ကို မျက်စိမှိတ်ပြတယ်။

ထမင်းစားပြီးတော့ ရန်နောင် မျက်ရိပ်ပြလို့ ကျွန်တော် စာကြည့်ခန်းထဲ မဝင်ဘဲ အဆောင်ပြင်ကို ဟိုလိုလိုဒီလိုလိုနဲ့ ဆရာမ ကြီး အလစ်ချောင်းပြီး ထွက်ခဲ့မိတယ်။

"ဘာလဲ"

"ပြောသွားတာ ကြားတယ်မဟုတ်လား၊ ဘင်ခရာ ကျင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့. . . မင်းမကြည့်ချင်ဘူးလား"

ရန်နောင့်စကားကြောင့် ကျွန်တော် မရိုးမရွ ဖြစ်သွားရတယ်။

"မကြည့်ချင်ဘဲ နေမလားကွ၊ ဘယ်လိုလုပ် ထွက်ရမှာလဲ"

ကျွန်တော် စိတ်ပျက်လက်ပျက် ပြန်ပြောတော့ မေးစေ့ကို လက်နဲ့ ပွတ်ပြီး ရန်နောင် တဟင်းဟင်း ရယ်တယ်။

"လိုရင်ကြံဆ နည်းလမ်းရတဲ့"

"လုပ်စမ်းပါဦး. . . အားကိုးပါတယ်"

"ကျောင်းနောက်ကနေ အုတ်တံတိုင်းကျော်ပြီး ခိုးထွက် လိုက်ရင်. . "

ရန်နောင် စကားမဆက်ဘဲ ကျွန်တော့်ကို မေးဆတ်ပြတယ်။ ကျွန်တော် တွန့်သွားမိတယ်။ အုတ်တံတိုင်းကိုတော့ ကျော်မထွက်ရဲဘူး။ ဆရာမကြီး သိရင် ကြိမ်စာမိမှာ အသေအချာပဲ။

ဝတ္ထုစာအုပ်ဖတ်တဲ့ ပြဿနာကတည်းက ဆရာမကြီး သတိပေးထားတာ ခံထားရတာမို့ ကျွန်တော် နောက်တစ်ကြိမ် ထပ်ပြီး ဘာကိုမှ ခိုးမလုပ်ရဲတော့ဘူး။

ဘာပဲဖြစ်ဖြစ် အဆောင်မှာ နေရတာကိုလည်း ကျွန်တော် ပျော်နေပြီမို့ အထုတ်ခံရမှာကိုလည်း စိုးရိမ်တယ်လေ။

"ဟာ. . . အဲ့ဒါတော့ မဖြစ်ဘူး၊ ငါ အုတ်တံတိုင်းကို မကျော် ရဲဘူး၊ ဆရာမကြီး သိရင်. . "

ကျွန်တော် ပျာပျာသလဲ ငြင်းပြီး နောက်ဆုတ်မိတယ်။ ရန်နောင့်က ကျွန်တော်ကြောက်နေတာကို ကြည့်ပြီး 'ကျွတ်' ခနဲ စုတ်သပ်တယ်။

"အာ. . . မကြောက်စမ်းပါနဲ့ မိုးသောက်ရာ၊ ဆရာမကြီး ဘယ်လိုမှ မသိနိုင်ပါဘူး၊ ငါ ဒီလိုပဲ ခိုးထွက်နေကျ. . . လာစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ရန်နောင်က ကျွန်တော့်ကို ရဲရဲကြီး အာမခံပြီး ပြောပြော ဆိုဆို အုတ်တံတိုင်းကို ကုတ်ကပ်တွယ်ဖက်ပြီး တစ်ဖက်ကို ကျော် ထွက်သွားတော့တယ်။

မထူးတော့ဘူးဆိုပြီး ကျွန်တော်လည်း ရန်နောင် လုပ်သလို လိုက်လုပ်မိတယ်။

လွယ်တော့ မလွယ်လှပါဘူး။ အုတ်တံတိုင်းက အတော်မြင့် တာမို့ ခဲရာခဲဆစ် ကုတ်ကပ်ပြီး ကျော်ဆင်းရတာပါ။

ဘေးမှာ သစ်ပင်ကြီးတွေ ရှိလို့သာ တော်သေးတာပေါ့။ ဒါပေမယ့် ဒီလိုစွန့်စားရတာ ကျွန်တော်ပျော်နေမိတယ်။ စိတ်တွေ လည်း အရမ်းလှုပ်ရှားနေမိတယ်။ ခြေလှမ်းတွေလည်း တက်ကြွနေ မိတယ်။

"ရန်နောင်. . . မင်း ဒီကိုလာနေကျပေါ့ ဟုတ်လား"

ရန်နောင် စပ်ဖြဲဖြဲနဲ့ ကျွန်တော့်ကို မျက်စိမှိတ်ပြတယ်။

ဒီကောင် တော်တော်ကဲမယ့်ကောင်ပဲ။

ကျွန်တော်လည်း သူနဲ့ ပေါင်းမိပြီးမှ ကဲတတ်လာတာလေ။

"ဟော. . . ကြားလား မိုးသောက်၊ ဘင်ခရာသံတွေ၊ မြန် မြန်လျှောက်"

ဘင်ခရာအသံကို ကြားလိုက်ရတော့ ကျွန်တော်တို့ ခြေလှမ်း တို ဒုန်းစိုင်းမိတယ်။ သူမတို့ လေ့ကျင့်နေပြီလေ။

"ဟိုမှာ. . ."

ရန်နောင် မျက်စိလျှင်လှစွာ လှမ်းလက်ညှိုးထိုးပြတယ်။ အနီရောင်ဝတ်စုံကလေးနဲ့ အရမ်းကို လှနေတဲ့သူမကို မြင်လိုက် ရတော့ ကျွန်တော် လှမ်းလက်စ ခြေလှမ်းတွေ ရပ်တန့်ပြီး ရင်တွေ အရမ်းခုန်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အကလေ့ကျင့်နေတာ အရမ်းကို လှတာပဲ။

နွဲ့နှောင်းတဲ့သူမရဲ့ခန္ဓာကိုယ်လေးက စည်းချက်ညီစွာ က နေတာ ကျွန်တော့်မျက်စိထဲမှာ အရမ်းကို ကြည့်ကောင်းတာပဲ။

"ရှေ့တိုးပြီး ကြည့်ရအောင်၊ ဒါမှ မင်းကို သူမြင်အောင်"

ရန်နောင် အသာလက်တို့ပြီး ပြောတယ်။

ကျွန်တော် ရန်နောင့်ကို အရမ်းကျေးဇူးတင်သွားရတယ်။ ဒီကောင်ဟာ ကျွန်တော့်အတွက် တကယ့်ကို သူငယ်ချင်းကောင်းပဲ။

ဒီကောင် လှစ်လှစ်,လှစ်လှစ်နဲ့ မြွေတစ်ကောင်လို လူအုပ် ကြားထဲ တိုးဝင်သွားတဲ့ လမ်းကြောင်းအတိုင်း ကျွန်တော်လည်း လိုက်သွားမိတယ်။

သူ ဝိညာဉ်ဆိုတော့ လူတွေက ဘာမှမသိပေမယ့် ကျွန် တော့်ကိုတော့ ဘုရှိတ်,ရှိတ်ကြတာပေါ့။

ဒါပေမယ့် ကျွန်တော်လည်း လူတွေရဲ့ဘုရှိတ် ရှိတ်ခံပြီး တိုးရကျိုးနပ်သွားခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို သူမ မြင်သွားခဲ့ပြီလေ။

"မိုးသောက်. . လက်လှမ်းပြလိုက်လေ. . မြန်မြန်"

ရန်နောင် ကျွန်တော့်ကို လက်တို့ပြီး သတိပေးတယ်။ ကျွန် တော်လည်း အဲဒီတော့မှ ကမန်းကတန်း လက်လှမ်းပြလိုက်မိတယ်။

သူမ နူးညံ့တဲ့အပြုံးလေးနဲ့အတူ ကျွန်တော့်ကို မသိမသာ တလေး ခေါင်းပြန်ညိတ်ပြတယ်။

ကျွန်တော် အရမ်းကို ပျော်သွားတယ်။

သိပ်မကြာခင်မှာ သူမတို့တွေ လေ့ကျင့်တာ နားလိုက်ကြ တယ်။

"ကဲ. . . ခဏနားကြမယ်၊ နာရီဝက်ပြည့်မှ ပြန်စ,ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"သိပ်ကောင်းတဲ့အစီအစဉ်ပဲ"

သူမမျက်နှာဟာ ပင်ပန်းနွမ်းနယ်တဲ့ပုံတော့ ပေါ်နေပါပြီ။ နေပူထဲမှာ သူမတို့ လေ့ကျင့်ရတာ ဘယ်လောက်တောင် ပင်ပန်းရှာမလဲ။

ခဏနားကြတဲ့အချိန်အတွင်းမှာ သူမတို့သူငယ်ချင်းတတွေ စုပြီး ဓါတ်ပုံရိုက်နေကြတယ်။

"ဟေ့ကောင် မိုးသောက်. . . သွားလေ၊ ဓါတ်ပုံသွားရိုက်ပါလား"

"အာ. . . ရှက်စရာကြီး"

"လုပ်မနေနဲ့ . သွား. . ဒါမျိုးအခွင့်အရေးဆိုတာ နှစ်ခါပြန်မရနိုင်ဘူး၊ လာ. . . မြန်မြန်သွားရအောင်"

ရန်နောင် ကျွန်တော့်လက်ကို 'အတင်းဆွဲခေါ်ပြီး ပြေးတယ်။ ကျွန်တော် သူမအနားကို အပြေးရောက်သွားရတယ်။

သူမက ကျွန်တော့်ကို လှည့်ကြည့်ပြီး နွေးထွေးတဲ့အပြုံးကလေး ပြုံးပြတယ်။

"ဓါတ်ပုံရိုက်ချင်လို့လား"

သူမ တိုးတိုးကလေး မေးတယ်။ ကျွန်တော် ကမန်းကတန်း ခေါင်းညိတ်ပြလိုက်မိတယ်။

"လာလေ"

သူမ ခေါင်းလေး ညိတ်ခေါ်တော့ ကျွန်တော်ဝမ်းသာအားရ သူမဘေးမှာ ဝင်ရပ်လိုက်မိတယ်။ ရယ်စရာကောင်းတာက သူမက ကျွန်တော့်ထက် အရပ်ပိုရှည်နေတာပါပဲ။

ပြီးတော့ သူမက ဟိုက်ဟီးလ်စီးထားသေးတယ်လေ၊ ဒါဆေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူမက အလိုက်သိတတ်စွာ ဓါတ်ပုံရိုက်တော့ အနောက်ကို မသိမသာ ဆုတ်ပြီး ကျွန်တော့်ဘက် ခေါင်းငဲ့လိုက်တယ်။

အဲ့ဒီတော့မှ အရပ်ညီသွားရတော့တယ်။ ဟိုကောင် ရန်နောင်ကလည်း မခေဘူး။ ဓါတ်ပုံရိုက်ကာနီးကျမှ သူမနံဘေး ဖျတ်ခနဲ ဘေးဝင်ကပ်တယ်။

သူမကို အလယ်က ထားလိုက်တဲ့ပုံစံပေါ့။ ကျွန်တော်တို့ ဓါတ်ပုံရိုက်ကြပြီးတော့ သူမတို့တွေ အကပြန်လေ့ကျင့်ကြတယ်။

လေ့ကျင့်တာ တော်တော်ကြာပါတယ်။ ညနေစောင်းမှ ပြီးတယ်။ ကျွန်တော်နဲ့ရန်နောင်လည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်လိုက်မိကြတာ။ ညနေစောင်းတဲ့အထိပဲ။ နာရီကြည့်မိတော့ ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်။

"ဟာ. . . ကွိုင်ပဲ၊ ခြောက်နာရီထိုးတော့မယ်၊ ငါတော့ ထမင်းစားချိန် မမီတော့ဘူး ထင်တယ်၊ ဆရာမကြီးနဲ့တော့ တွေ့ပြီ ရန်နောင်. . . ငါဘယ်လိုလုပ်ရမလဲ ပြောပါဦး"

ကျွန်တော် စိုးရိမ်စိတ်တွေ ကြောက်စိတ်တွေ ငယ်ထိပ်တက်ဆောင့်ပြီး ရန်နောင့်ကို အားကိုးတကြီး ပြောမိတယ်။

တကယ်ပဲ ကျွန်တော်ဟာ သူမဆီသာ စိတ်ရောက်ပြီး အချိန်ကို လုံးဝမေ့လျော့နေခဲ့တာ။

ထမင်းစားချိန်အမီ မေ့လျော့နေခဲ့တာ။ ထမင်းစားချိန်အမီ ပြန်မရောက်ရင်. . .

ကျွန်တော် ခြေဖျားလက်ဖျားတွေ အေးစက်ပြီး ရင်ထဲပူတက်လာတယ်။ ဆရာမကြီးဆီက ကြိမ်လုံး၊ ဒါမှမဟုတ် အဆောင်က အထုတ်ခံရဖို့ နှစ်ခုထဲက တစ်ခုခုပဲ။

ပြီးတော့ ကျွန်တော်ဟာ ဆရာကြီးဆီက ကတိပေးခံထားရ


www.burmeseclassic.com

www.burmeseclassic.com



တဲ့ကျောင်းသား။

"ရန်နောင်. . ရန်နောင်. . လုပ်. . လုပ်ပါဦး၊ ငါ. . ငါ ဘယ်လိုလုပ်ရမှာလဲ"

ကျွန်တော် ရန်နောင့်ကို အားကိုးတကြီး ထပ်ပြောမိတယ်။ ဒါပေမယ့် သူ ကျွန်တော့်ကို တစ်ချက်ကလေးမှ ဂရုမစိုက်ဘဲ အုတ်နံရံကို လျှင်မြန်လှစွာ ခုန်ကျော်လိုက်ပြန်တယ်။

"ရန်နောင်. . ရန်နောင်. . ငါ့ကို စောင့်ပါဦး"

ကျွန်တော် သူ့ကို အော်ခေါ်ရင်းက ကြောက်လန့်တကြားနဲ့ အုတ်နံရံကို ကုတ်ကပ်ကျော်တက်ပြီး ပြန်ဝင်လိုက်ရာ ကြောက်စိတ်တွေကြောင့်ပဲလား မသိဘူး. . .

အရှိန်လွန်ပြီး လက်လွတ်ပြုတ်ကျသွားရတယ်။

နံရံက လူတစ်ရပ်မက မြင့်တာမို့ ကျွန်တော် အတော်လေး အထိနာသွားရတယ်။

"အား. . . ကျွတ်. . . ကျွတ်"

ကျွန်တော့်ခြေတွေလက်တွေဟာ ကျိုးကြေမတတ် အရမ်းတို နာကျင်ပြီး တစ်ကိုယ်လုံးလည်း ဖုန်တွေသဲတွေ လူးပြီး စုတ်ပြတ်ပေရေသွားရတော့တယ်။

ဒါတောင် ရန်နောင်ဟာ ကျွန်တော့်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ အဆောင်ရဲ့အနောက်ဘက်ဆီကို မျက်နှာသေကြီးနဲ့ ဦးတည်ပြီး ထွက်သွားတယ်။

ဒီကောင် ဘယ်လိုကောင်လဲ။

ဘော်ဒါစိတ် နည်းနည်းကလေးမှ မရှိတော့ဘူးလား။ ကျွန်တော် ဒီလောက်ဖြစ်တာတောင် တစ်ချက်ကလေးမှ လှည့်ကြည့်ခြင်း မရဘူး။

www.burmeseclassic.com



"ဟော့ကောင်. . ရန်နောင်"

ကျွန်တော် ဝမ်းနည်းစိတ် မကျေနပ်စိတ်တွေနဲ့ သူ့ကို ကြုံးအော်လိုက်မိတယ်။

သူ ကျွန်တော့်ကို လုံးဝလှည့်မကြည့်ဘူး။

"ရန်နောင်. . ."

အသံကျယ်ကြီးနဲ့ ကြုံးအော်လိုက်ရင်း မျက်ရည်တစ်စက် ကျွန်တော့်ပါးပြင်ပေါ် လွင့်ကျလာခဲ့တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**ဧလေး**လံနှေးကွေးတဲ့ခြေလှမ်းတွေနဲ့ ကျွန်တော် ခေါင်းကြီး ငိုက်စိုက်ချပြီး ထမင်းစားခန်းထဲ ဝင်လိုက်မိတယ်။

ပေရေစုတ်ပြတ်နေတဲ့ပုံစံနဲ့ ထမင်းစားခန်းထဲ ဝင်ရတဲ့အတွက် ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ် သိမ်ငယ်ရှက်ရွံ့နေမိတယ်။ အားလုံးဟာ ပျော်ရွှင်စွာ စားသောက်နေကြပြီး. . .

ထမင်းမစားဘဲနဲ့ ငူငူကြီး ထမင်းစားပွဲမှာ ထိုင်နေသူက တစ်ယောက်ထဲ ရှိပါတယ်။

အဲ့ဒါကတော့ ဆရာမကြီးပါ။

ကျွန်တော် ထမင်းစားခန်းထဲ ဝင်လိုက်တော့ ပထမဆုံး တွေ့သွားသူက တေဇာပါ။

တေဇာဟာ ကျွန်တော့်ကို တွေ့လိုက်တာနဲ့ ဝမ်းသာအားရ အော်လိုက်ပါတယ်။

"ဆရာမကြီး. . . မိုးသောက် ရောက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



တေဇာ့အော်သံကြောင့် ဆရာမကြီးအပါအဝင် ထမင်းစားခန်းမှာ ရှိသမျှလူအားလုံး ကျွန်တော့်ကို အံ့ဩတကြီး လှည့်ကြည့်ကြပါတယ်။

ဆရာမကြီးဟာ ကျွန်တော့်ကို တွေ့လိုက်တာနဲ့ ဝုန်းခနဲ ထပြီး ကျွန်တော့်ဆီ လျှောက်လာတယ်။

ဆရာမကြီးမျက်နှာပြင်ပေါ်မှာ ဒေါသတွေနဲ့ တောက်လောင်နေတယ်။

အားလုံးဟာ စားလက်စ ထမင်းကိုတောင် ဆက်မစားနိုင်တော့ဘဲ ပွဲကြီးပွဲကောင်းတစ်ခုကို ကြည့်ရတော့မယ်ပုံမျိုး ငြိမ်သက်တိတ်ဆိတ်ပြီး ဆရာမကြီးနဲ့ ကျွန်တော့်ရဲ့အခြေအနေကို စောင့်ကြည့်နေကြတယ်။

ကျွန်တော်ကတော့ ဆရာမကြီး ပေးမယ့်အပြစ်ဒဏ်ကို ခေါင်းကြီးငုံ့ပြီး ရှက်ရွံ့သိမ်ငယ်စွာ၊ ပြီးတော့ တုန်လှုပ်ကြောက်ရွံ့စွာ ခံယူဖို့ အသင့်ရှိနေခဲ့ပါတယ်။

ဆရာမကြီးဟာ ကျွန်တော့်ရှေ့ ရောက်လာတာနဲ့ တပြိုင်နက်. . .

"မိုးသောက်. . . မင်း ဘယ်တွေ လျှောက်သွားနေတာလဲ ဟင်. . . ပြောစမ်း၊ တစ်ကိုယ်လုံးလည်း ညစ်ပတ်ပေရေနေတာပဲ၊ မင်း အခု ဘယ်က ပြန်လာတာလဲ၊ ပြော. . . ပြောစမ်း"

ဒေါသကြောင့် ဆရာမကြီးရဲ့မျက်နှာဟာ နီရဲပြီး အသံဟာလည်း ကျယ်လောင်သလောက် တုန်ယင်နေတယ်။

ကျွန်တော်လည်း ဆရာမကြီးရဲ့ဒေါသကို ကြောက်ရွံ့နေလို့ အသားတွေ တဆတ်ဆတ် တုန်နေမိတယ်။

"ပြောလေ. . ဟင်. . မင်း ခုချိန်ထိ တစ်ပေါက်ထဲ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တွေ သွားနေတာလဲလို့ ငါ့မှာ တစ်ညနေလုံး မင်းပျောက်လို့ စိတ်တွေ ဘယ်လောက်ပူနေရလဲ သိလား၊

"ဟင်. . . မင်း ငါ့ကို တော်တော်ဒုက္ခပေးတာပဲ၊ ငါ မင်း အတွက် စိတ်ပူလွန်းလို့ သေတော့မယ် သိရဲ့လား၊ မင်း တော်တော် ဒုက္ခပေးတဲ့ကလေးပဲ၊ နောက်ကို. . နောက်ကို ငါ့ကို ဒုက္ခပေးဦးမလား. . ဟင်. . ဟင်"

ဆရာမကြီးဟာ ဒေါသတကြီးနဲ့ အော်ဟစ်ရင်း ကျွန်တော့်ကို အဆက်မပြတ် ထုရိုက်ပါတော့တယ်။

ကျွန်တော်ဟာ နဂိုကတည်းက ကိုက်ခဲနာကျင်နေတာမို့ ဆရာမကြီးရဲ့အားနဲ့ ထုရိုက်တဲ့ဒဏ်ကို ခံရတဲ့အခါ. . .

အခနဲ အခနဲ အံကြိတ်ညည်းညူပြီး လှုပ်လည်း မလှုပ်ရဲဘဲ ငြိမ်သက်ခံယူနေရတယ်။

နာကျင်လွန်းလို့ မျက်ရည်တွေ'ပိုးပိုးပေါက်ပေါက် ကျရင်းက. . . နောက်ဆုံးမှာ လုံးဝကို မခံနိုင်တော့ဘဲ ကျွန်တော် ခွေလဲကျသွားခဲ့ရတော့တယ်။

အဲ့ဒီတော့မှပဲ ဆရာမကြီးလည်း ကျွန်တော့်ကို ထုရိုက်နေတာကို ရပ်လိုက်တော့တယ်။

"မင်းကို ငါ ဘယ်လိုဆုံးမရမလဲ မိုးသောက်၊ မင်း ငါ့ကို ဒုက္ခထပ်မပေးပါနဲ့တော့"

ဆရာမကြီးဟာ အော်ဟစ်ရင်းက အသံတွေ တိမ်ဝင်သွားပြီး ကျွန်တော့်အနားမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်တယ်။

ဆရာမကြီးရဲ့မျက်ရည်တွေကို မြင်လိုက်ရတဲ့အခါ ကျွန်တော်ဟာ အရမ်းကို အံ့အားသင့်သွားရပြီး နာကျင်မှုတွေကိုလည်း မေ့လျော့သွားရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါကတော့ ဆရာမကြီးရဲ့စိတ်ထဲက ဒေါသထက် ကျွန်တော့်အပေါ် ထားတဲ့ ရင်ထဲက မေတ္တာတရားကို ကျွန်တော် နားလည်းခံစားလိုက်ရလို့ပါ။

ကျွန်တော်ဟာ မျက်ရည်တွေ တတွေတွေ ကျဆင်းနေရင်းက ဆရာမကြီးကို လက်အုပ်ချီပြီး တောင်းပန်လိုက်မိတယ်။

"ကျွန်. . ကျွန်တော် တောင်းပန်ပါတယ် ဆရာမကြီး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် နောက်တစ်ခါ ဘယ်တော့မှ ဒီလို မဖြစ်စေရတော့ပါဘူး. . က. . ကတိပေး. . "

စကားကို ဆုံးအောင်မပြောနိုင်တော့ပဲ ကျွန်တော် ရှိုက်ကြီးတငင် ငိုကြွေးချလိုက်မိတယ်။

ဆရာမကြီးက ကျွန်တော့်ကို မျက်ရည်တွေ ဖုံးတဲ့မျက်ဝန်းတွေနဲ့ ငေးရီကြည့်နေတယ်။

ဆရာမကြီးရဲ့မျက်ဝန်းအစုံထဲက အရမ်းကို နက်ရှိုင်းတဲ့ အဓိပ္ပါယ်တွေကို ကျွန်တော်သေချာနားမလည်နိုင်ပေမယ့်. . .

နောက်ကို ဘယ်တော့မှ ဒီလိုမဖြစ်စေရတော့ပါဘူးလို့ ပေးလိုက်တဲ့ကတိတစ်ခုကိုတော့ ခိုင်မာစွာ တည်စေရမယ်လို့ ဆုံးဖြတ်ချက် သေချာချလိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

တစ်ကိုယ်လုံးဟာ ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေတာမို့ ညက ကျွန်တော် တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ဘူး။

ဒါကြောင့် မနက်ကို အတော်နေမြင့်မှပဲ ကျွန်တော် အိပ်ရာက နိုးလာခဲ့တယ်။ ကျွန်တော်နိုးတော့ အခန်းထဲမှာ ဘယ်သူမှ မရှိကြတော့ဘူး။ ကျောင်းသွားတက်ကြပြီ ထင်ပါရဲ့။

အိပ်ရာထက်ကနေ ကျွန်တော်အားတင်းထပြီး ရေချိုးခန်းဆီ လျှောက်လာခဲ့တယ်။

ရေချိုးခန်းထဲ ဝင်လိုက်တယ်ဆိုရင်ပဲ. . . ဒေါ်ဟန်တစ်ယောက်ရဲ့ ဘောင်ပေါ်မှာ ခြေထောက်နှစ်ချောင်း တွဲလောင်းချပြီး ထိုင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရန်နောင့်ကို တွေ့လိုက်ရတယ်။

ကျွန်တော် သူ့ဆီ ဒေါသတကြီး လျှောက်သွားလိုက်မိတယ်။

"မင်း ဘော်ဒါစိတ် လုံးဝမရှိတဲ့ကောင်ပဲ ရန်နောင်၊ မနေ့က ငါ့ကို ဘာလို့မစောင့်တာလဲ၊ ငါ အုတ်တံတိုင်းပေါ်ကနေ လိမ့်ကျတာတောင် မင်း ငါ့ကို လှည့်မကြည့်ဘူး၊ မင်းအတော်ရက်စက်တဲ့ကောင်ပဲ"

ကျွန်တော် သူ့ကို နာနာကြည်းကြည်း စွပ်စွဲနေမိတယ်။ သူ ကန်ဘောင်ပေါ်ကနေ ခုန်ဆင်းပြီး ကျွန်တော့်ကို စူးစူးရဲရဲ စိုက်ကြည့်နေတယ်။

"ငါ မနေ့က အရိုက်ခံရတယ် သိလား၊ ဆရာမကြီးက ငါ့ကို ရိုက်ပြီး မျက်ရည်ကျတယ်၊ အဲ့ဒါ မင်းကြောင့်၊ မင်းခေါ်လို့ ငါလိုက်မိတာ၊ နောက်ကို မင်းစကားကို ငါလုံးဝနားမထောင်တော့ဘူး၊ ငါ မင်းနောက် ဘယ်တော့မှ မလိုက်တော့ဘူး"

ကျွန်တော့်စကားဆုံးတော့ သူ မဲ့ပြုံးပြုံးတယ်။

"ဆရာမကြီးရဲ့မျက်ရည်တွေ မြင်လိုက်ရလို့ မင်း အရမ်းစိတ်ထိခိုက်သွားတယ်ပေါ့၊ ဟုတ်လား မိုးသောက်၊ ဒါပေမယ့် မင်း သေချာပြန်စဉ်းစားနော်၊ မင်းကို ငါ အတင်းအဓမ္မ ခေါ်သွားခဲ့တာ မဟုတ်ဘူး၊ မင်းသဘောနဲ့မင်းလိုက်တာ"

သူ ပြန်ချေပတဲ့စကားက မှန်နေတော့ ကျွန်တော် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရတယ်။

ဟုတ်တယ်. . . ။

ကျွန်တော့်အသက်အရွယ်ဟာ ချီခေါ် ထမ်းခေါ်သွားလို့ ရတဲ့အရွယ်မှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘာသာ စိတ်လွယ်ပြီး ကိုယ့်ခြေထောက်နဲ့ကိုယ် လိုက်သွားမိတာပဲ။

"ဘာပဲဖြစ်ဖြစ် မင်း ငါ့ကို မစောင့်ခဲ့ဘူး အဲ့ဒါ ဘော်ဒါစိတ် မရှိတာပဲ"

ကျွန်တော် သူ့ကို မကျေမနပ် ထပ်ပြောမိပြန်တယ်။

ကျွန်တော့်စကားကြောင့် သူ့မျက်နှာဟာ ဖျတ်ခနဲ အရောင်ပြောင်းသွားခဲ့တယ်။

လျှို့ဝှက်ဖုံးကွယ်ထားတဲ့ တစ်စုံတစ်ရာအတွက် နာကြည်းခါးသီးချက်အပြည့်ရှိတဲ့ မျက်နှာထားမျိုးနဲ့. . .

"မိုးသောက်. . . ဘယ်သူမဆို ကိုယ့်ဒုက္ခသာ ရှေ့တန်းတင်တတ်ကြတယ် ကိုယ့်ဒုက္ခထက် ဘယ်သူ့ရဲ့အရေးကိစ္စကိုမှ ဂရုစိုက်နိုင်မှာ မဟုတ်ဘူး၊ မင်း အဲ့ဒါကို သိထားပါ"

ပြောပြီးတာနဲ့ ရန်နောင်ဟာ ကျွန်တော့်ရှေ့ကနေ ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်သွားတယ်။

ကျွန်တော် သူ့ကို မတားမိဘူး။

အမှန်အတိုင်း ဝန်ခံရရင် သူ့အပေါ် ခုချိန်ထိ ကျွန်တော် ဒေါသမပြေနိုင်သေးဘူး။

သူပြောသွားတဲ့စကားတွေဟာ အဓိပ္ပါယ် နက်ရှိုင်းလျှို့ဝှက်လွန်းနေတာမို့ ကျွန်တော် ဘာကိုမှ နားမလည်နိုင်ဘူး။

ဒါပေမယ့်. . .

တစ်ခုတော့ စဉ်းစားစရာပဲ။

ဘယ်သူမဆို ကိုယ့်ဒုက္ခကိုသာ ရှေ့တန်းတင်တတ်ကြတယ်တဲ့။ သူ့မှာ ကျွန်တော်မသိမမြင်နိုင်တဲ့ ဒုက္ခတစ်ခုခု ရှိနေလို့များလား။

www.burmeseclassic.com



တော်ပြီ. . .။

ဒီကောင့်အကြောင်း မစဉ်းစားတော့ဘူး။

ကျွန်တော် သူ့အကြောင်း ခေါင်းထဲက ထုတ်ပြီး ရေကို တဗွမ်းဗွမ်း လောင်းချိုးလိုက်မိတော့တယ်။

ဝိညာဉ်နဲ့မှ သူငယ်ချင်းဖြစ်မိတဲ့ ကျွန်တော့်အဖြစ်ဟာလည်း တော်တော့်ကို ဆန်းကြယ်ပါတယ်။

အရင်လို စကားပြောဖော်အဖြစ် အနားမှာ သူ မရှိတော့ ကျွန်တော် ဆရာမကြီးကို ကတိပေးထားတဲ့အလုပ်တစ်ခုကို ပြန်ခိုး လုပ်မိတော့တယ်။

အဲ့ဒါကတော့ အချစ်ဝတ္ထုစာအုပ်တွေကို ပြန်ခိုးဖတ်မိတာ ပါပဲ။ ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်တော်လည်း ပါးနပ်သွားပါပြီ။

အရင်လို အိပ်ရာထဲမှာ စောင်ခေါင်းမြီးခြုံ ဓါတ်မီးနဲ့ မဖတ် တော့ဘဲ အိမ်သာထဲမှာ ထိုင်ပြီး ခိုးဖတ်တာပါ။

ကျွန်တော့် သူ့ကို ပေးထားတဲ့ကတိကို ချိုးဖောက်ပြီး အိမ်သာထဲက သူ လျှို့ဝှက်သိမ်းထားတဲ့နေရာကနေ ဝတ္ထုတွေကို ခိုးဖတ်နေခဲ့မိတယ်။

တစ်နေ့မှာတော့. . .

မမျှော်လင့်ဘဲ လုံးဝကို ထင်မှတ်မထားတဲ့ သူ့ရဲ့လျှို့ဝှက် ချက်တစ်ခုကို ကျွန်တော် အံ့အားတသင့်နဲ့ သိခွင့်ရလိုက်ပါတယ်။

သူသိမ်းထားတဲ့ အချစ်ဝတ္ထုတွေရဲ့ကြားထဲမှာ ဂျာနယ်တစ် စောင်ကို တွေ့လိုက်ရတော့ အမှတ်မထင် ယူဖတ်ကြည့်လိုက်မိတဲ့ အခါမှာ. . .

ကြီးမားတဲ့အပြစ်တစ်ခုအတွက် နှစ်ရှည်အကျဉ်းချလိုက်ရ တဲ့ လူတစ်ယောက်အကြောင်းကို ဖတ်လိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလူကြီးရဲ့ခါတ်ပုံကို မြင်လိုက်ရတဲ့အခါမှာ နှလုံးသွေး ရပ်တန့်မတတ် ကျွန်တော် အံ့အားသင့် တုန်လှုပ်သွားခဲ့ရတော့ တယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီလူကြီးဟာ ရန်နောင်နဲ့ တစ်ထေရာထဲ ရုပ်ချင်း ချွတ်စွပ်တူနေခဲ့လို့ပါ။

ပြီးတော့. . .

အဲ့ဒီလူကြီးရဲ့နာမည်က စောရန်အောင်တဲ့။

ဒီလူကြီးက စောရန်နောင်ရဲ့အဖေပဲဆိုတာ ကျွန်တော် စိတ်ထဲက အလိုအလျောက် ခံစားသိရှိလိုက်ပါတယ်။

အဲ့ဒီအချိန်မှာ သူ ကျွန်တော့်ကို မကြာခဏ ပြောပြဖူးတဲ့ သူ့မှာ မြင်ချင်လျက်နဲ့ မြင်တွေ့ခွင့်မရတဲ့ ခွဲခွာနေရတဲ့ မိသားစု အကြောင်းကို ကျွန်တော်ပြန်ကြားယောင်သတိရပြီး သူ့အပေါ် သနားစိတ်တွေ နင့်နင့်သီးသီး ခံစားလိုက်ရတယ်။

ဒါကြောင့်. . .

သူဟာ ကျွန်တော့်ကို အဖေ့အပေါ် အထင်အမြင်မလွဲဖို့ နားလည်လာဖို့ မိသားစုတွေ အတူနေခွင့်ရနေချိန်မှာ နွေးထွေးချစ်ခင်ဖို့ မကြာခဏ ပြောခဲ့တာကိုး။

ရန်နောင်. . .

ကျွန်တော့်ရဲ့သနားစရာကောင်းလှတဲ့ သူငယ်ချင်း။

ကျွန်တော်ဟာ အဲ့ဒီဂျာနယ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပြီး သူ့အတွက် အရမ်းကို စိတ်ထိခိုက်ဝမ်းနည်းနေမိတယ်။

အဲ့ဒီဂျာနယ်ကို ဘယ်သူမှ မမြင်အောင် ကျွန်တော် သေသေချာချာ သိမ်းထားလိုက်မိတော့တယ်။

ရန်နောင့်အဖေရဲ့သတင်းပါတဲ့ဂျာနယ်လို ဖတ်ပြီးတဲ့

www.burmeseclassic.com



အချိန်ကတည်းက ကျွန်တော့်အနီးအနားမှာ သူ့ကို မတွေ့ရတော့ပေမယ့်. . .

ညနေတိုင်း ထမင်းစားပြီးချိန်မှာ. . သူ ရေနစ်သေဆုံးသွားခဲ့တဲ့ အဆောင်အနောက်က ရေကူးကန်ကြီးနား မယောင်မလည်သွားပြီး သူ့အရိပ်အယောင်ကို တွေ့ရလိုတွေ့ရငြား သွားချောင်းကြည့်မိပါတယ်။

ဖွဲကောင်းကောင်းနဲ့ ကျွန်တော် တစ်ရက်ပြီးတစ်ရက် သွားချောင်းကြည့်မိဆဲ. . .

တစ်ညနေ မှောင်ရီပျိုးစ တစ်ညနေမှာ. . .

သူ့ကို မျက်နှာသေကြီးနဲ့ ဘေးပတ်ဝန်းကျင်ကို လုံးဝမသိရှိတော့တဲ့အနေအထားမျိုးနဲ့ လမ်းလျှောက်နေတာ တွေ့လိုက်ရပါတယ်။ သူ ဦးတည်လျှောက်နေတာ သူရေနစ်သေဆုံးခဲ့တဲ့ ရေကူးကန်ဟောင်းကြီးဆီကိုပါ။

မှောင်ရီပျိုးစအချိန်မှာ မျက်နှာသေကြီးနဲ့ သူ့ကို တွေ့လိုက်ရတဲ့အနေအထားဟာ ချောက်ချားဖွယ်ရာအတိပါ။

အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်ဟာယ ခုလို သူ့ကို တွေ့လိုက်ရတော့ စိတ်ထဲက တထိတ်ထိတ်နဲ့ ချောက်ချားနေမိပေမယ့် သူ ဘာလုပ်မလဲ သိချင်လွန်းလို့ မမှိတ်မသုန် စောင့်ကြည့်နေမိပါတယ်။

သူဟာ ရေကူးကန်ကြီးဆီ ဦးတည်လျှောက်သွားပြီး. . .

ရေကူးကန်ကြီးရဲ့ဘောင်အစပ်ကို ရောက်တာနဲ့. . ရေလုံးဝမရှိဘဲ သစ်ရွက်ခြောက်တွေသာ ရှုပ်တိုက်ပြေးနေတဲ့ကန်ကြီးထဲကို ကြောက်စရာ မျက်နှာသေကြီးနဲ့ ခုန်ချလိုက်ပါတော့တယ်။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြောက်လွန်းလို့ မျက်စိစုံမှိတ်ပြီး အော်လိုက်မိပါတယ်။

ကိုယ့်မျက်လုံးကိုတောင်ကိုယ် လုံးဝမယုံနိုင်လောက်အောင်ပါပဲ။ သူ. . သူ. . ဘာလို့ ဒီလိုလုပ်ရတာလဲ။

ဘာဖြစ်လို့ ရေမရှိတဲ့ ကန်အဟောင်းကြီးထဲ ခုန်ချလိုက်ရတာလဲ။ ပြီးတော့. . .

သူ့ရဲ့ချောက်ချားဖွယ်ရာ ငြိမ်သက်လွန်းလှတဲ့ မျက်နှာသေကြီး။ ဒီလိုမျက်နှာသေလိုမျိုး ကျွန်တော် တစ်ခါမြင်ဖူးခဲ့ပါသေးတယ်။

ကျွန်တော်နဲ့သူ အခဆောင်က ခိုးထွက်ပြီး အကလေ့ကျင့်တာကိုသွားကြည့်ပြီး အပြန်လမ်းမှာ. . .

အုတ်နံရံပေါ်က ကျွန်တော် ခြေချော်ပြုတ်ကျတာကိုတောင် တစ်ချက်ကလေးမှ ဂရုမစိုက်ဘဲ ကျွန်တော့်ကို သူ မစောင့်ဘဲ ပြန်ခဲ့တဲ့နေ့တုန်းက မျက်နှာ။

ကျွန်တော်ဟာ ကန်ထဲကို ခုန်ချလိုက်တဲ့ သူ့ရဲ့အပြုအမူနဲ့. . . ချောက်ချားစရာ သူ့ရဲ့မျက်နှာသေကြီးကို အာရုံထဲမှာ ဘယ်လိုမှ မေ့ဖျောက်ပစ်လို့မရဘဲ. . .

နေရာကနေ ထိတ်လန့်တကြား ပြန်လှည့်ပြေးခဲ့မိတော့တယ်။

ညအိပ်ရာဝင်တဲ့အထိ မျက်နှာသေကြီးနဲ့ ရေကန်ထဲ ခုန်ချလိုက်တဲ့ ရန်နောင့်ရဲ့ပုံရိပ်ကို ကျွန်တော် မျက်စိထဲ မြင်ယောင်နေဆဲပဲ။

ကြောက်လွန်းလို့ ကျွန်တော်ဟာ စောင်ကို တင်းနေအောင် ခေါင်းမြီးခြုံပြီး ငြိမ်သက်နေမိတယ်။

ကျွန်တော်ဟာ ငြိမ်သက်နေပေမယ့် ကျွန်တော့်ခုတင်ဘ



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ လှုပ်နေသလို ခံစားလိုက်ရတယ်။

ကြက်သီးတွေ တဖြန်းဖြန်း ထသွားရရင်း ကျွန်တော် နည်းနည်းကလေးမှ မလှုပ်ဘဲ သေချာအောင် စောင့်ကြည့်မိတယ်။

ခုတင်က ပိုပြီးလှုပ်လာတယ်။

ပြီးတော့. . .

တကျွီကျွီနဲ့ အသံလည်း မြည်လာတယ်။

"မိုးသောက်"

ဟိုဘက်ကုတင်ကနေ ဇော်လေးရဲ့လှမ်းခေါ်သံ ကြားလိုက်ရတော့ ကျွန်တော်အားတက်သွားရတယ်။

"ဇော်လေး. . . ဘာလဲ"

"မင်းခုတင်က အသံမြည်နေတယ်"

"ဟုတ်တယ်"

ကျွန်တော် စောင်ကို ဖယ်ပြီး ဝုန်းခနဲ ထထိုင်လိုက်မိတယ်။

"ဘာဖြစ်တာလဲ"

တခြားကျောင်းသားတွေလည်း မအိပ်သေးတာမို့ တစ်ယောက်ပြီးတစ်ယောက် ကျွန်တော့်ကို ထကြည့်ပြီး မေးတယ်။

ဇော်လေးက ကျွန်တော့်ခုတင်ကို လက်ညှိုးထိုးပြပြီး. . .

"မိုးသောက်ခုတင်က တကျွီကျွီနဲ့ အသံမြည်နေတယ်"

"ဟင်. . ."

အားလုံး တုန်လှုပ်ချောက်ချားသွားကြတယ်။

ပြီးတော့. . .

တိတ်ဆိတ်ငြိမ်သက်ပြီး ကျွန်တော့်ခုတင်ကို ဝိုင်းကြည့်ကြတယ်။

ခုတင်ဟာ အဲ့ဒီအခါကျတော့ လုံးဝအသံမမြည်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ. . . ဘာအသံမှ မကြည်ဘဲနဲ့၊ အဲ့ဒီကောင် မိုးသောက် စိတ်ကူးယဉ်ပြန်ပြီ၊ ဇော်လေး. . . မင်းကလည်း ဒီကောင်ရူးတိုင်း လိုက်ရူး. . . သိလား၊ ကြာရင် မင်းတို့နှစ်ကောင်လုံး စိတ်ကျန်းမာရေးဆေးရုံ ရောက်လိမ့်မယ်"

သူရက ကျွန်တော်တို့နှစ်ယောက်ကို ခပ်လှောင်လှောင်ကြည့်ပြီး ပြောတယ်။

"မဟုတ်ဘူး သူရ၊ ငါတို့ တကယ်ကြားရတာ. . . မင်းမယုံဘူးလား"

ဇော်လေးကတော့ သူရကို ခံငြင်းနေတယ်။

သူရက မယုံဘူးဆိုတဲ့ပုံမျိုး ပခုံးတွန့်ပြတယ်။

ကျွန်တော် ဒီကောင့်ကို လုံးဝဂရုမစိုက်တော့ဘဲ နေလိုက်တယ်။

ဇော်လေးလည်း သူရကို ဘာမှမပြောတော့ဘဲ ကျွန်တော့်ခုတင်ကို စိုက်ကြည့်ပြီး တစ်စုံတစ်ခုကို စဉ်းစားသလို ငြိမ်သက်နေတယ်။

ခဏကြာတော့မှ ဇော်လေးဆီက အဖြေတစ်ခုခု ရလိုရငြားစဉ်းစားကြည့်တဲ့ တီးတိုးသံ ထွက်လာခဲ့တယ်။

"မိုးသောက်. . . မင်းခုတင်ခြေရင်းကို ဓါတ်မီးနဲ့ ထိုးကြည့်စမ်း"

ခုချိန်မှာ ဇော်လေးရဲ့စကားကို ကျွန်တော် အရေးထားနေမိတယ်။

ဇော်လေးဟာ ဒီအကြောင်းကို ကျွန်တော့်ထက်ပိုပြီး စဉ်းစားနိုင်လိမ့်မယ်လို့လည်း ယုံကြည်မိတယ်လေ။

ဇော်လေးရဲ့စကားအတိုင်း ကျွန်တော် အိပ်ရာပေါ်ထနေ

www.burmeseclassic.com



ခေါင်းကို ဖောက်ထိုးဆင်းပြီး ဓါတ်မီးနဲ့ ခုတင်ခြေရင်းကို ကြည့်မိတယ်။

ထူးထူးခြားခြား ဘာမှမတွေ့ရဘူး။

"ဖုန်တွေကို လက်နဲ့ သုတ်လိုက်လေကွာ"

ဇော်လေး ထပ်ပြောတယ်။

ကျွန်တော်လည်း ကမန်းကတန်း ခုတင်ခြေရင်းမှာ ထုတက်နေတဲ့ဖုန်တွေကို လက်နဲ့သုတ်လိုက်ရတယ်။

ဖုန်တွေ စင်သွားတော့. . .

တစ်စထက်တစ်စ ပေါ်လာတဲ့စာလုံးတွေကြောင့် ကျွန်တော်ဟာ ကြက်သီးတွေ တဖြန်းဖြန်းထပြီး ပါးစပ်အဟောင်းသားနဲ့ ကြက်သေ,သေသွားရတယ်။

ကျွန်တော်တွေ့လိုက်ရတာက. . Correction pen နဲ့ ရေးထားတဲ့ မှိန်ဖျော့နေပြီဖြစ်တဲ့ စာလုံးသုံးလုံး။

"စောရန်နောင်"

ဇော်လေးဟာ အသံထွက် ဖတ်ပြီး ကျွန်တော့်ကို အဓိပ္ပါယ်ပါတဲ့ အကြည့်နဲ့ ကြည့်တယ်။

အဲ့ဒီအကြည့်ဟာ သူနဲ့ကျွန်တော်နှစ်ယောက်ထဲ နားလည်တဲ့အကြည့်ပါ။

ဒါဟာ စောရန်နောင်ရဲ့ခုတင်ဆိုရင်. . .

သူ့ကုတင်မှာ ကျွန်တော်အိပ်တော့ သူဟာ အခုချိန်မှာ ဘယ်မှာများနေရရှာမလဲ။

ကျွန်တော် ခဏငြိမ်သက် စဉ်းစားလိုက်မိပြီး ခုတင်ပေါ်က ချက်ချင်းဆင်းလိုက်တယ်။

"ဇော်လေး. . . ငါ အိမ်သာသွားချင်လို့ လိုက်ခဲ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဇော်လေး ကျွန်တော့်ကို အားတက်သရော ခေါင်းညိတ်ပြတယ်။

"သွားလေ. . . လိုက်ပေးမယ်"

ကျွန်တော်နဲ့ဇော်လေး အိမ်သာဆီကို ခပ်သုတ်သုတ် ထွက်လာခဲ့ကြတယ်။ ဇော်လေးလည်း အရမ်းကို စိတ်ဝင်စားနေတယ်ဆိုတာ ကျွန်တော်သိတယ်။

ရန်နောင် ဝတ္ထုစာအုပ်တွေ သိမ်းဆည်းထားတဲ့ အိမ်သာခန်းကို ရွေးချယ်ပြီး တံခါးကို ကျွန်တော် ဖြည်းညင်းစွာဖွင့်လိုက်တယ်။

"ဟင်. . ."

အာမေဋိတ်သံနဲ့အတူ ကျွန်တော့်ရင်ထဲ နင့်ခနဲ ဖြစ်သွားခဲ့ရတယ်။

အိမ်သာထဲမှာ ခွေခွေခေါက်ခေါက် အိပ်မောကျနေရှာတဲ့ ရန်နောင်။ ဘာဖြစ်လို့များ အိမ်သာထဲမှာ လာအိပ်နေရတာလဲ။

သူ့ခုတင်မှာ ကျွန်တော်အိပ်နေလို့ သူဟာ အိပ်စရာနေရာမရှိဖြစ်ပြီး အိမ်သာထဲမှာ လာအိပ်နေရတာလား။

"မိုးသောက်. . . မင်း ဘာကိုကြည့်နေတာလဲ၊ ဘာတွေ့ရလို့လဲ"

ဇော်လေး အိမ်သာထဲကို အသေအချာ လိုက်ကြည့်ပြီး ကျွန်တော့်ကို မေးတယ်။

ကျွန်တော်. . .

"ရှူး. . ."

ခနဲ ဇော်လေးကို တိတ်တိတ်နေဖို့ အချက်ပြလိုက်ပြီး အိမ်သာတံခါးကို အသံမမြည်အောင် သတိထားပြီး ပြန်ပိတ်လိုက်တယ်။

ပြန်လှည့်ထွက်လာခဲ့တဲ့ ကျွန်တော့်ခြေလှမ်းတွေ နှေးကွေး



www.burmeseclassic.com

www.burmeseclassic.com



လို့နေတယ်။

ခွေခေါက်ခေါက် အိပ်နေရှာတဲ့ ရန်နောင့်ပုံရိပ်ကို ကျွန်တော့် အာရုံထဲက ဖျောက်လို့မရနိုင်ဘူး။

"မိုးသောက်. . . မင်း ခုန အိမ်သာထဲမှာ ဘာကိုတွေ့ရလဲဟင်၊ မင်း ဟိုတစ်ခါပြောတဲ့ မင်းရဲ့သရဲသူငယ်ချင်းကို တွေ့ရတာလား၊ မင်းက တွေ့ရပြီး ငါကကျတော့ ဘာလို့ မတွေ့ရတာလဲဟင်၊ ငါလည်း သူ့ကို အရမ်းတွေ့ချင်တာပဲ"

ဇော်လေးက ကျွန်တော့်အနား ကပ်ပြီး တတွတ်တွတ် ပြောနေပေမယ့်. . .

ကျွန်တော်ကတော့ ဇော်လေးပြောသမျှ တစ်ခွန်းမှ နားမဝင်ဘဲ ရန်နောင်အကြောင်းကိုသာ တွေးနေမိတယ။

ရန်နောင့်ရဲ့ဘဝဟာ ဘယ်လောက်များ သနားစရာကောင်း လိုက်သလဲ။

အိပ်စရာနေရာတောင် မရှိလို့ အိမ်သာထဲမှာ အိပ်ရတဲ့ဘဝ။

ရန်နောင်ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ရှိန်နောင့်အတွက် ကျွန်တော် ဘာများလုပ်ပေးနိုင်မလဲလို့ အချိန်တိုင်း စဉ်းစားနေမိတယ်။

တစ်နေ့မှာ. . .

မထင်မှတ်ထားတဲ့ဖြစ်ရပ်တစ်ခုအတွက် ကျွန်တော့်ဘဝမှာ တစ်ဆစ်ချိုး ပြောင်းလဲစရာ ဖြစ်လာခဲ့ရပါတယ်။

အဲ့ဒါကတော့. . .

အဆောင်ရှေ့မှာ ကျောင်းသားတွေ ရုံးစုရုံးစု ဖြစ်နေတာ တွေ့လိုက်ရတော့ ကျွန်တော်လည်း ကျောပိုးအိတ်တောင် မသိမ်းနိုင်ဘဲ ဝင်ကြည့်မိတယ်။

"ဘာဖြစ်တာလဲ"

"မြတ်ဘုန်း သတိမေ့နေလို့"

"ဟင်. . ."

ကျွန်တော် ထိတ်လန့်တကြားနဲ့ ရှေ့တိုးကြည့်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုန်းဟာ ကြမ်းပြင်ပေါ်မှာ ခန့်ခန့်ကြီး သတိလစ်နေတယ်။

"ဆရာမကြီးကို သွားပြောလိုက်လေ"

"နေဦး. . . ငါ့မှာ ရှူဆေးပါတယ်"

ဇော်လေးက ရှူဆေးဘူးကို ဖွင့်ပြီး မြတ်ဘုန်းနှာခေါင်းဝနား တွေ့ပေးလိုက်တယ်။

"ယပ်ခတ်ပေး. . . ယပ်ခတ်ပေး"

တေဇာကလည်း သူသိသလောက် ဝင်ပြောတယ်။

ဗလာစာအုပ်တွေ ထုတ်ပြီး မြတ်ဘုန်းကို ဝိုင်းယပ်ခတ်ပေးကြတယ်။

ကြမ်းပြင်ပေါ်မှာ ခန့်ခန့်ကြီး သတိလစ်နေတဲ့ မြတ်ဘုန်းကို ကြည့်ပြီး ကျွန်တော်တို့အားလုံး လန့်နေကြတာ အမှန်ပဲ။

ခဏကြာတော့. . .

မြတ်ဘုန်း မျက်တောင်တွေ တရွရွ လှုပ်လာတယ်။

"ဟော. . ဟော. . သတိရလာပြီထင်တယ်"

ကျွန်တော်တို့အားလုံး ဝမ်းသာသွားရတယ်။

"မြတ်ဘုန်း. . . မြတ်ဘုန်း"

တေဇာနဲ့ဇော်လေး မြတ်ဘုန်းကို အတင်းလှုပ်ပြီးခေါ်နိုးတယ်။ မြတ်ဘုန်း ဖြည်းဖြည်းချင်း မျက်လုံးဖွင့်ကြည့်တယ်။

ပြီးတော့ သူ့အနားမှာ လူတွေ ဝိုင်းအုံနေတာကို အံ့ဩထိတ်လန့်ပြီး ငုတ်တုတ်ထထိုင်တယ်။

"ငါ. . ငါ မသေဘူးနော်"

"ဘာ"

မြတ်ဘုန်းစကားကြောင့် ကျွန်တော်တို့အားလုံး ကြောင်



www.burmeseclassic.com

www.burmeseclassic.com



သွားရတယ်။

"ငါမသေဘူးနော်. . . တကယ်မသေဘူးနော်"

"ဟ. . . ဘာကြောင်နေတာလဲ၊ မင်း ဘာလို့ သေရမှာလဲ၊ မင်း အခု သတိပြန်ရလာပြီလေ"

"ငါ. . ငါ. . "

မြတ်ဘုန်း ကျွန်တော်တို့ကို မျက်မှောင်ကုတ်ကြည့်ပြီး သူ ဘာဖြစ်ခဲ့သလဲဆိုတာ သူ့ဘာသာ ငြိမ်သက်ပြီး ပြန်စဉ်းစားကြည့်နေတယ်။

"မင်း ဘာဖြစ်သွားတာလဲ မြတ်ဘုန်း. . . မှတ်မိလား"

ကျွန်တော် မြတ်ဘုန်းကို စိတ်ဝင်တစား မေးလိုက်မိတယ်။

မြတ်ဘုန်းက သူ့ဘာသာ ပြန်စဉ်းစားနေရင်းက ထစ်အထစ်အနဲ့ ကျွန်တော့်ကို ပြန်ပြောတယ်။

"ငါ ဓါတ်ခွဲခန်းထဲ ဝင်တယ်၊ ပြီးတော့ အဲဒီတာပုလင်းကို တွေ့တယ်၊ ဆရာက မေ့ဆေးအပျော့စားလို့ ပြောဖူးတာကို သတိရပြီး စမ်းကြည့်ချင်တာနဲ့ ပုလင်းဖွင့်ပြီး ရှူလိုက်မိတာ"

ကျွတ်. . . တော်တော်ခက်တဲ့ကောင်။

မေ့ဆေးအပျော့စားကိုများ စမ်းကြည့်ရသတဲ့။

"သေလိုက်တော့ မြတ်ဘုန်းရာ"

ကျွန်တော် ကရုဏာဒေါသနဲ့ ဒီကောင့်ကို အပြစ်တင်လိုက်မိတယ်။

"အေး. . . ငါ့ကိုယ်ငါတော့ သေပြီး ပြန်ရှင်လာတယ်လို့ပဲ ထင်တာ"

"ဘယ်လို. . . "

မြတ်ဘုန်းရဲ့စကားကို ကျွန်တော် စိတ်ဝင်စားသွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ငါ့ကိုယ်ငါ သေသွားပြီလို့ပဲ ထင်ခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ အသက်ရှူ အရမ်းကျပ်ပြီး ဘာမှမသိတော့ဘူး၊ လေဟာနယ်ထဲ ပေါလောကြီး မျောနေသလိုပဲ၊ ပြီးတော့ မှောင်ပိန်းနေတာပဲ၊ ဘာမှမမြင်ရဘူး၊ ငါ. . ငါ အရမ်းကြောက်တာပဲ၊ ကြောက်လွန်းလို့ အမှောင်ကြီးထဲမှာ စမ်းတဝါးဝါးနဲ့ ထွက်ပြေးတာ၊ နောက်ဆုံး လေပြည်လေညင်းလေး တိုက်တာ သိပြီး ငါလည်း အခုသတိပြန်ရလာတာပဲ"

"မြတ်ဘုန်း. . . မင်းပြောနေတာတွေအားလုံး တကယ်ပဲလားဟင်"

ကျွန်တော်နဲ့ဇော်လေး မြတ်ဘုန်းမျက်နှာကို အသေအချာကြည့်ပြီး စိတ်ဝင်တစား မေးလိုက်မိတယ်။

"အလကားပါကွာ. . . ဒီကောင် စိတ်ကူးတွေ ယဉ်ပြီးလျှောက်ပြောနေတာ၊ သွားကြမယ် ဟေ့ကောင်တွေ၊ ဒီကောင်ပြောတာတွေ ယုံမနေနဲ့. . . အာလူးပြုတ်"

သူရက မြတ်ဘုန်း ပြောပြတဲ့စကားတွေကို လှောင်ပြီး ကျန်တဲ့ကောင်တွေကိုပါ ခေါ်ပြီး ထွက်သွားတော့တယ်။

မြတ်ဘုန်းရဲ့စကားတွေကို ဘယ်သူမှ အရေးတစိုက်နားထောင်ပြီး မယုံကြည်ကြပေမယ့်. . .

ကျွန်တော်နဲ့ဇော်လေးကတော့ သူပြောပြတဲ့အကြောင်းအရာတွေကို စိတ်ဝင်တစား ပြန်စဉ်းစားဆန်းစစ်ပြီး တိတ်ဆိတ်ငြိမ်သက်နေမိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"မိုးသောက်. . မင်းဘာလုပ်မလို့လဲ၊ ငါ့ကို ပြောစမ်းပါ"

ဇော်လေး ကျွန်တော့်အနောက်ကနေ ပြေးလိုက်လာရင်း အသည်းအသန် မေးတယ်။ ကျွန်တော် စိတ်ဇောသန်နေတာမို့ သူ့ကို လှည့်မဖြေအားဘူး။

"မိုးသောက်. . ငါမေးနေတယ်လေ၊ ဘာလုပ်မလို့လဲလို့"

"ဇော်လေး. . . ငါဘာလုပ်မလဲဆိုတော့ သိချင်ရင် မင်း ပါးစပ်အသာပိတ်ပြီး ငါ့နောက်က လိုက်ခဲ့"

ကျွန်တော် ဇော်လေးကို လှည့်မကြည့်ဘဲ စိတ်မြှောင်များ

www.burmeseclassic.com



ပြန်ပြောလိုက်တယ်။

ဇော်လေး ကျွန်တော့်ကို နောက်ထပ် ဘာမှမမေးတော့ တိတ်တိတ်ကလေး လိုက်လာခဲ့တယ်။

ကျွန်တော် လူရှင်းမရှင်း တစ်ချက်စောင့်ကြည့်လိုက်ပြီး ဓါတ်ခွဲခန်းထဲ မြန်မြန်ဝင်လိုက်တယ်။

ဇော်လေးကပါ လိုက်ဝင်လာတယ်။

"မီးသောက်"

"ရှူး. . ."

ကျွန်တော် ဇော်လေးကို အသံမထွက်ဖို့ အချက်ပြလိုက်ပြီး ဓါတ်ခွဲခန်းထဲက ပစ္စည်းတွေကို ဖြည်းဖြည်းချင်း လှည့်ပတ်ကြည့်မိတယ်။

"အီသာ"

တွေ့ပါပြီ။ မြတ်ဘုန်းပြောတဲ့ အီသာမေ့ဆေးအပျော့။

ကျွန်တော် မေ့ဆေးရည်တွေ ထားတဲ့နေရာကို သေသေချာချာ ကြည့်မိပြီး. . .

မေ့ဆေးပေးထားတဲ့ ယုန်လေးတွေကို လိုက်ကြည့်မိတယ်။

ချစ်စရာ ယုန်ကောင်လေးတွေဟာ သူတို့ရဲ့အိပ်စင်ပေါ်မှာ ခန့်ခန့်ကလေး မေ့နေပုံဟာ ချစ်စရာကောင်းမနေတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းလှတဲ့ အခန်းထဲမှာ ကြောက်စရာ ဖြစ်နေတယ်။

မေ့နေတဲ့ ယုန်တစ်ကောင်အနားကို ကျွန်တော် ကြောက်ကြောက်နဲ့ အသာအနီးကပ်ကြည့်မိတယ်။

ဇော်လေးကလည်း ကျွန်တော့်လိုပဲ လိုက်ပြီးကပ်ကြည့်တယ်။ သူ့မျက်နှာပေါ်မှာလည်း ချောက်ချားထိတ်လန့်နေတာနက ပေါ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် အသေအချာ စိုက်ကြည့်စူးစမ်းနေတုန်းမှာပဲ. . .

ယုန်ကောင်ဟာ မျက်လုံးတွေ ပိတ်လျက်ကနေ ဆိတ်ခနဲ ခုန်ထလာတယ်။

"အား. ."

"အမယ်လေး. ."

ဇော်လေးနဲ့ကျွန်တော် ကြောက်လန့်တကြား အော်ဟစ်ရင်း အခန်းထဲက အမြန်ပြေးထွက်ခဲ့မိတယ်။

တကယ်တော့ မေ့နေတဲ့ ယုန်ကလေးဟာ မေ့ဆေးပျယ်ပြီး အကြောထဆွဲတာပါ။

ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးတာမို့ အရမ်းကို ကြောက်သွားခဲ့မိတာပါ။

နှစ်ယောက်သား ဓါတ်ခွဲခန်းအပြင် ရောက်တဲ့အထိ ဘာစကားမှ မပြောနိုင်ဘဲ ဒူးတွေ တဆတ်ဆတ် တုန်နေမိတယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ည နေစာ စားပြီးတာနဲ့ ဆရာမကြီးရဲ့အလစ်ကို စောင့်ပြီး အဆောင်ပြင်ကို ကျွန်တော်ခိုးထွက်ခဲ့တယ်။

ကျွန်တော့်ခြေလှမ်းတွေရဲ့ဦးတည်ရာက အဆောင်နောက်က ရေမရှိတဲ့ ရေကူးကန်ဟောင်းကြီးဆီကိုပဲဖြစ်ပါတယ်။

မျက်နှာသေကြီးနဲ့ ကန်ကြီးဆီ တည့်တည့်မတ်မတ် လာနေတဲ့ ရန်နောင့်ကို တွေ့လိုက်ရတဲ့အခါမှာတော့ အရင်နေ့တွေလို ချောင်းမကြည့်တော့ဘဲ ကြောက်နေတဲ့စိတ်ကိုလည်း အားတင်းပြီး ကျွန်တော် ထင်ထင်ရှားရှားပဲ သူ့ကို စောင့်ကြည့်နေမိတယ်။

ဒါပေမယ့်. . .

ရန်နောင်ဟာ မျက်လုံးတွေသာ ဖွင့်ထားပေမယ့် ကျွန်တော့်ကို မြင်ပုံမရပါဘူး။ အေးစက်စက် မျက်နှာသေကြီးနဲ့ ကျွန်တော့်ရှေ့က ဖြတ်ကျော်လျှောက်သွားတယ်။

"ရန်နောင်. . . သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရဲစွန့်ပြီး ခေါ်လိုက်မိတယ်။

ဒါပေမယ့် ကျွန်တော့်ခေါ်သံကို သူကြားပုံမရပါဘူး။

ကျွန်တော့်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ကန်ကြီး ဆီကိုသာ လျှောက်သွားတယ်။

ကျွန်တော် သူ့နောက်က ထက်ကြပ်မကွာ လိုက်မိတယ်။

ကန်ဘောင်ပေါ် ရောက်တော့ သူ တောင့်တောင်ကြီး ခြေ စုံရပ်လိုက်တယ်။ ကျွန်တော် ရင်တွေ တထိတ်ထိတ် ဖြစ်လာတယ်။

ရန်နောင်. . သူ. . သူ. .

သူ ဖြည်းဖြည်းချင်း ခြေဖနောင့်တွေကို ကြွလိုက်တယ်။

"ရန်နောင်. . မ. . မလုပ်နဲ့. . ခုန်မချနဲ့"

ကျွန်တော် အသံကုန် အော်ဟစ်ပြီး တားလိုက်ပေမယ့် ဘယ်လိုမှ မမှီလိုက်ဘူး။

သူ. . .

ကန်ကြီးထဲ ခုန်ချလိုက်ပါပြီ။

ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားခဲ့ရတယ်။

"ရန်နောင်. ."

ကျွန်တော် ကန်ဘောင်ပေါ်ကနေ တုန်လှုပ်ထိတ်လန့်စွာ အော်လိုက်မိတယ်။

ဒါပေမယ့်. . .

သူဟာ ရေမရှိတဲ့ကန်ရဲ့ ဟိုးအောက်ခြေအထိ ရောက်မ သွားခဲ့ဘဲ. . . ကန်ရဲ့မျက်နှာပြင်ပေါ်မှာတင် လေဟာနယ်ထဲမှာ ရပ် နစ်နေသလို မောကြီးပန်းကြီး ခဲခဲယဉ်းယဉ်း ကူးခတ်နေတဲ့ပုံမျိုးကို တွေ့လိုက်ရတော့ ကျွန်တော်ဟာ ဘာကိုမှ နားမလည်နိုင်လောက် အောင် ဖြစ်သွားခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေမရှိတဲ့ကန်ထဲမှာ သူဟာ ဘာဖြစ်လို့ ရေနစ်သလို ဖြစ်ရတာလဲ။ သူ့ကိုကြည့်ပြီး ကျွန်တော်ဟာ သနားလွန်းလို့ ရင်ထဲဆို့ကျပ်ပြီး မျက်လုံးတွေ ပူနွေးလာမိတယ်။

သူ့အဖြစ်ကို ကျွန်တော် ဘယ်နည်းနဲ့မှ ခြေစုံရပ်ကြည့်မနေနိုင်တော့ဘူး။

မျက်လုံးစုံမှိတ်ပြီး ကန်ကြီးထဲ ကျွန်တော် ခုန်ချလိုက်မိတော့တယ်။ တန်က သိပ်အနက်ကြီး မဟုတ်ပါဘူး။

အကျတော်တာမို့ ကျွန်တော်လည်း သိပ်မနာပါဘူး။

ကန်ထဲ ရောက်တာနဲ့ ကျွန်တော်ဟာ အောက်ကနေ သူ့ခြေထောက်ကို အတင်းဆွဲချနေမိတယ်။

ဒါပေမယ့် ကျွန်တော့်လက်တွေဟာ သူ့ခြေထောက်ကို ထိလို့မရဘူး ဖြစ်နေတယ်။ သူ့ခန္ဓာကိုယ်ဟာ မြင်နေရပေမယ့် ထိလိုက်တာနဲ့ လေထုထဲ ကျွံဝင်သွားသလိုပဲ ဖြစ်နေရတယ်။

"ရန်နောင်. . ရန်နောင်. . မင်းဘာဖြစ်နေတာလဲ၊ ဆင်းဆင်း. . အောက်ကို ဆင်းခဲ့လေ"

ကျွန်တော် သူ့ခြေထောက်တွေကို ထိကိုင်ပြီး ဆွဲနိုင်အောင် အတင်းကြိုးစားရင်းက လှမ်းအော်မိတယ်။

သူကတော့ ခဲခဲယဉ်းယဉ်း ကူးခတ်နေတုန်းပဲ။

နောက်ဆုံးမှာတော့ သူ့ကို အော်ဟစ်လှမ်းဆွဲနေတဲ့ ကျွန်တော်သာ ခြေကုန်လက်ပန်းကျပြီး ကန်ကြမ်းပြင်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိတော့တယ်။

သူ့ကြည့်ရတာ ရေထဲမှာ မွန်းကျပ် အသက်ရှူလို့မရတော့ဘဲ သွေးရူးသွေးတန်းဖြစ်နေတဲ့ပုံပဲ။

သူ့အဖြစ်ဆိုးကို ကြေကွဲနေရုံကလွဲလို့ ဘာမှမတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ကျွန်တော် လက်မှိုင်ချ ကြည့်နေရတဲ့အချိန်မှာပဲ. . .

အရမ်းကို သွေးရူးသွေးတန်းဖြစ်နေရာကနေ သူဟာ တစထက်တစ ငြိမ်သက်ပြီး ကန်ကြမ်းပြင်ဆီကို တဖြည်းဖြည်းချင်း အလိုအလျောက် နိမ့်ဆင်းကျလာခဲ့တယ်။

ကျွန်တော့်နံဘေးကို ဆန့်ဆန့်ကြီး ကျလာတဲ့ သူ့ကို ကြည့်ပြီး မျက်လုံးအပြူးသားနဲ့ ကျွန်တော်ထိတ်လန့်အံ့သြနေမိတယ်။

သူ့မျက်နှာဟာ ကျွန်တော် အရင်တုန်းက တွေ့ခဲ့ဖူးတဲ့ မျက်နှာနဲ့ မတူဘူး။

လုံးဝမတူတော့ဘူး။

အရင်တုန်းက သူဟာ ဝိညာဉ်ဆိုပေမယ့် ကျွန်တော်တို့လိုပဲ ဘာမှမကွာခြားဘူး။

အခု သူ့မျက်နှာကြီးက တကယ့်ကို အသက်မရှိတဲ့ လူသေကောင်မျက်နှာကြီးလိုမျိုး. . .

ချောက်ချားဖွယ်အတိ ငြိမ်သက်လွန်းလို့နေတယ်။

ကျွန်တော် မှင်တက်မိနေရင်းက အံ့သြတကြီးနဲ့ သူ့ကို မတ်တတ်ရပ်ပြီး မျက်လုံးအဝိုင်းသားနဲ့ ကြည့်နေမိတယ်။

သူ့ကို ကြည့်နေမိရင်းက ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထလာခဲ့တယ်။

ကြောက်စရာ သူ့မျက်နှာကြီးဟာ တစ်စထက်တစ်စ ပြာနှမ်းနှမ်း ဖြစ်လာခဲ့ပြီး. . . ကြည့်နေရင်းကနေ အရိုးစုအဖြစ် ပြောင်းလဲသွားတဲ့အခါမှာတော့. . .

ကျွန်တော့်ခေါင်းတစ်ခုလုံး အဆမတန် ကြီးသွားခဲ့ပြီ။

ကြောက်လွန်းလို့ ကျွန်တော်ဟာ. . .

"အား. ."



www.burmeseclassic.com

www.burmeseclassic.com



ခနဲ အော်ပြီး သူ့ကို ချက်ချင်းကျောခိုင်းလိုက်မိတော့တယ်။

ကျွန်တော်တစ်ကိုယ်လုံး ကြောက်လွန်းလို့ တဆတ်ဆတ် တုန်နေမိတယ်။ ဒါပေမယ့် ကျွန်တော်ဟာ နေရာက ရွှေ့မရဘဲ လှုပ်ရှားမရ ဖြစ်နေခဲ့တယ်။

ဘယ်လောက်ကြာအောင် ကျွန်တော်ရပ်နေခဲ့မိသလဲမ သိဘူး။

"မင်း သိပြီမဟုတ်လား"

ရုတ်တရက် သူ့အသံကို ကြားလိုက်ရတော့ ကျွန်တော့် ကျောပြင် ဆတ်ခနဲ တုန်သွားရတယ်။

"ငါဘယ်လို သေခဲ့ရသလဲဆိုတာ မင်း အခု သိပြီမဟုတ် လား မိုးသောက်"

သူ ကျွန်တော့်ရှေ့မှာ ပေါ်လာခဲ့တယ်။

သူ့ကို အရင်အတိုင်း ပြန်တွေ့လိုက်ရလို့ ကျွန်တော် နည်းနည်းစိတ်သက်သာရာ ရသွားရတယ်။

အနောက်ကို မရဲတရဲ လှည့်ကြည့်လိုက်မိတယ်။

ခုနက ကြောက်လန့်စရာ အရိုးစု ရုပ်သွင်ကြီး မရှိတော့ဘူး။

"ဟင်း. . ."

ကျွန်တော် သက်ပြင်းရှိုက်လိုက်မိတယ်။

မျက်ရည်တွေ ရီဝေပိတ်ဖုံးနေတဲ့မျက်လုံးတွေနဲ့ သူ ကျွန် တော့်ကို ကြည့်ပြီး ဖြည်းဖြည်းချင်း စကားဆက်တယ်။

"အဲ့ဒီနေ့က. . ."

သူ့အသံဟာ ဟိုးအဝေးကြီးက လွင့်လာသလိုပဲ။

အတိတ်ကို ပြန်သတိရပြီး သူ့မျက်နှာဟာ ခံစားချက်တစ်ခု နဲ့ ရီဝေနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သူငယ်ချင်းတွေ စုပြီး ဒီကန်ကြီးထဲမှာ ရေကူးနေကြတာ. . . အရမ်းပျော်ဖို့ကောင်းတာပဲ. . .

ငါတို့အုပ်စုထဲမှာ အရမ်းနောက်ပြောင်တတ်တဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်. . . ပြည့်ဖြိုးအေးလေ"

"သူက အရင်ရေနစ်ချင်ယောင်ဆောင်တာ၊ ငါတို့အားလုံးပျာယာခတ်ပြီး သူ့ကို ဝိုင်းကယ်ကြတာပေါ့၊ ကန်ဘောင်ပေါ် ရောက်တော့မှ သူက ဘာမှမဖြစ်ဘူးဆိုပြီး နောက်တာ၊ အားလုံးက သူ့အတွက် စိတ်ပူခဲ့ရလို့ ဝရုန်းသုန်းကားဖြစ်ပြီး သူ့ကို ဝိုင်းထုကြတော့တာပေါ့၊ ဒီကောင်ထွက်ပြေးရတယ်. . .

အဲ့ဒီတုန်းက ငါတို့ အရမ်းပျော်ခဲ့ကြတယ်"

သူ့မျက်လုံးတွေ မျက်ရည်တွေနဲ့ ပြည့်လျှံနေပေမယ့် သူ့နှုတ်ခမ်းကတော့ ပြုံးနေတယ်။

သူ့ကြည့်ရတာ အတိတ်ကို ပြန်မြင်ယောင်နေသလိုပဲ။

ဒါပေမယ့် သူ့နှုတ်ပေါ်က အပြုံးဟာ တဖြည်းဖြည်း မှိန်ဖျော့သွားလေတယ်။ သူ ခပ်တိုးတိုး စကားဆက်တယ်။

"ပြီးတော့ ငါတို့ ရေကန်ထဲ ပြန်ဆင်းကူးကြတယ်၊ အဲ့ဒီအချိန်မှာ. . အဲ. . အဲ့ဒီအချိန်မှာ. . ."

သူ အသံတွေ တိမ်ဝင်သွားတယ်။

"ငါ. . ငါကြွမ်မှာငင်တော့တာပဲ၊ ရေကူးနေရင်းကနေ ငါ့ခြေထောက်တွေ ကြွက်တက်လာတယ်၊ ငါကြောက်လွန်းလို့ တအားအော်ဟစ်ပြီး အကူအညီတောင်းတယ်"

"ဒါ. . ဒါပေမယ့်. ."

သူချက်ချင်း စကားဆက်လို့မရနိုင်ဘဲ တံတွေးတစ်ချက်မျိုချတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာခဲ့တယ်။

"ငါ. . ငါကံဆိုးချင်တော့ ငါနောက်နေတယ်ပဲ ထင်ပြီး ငါ့ကို ဘယ်သူမှ လာမကယ်ဘဲ ထွက်သွားကြတယ်"

"ဟင်. . ."

ကံဆိုးလိုက်တာ။

မင်းကံဆိုးလိုက်တာ သူငယ်ချင်းရယ်။

"နောက်ဆုံး ဘယ်သူမှ ကယ်မယ့်သူ မရှိဘဲ. . ငါ. . ငါ. ."

သူ စကားမဆက်နိုင်တော့ဘူး။

မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ပြီး ချုံးပွဲချ ရှိုက်ကြီးတငင် ငိုကြွေးလေတော့တယ်။

ရန်နောင်ရယ်. . .

သူငယ်ချင်းရယ်. . .

အဖြစ်ဆိုးလိုက်တာ. . .

မင်းအဖြစ်ဆိုးလိုက်တာ. . .

သူငယ်ချင်းတွေ အများကြီး ရှိတာတောင် မင်းဟာ ကူကယ်ရာမဲ့ဘဝနဲ့ ရေနစ်သေခဲ့ရတာပေါ့။

ကျွန်တော် သူ့ကို ဘယ်လိုနှစ်သိမ့်ပေးရမလဲ မသိတော့ဘူး။ ငိုကြွေးနေတဲ့ သူ့ပခုံးနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ပြီး ကျွန်တော်လည်း မျက်ရည်တွေ ကျနေခဲ့မိတယ်။

ကျွန်တော်တို့နှစ်ယောက် အချိန်အကြာကြီး ငိုကြွေးနေမိကြတယ်။ အတော်လေး ကြာမှ. . .

သူ တစ်ချက်ရှိုက်လိုက်ပြီး စကားဆက်တယ်။

"အသက်ရှူကြပ်တဲ့ဒဏ်ကို အချိန်အကြာကြီး ခံခဲ့ရပြီးတော့မှ ငါဟာ ဟောဒီရေကန်ကြမ်းပြင်အောက်မှာ ငြိမ်သက်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့တယ်၊ အတော်ကြီးကြာမှ ငါပျောက်နေတာကို သတိရပြီး ငါ့ကို သူတို့ လိုက်ရှာကြတယ်. . .

အဲ့ဒီအချိန်မှာ ငါဟာ ရေအောက်မှာ ငြိမ်သက်နေခဲ့ပြီ လေ. . . အားလုံး ပျာယာခတ်ကုန်ကြတာပေါ့. . .

ဆရာမကြီးကို ခေါ်ကြတယ်"

သူ ခဏနားပြီး တစ်ချက်ရှိုက်လိုက်ပြန်တယ်။

ခုနကထက်စာရင် သူ့မျက်နှာဟာ နည်းနည်းတော့ တည် ငြိမ်သွားတယ်။

"ဆရာမကြီးဟာ ငါရေနစ်သေသွားပြီဆိုတဲ့သတင်း ကြား ကြားချင်း အရမ်းကို ထိတ်လန့်ချောက်ချားပြီး ချက်ချင်းကို အပြေး ရောက်လာခဲ့တယ်၊

ငါ့အလောင်းကို တွေ့တော့ အသည်းအသန်ကို ငိုတော့ တာပဲ"

ကျွန်တော် မျက်စိစုံမှိတ်ပြီး သက်ပြင်းခိုးရှိုက်လိုက်မိတယ်။

ဆရာမကြီးဟာ အနေတည်ပြီး ကျောင်းသားတွေကို ရော ရောနှောနှော နေလေ့မရှိပေမယ့်. . .

ဆရာမကြီးရဲ့ရင်ထဲမှာတော့ ကျွန်တော်တို့ကို သားသမီး အရင်းချာလို နွေးထွေးတဲ့မေတ္တာတရား ရှိတယ်ဆိုတာ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ်။

"ငါသေသွားတဲ့အတွက် ဆရာမကြီး ဘာလို့ ဒီလောက် တောင် စိတ်ထိခိုက်ရသလဲ မသိဘူး မိုးသောက်"

"မင်းကိုချစ်လို့ဖြစ်မှာပေါ့"

ရန်နောင် ဖွဖွပြုံးတယ်။

သူ့အပြုံးက ကြေကွဲနွမ်းဖျော့နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မဆုံးခင် ရက်ပိုင်းလေးက ဆရာမကြီးဟာ ငါ့ကို အချက်ပေါင်းများစွာ ရိုက်ခဲ့တယ်လေ"

"ဟင်"

"ဘာလို့ ရိုက်ခဲ့တာလဲဆိုတော့. . ."

သူ ချက်ချင်း စကားမဆက်သေးပြန်ဘူး။

ခါးသီးတဲ့အတိတ်ဆီ သူက ပြန်လွင့်သွားပုံပဲ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့မနက်မှာ အတန်းပိုင်ဆရာမ ခိုင်းတဲ့ကိစ္စတစ်ခုကြောင့် ရုံးခန်းထဲကို ငါရောက်ခဲ့တယ်. . .

အဲ့ဒီအချိန်မှာ ဆရာကြီးက ဂျာနယ်တစ်စောင်ကို ဖတ်နေခဲ့တယ်၊ သိတဲ့အတိုင်းပဲ ငါက စာဖတ်ဝါသနာပါတော့ အမှတ်မထင် ဆရာမကြီး ဖတ်နေတဲ့ ဂျာနယ်ကို အနောက်ကနေ ပတ်ပြီး သွားကြည့်လိုက်မိတယ်၊

ဆရာမကြီး ဖတ်နေတဲ့သတင်းကို ငါဖတ်လိုက်မိတဲ့အချိန်မှာ ငါဟာ အရမ်းကို တုန်လှုပ်ချောက်ချားသွားရတယ်၊

ဘာ. . ဘာဖြစ်လို့လဲဆိုတော့. . . "

သူ့မျက်နှာဟာ ပြိုတော့မယ့်မိုးလို အုံ့မှိုင်းသွားပြန်တယ်၊ သူ့မျက်လုံးတွေ ပြန်ပြီးစွတ်စိုလာခဲ့ပြန်တယ်။

"ငါ့အဖေ ပြစ်ဒဏ်ချခံရတဲ့သတင်း အဲ့ဒီဂျာနယ်ထဲမှာ ပါလာခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံတွေ အက်ကွဲတိမ်ဝင်သွားပြန်တယ်။

ကျွန်တော် သူ့ပခုံးကို တင်းတင်းဆုပ်ကိုင်လိုက်မိတယ်။

သူ့အတွက် သူ့ရဲ့ခါးသီးလွန်းလှတဲ့ဘဝအတွက် နှစ်သိမ့်ပေးစရာ စကားလုံး ကျွန်တော်ရှာမတွေ့နိုင်ဘူး။

စာနာစိတ်နဲ့ ကျွန်တော် ရင်ထဲ ခါးသီးလာခဲ့ရတယ်။

"ဆရာမကြီးဟာ ငါရောက်နေတာကို သိသွားတာနဲ့ ဂျာနယ်ကို ချက်ချင်း အံဆွဲထဲ ထည့်ဝှက်သိမ်းလိုက်တယ်၊ ငါကလည်း အတင်းတောင်းတယ်၊ ဆရာမကြီးကလည်း မပေးဘူး၊ နောက်ဆုံးမှာ ငါ ငိုပြီး ဆရာမကြီးရဲ့ အံဆွဲကို အတင်းဆွဲဖွင့်မိတယ်၊ ဆရာမကြီးနဲ့ ရှုန်းရင်းဆန်ခတ် ဖြစ်ရင်းကနေ အမှတ်မထင် ငါ့တံတောင်ဆစ်နဲ့ ထိပြီး စားပွဲပေါ်က ဓါတ်ပြားစက်ခလုတ်ပွင့်သွားတယ်၊ အဲ့ဒီအချိန်မှာ ကြားလိုက်ရတဲ့သီချင်းက ဘယ်တော့မှ မမေ့ဘူး သီချင်း"

အဲ့ဒီသီချင်း. . .

ဆရာမကြီးရဲ့ရုံးခန်းရှေ့က ဖြတ်တိုင်း အမြဲလိုလို ကြားရတတ်တဲ့သီချင်း။ ဘယ်သူမှ မဖွင့်ဘဲ သူ့အလိုလို ကြားရတတ်တယ် ဆိုတဲ့သီချင်း။ အဲ့ဒီသီချင်းသံ ကြားရတိုင်း ဆရာမကြီးဟာ ရှိုက်ကြီးတငင် ငိုကြွေးတတ်သတဲ့။

"ဆရာမကြီးက ပြောတယ်၊ ငါဟာ ကျောင်းသားတစ်ယောက်မို့ ခေါင်းထဲမှာ ဘာအရေးကိစ္စ ပြဿနာကိုမှ မထည့်ဘဲ စာကိုသာ လုပ်ပါတဲ့၊ ငါ့ရဲ့ပညာရေးကိစ္စကို သူတာဝန်ယူသတဲ့၊

ဆရာမကြီးရဲ့စေတနာကို ငါနားလည်ပေမယ့် အဖေ့သတင်းကို ရုတ်တရက် သိလိုက်ရတာမို့ ငါဟာ စိတ်တွေ ဆော တည်ရာမရအောင် လှုပ်ရှားပြီး ဆရာမကြီးကို ပြန်ခံပြောခဲ့တယ်၊

ဘယ်ကျောင်းသားမှ ခံမပြောဖူးတဲ့ သူ့ကို ငါဟာ ပြန်ခံပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာမကြီး အတော်ခံပြင်းသွားပုံရတယ်၊ ငါ့ကိုလည်း သူ့စေတနာကို အသိအမှတ်မပြုဘဲ စော်ကားတယ်ဆိုပြီး ဒေါသတကြီး ရိုက်တော့တာပဲ၊

ဘယ်နှစ်ချက်မှန်း မမှတ်မိတော့အောင် အချက်ပေါင်းများစွာ ရိုက်ခဲ့တာ၊ ငါကလည်း အဲ့ဒီလို အသားအနာခံပြီး . . အံ့ဆွဲထဲက ဂျာနယ်ကို ဆရာမကြီးအလစ်မှာ ရအောင်ပြန်သွားယူခဲ့တယ်"

ကြည့်စမ်း ဘယ်လောက်များ ဇွဲသန်လိုက်တဲ့ ရန်နောင်လဲ။

လိုချင်တာကို ရအောင်ယူတတ်တဲ့ ရန်နောင့်ရဲ့စိတ်ဓါတ်ကို ကျွန်တော် ထိန်လန့်တကြား ဖြစ်သွားရတယ်။

"ဒါပေမယ့် အဖေ့အတွက် ပူလောင်ကြေကွဲရတဲ့ ငါ့ခံစားချက်ကို ဘယ်သူမှ မသိအောင် ငါ့ရင်ထဲမှာပဲ သိမ်းဆည်းထားခဲ့တယ်လေ. .၊ နောက်တစ်ရက် ပြည့်ဖြိုးအေးတို့တတွေ ရေကူးဖို့ ခေါ်တော့ ငါ ဘာမှမဖြစ်သလိုပဲ ရေလိုက်ကူးခဲ့တာ၊

သူငယ်ချင်းတွေနဲ့ ရောနှောလိုက်တော့လည်း ခံစားချက်တွေအားလုံးကို မေ့ပြီး ငါတကယ်ပျော်ခဲ့ပါတယ်၊

ဒါပေမယ့် ဆရာမကြီးကတော့ ငါဟာ အဖေ့အတွက် ကြေကွဲတဲ့ခံစားချက်နဲ့၊ ပြီးတော့ သူရိုက်လို့ ကိုယ့်ဘာသာ ရေနစ်သေတယ်ထင်ပြီး အခုချိန်ထိ စိတ်ဖြေမရအောင် ထိခိုက်နေတာလားမသိဘူး. . . အဲ့ဒီအတွက် ငါ တကယ်ပဲ စိတ်ကောင်းပါဘူး"

ရန်နောင်ဟာ သူသေခဲ့ရတဲ့ အတိတ်အဖြစ်ဆိုးကို တရှည်တလျားကြီး ကျွန်တော့်ကို ရှင်းပြပြီးချိန်မှာတော့ နောက်ထပ် စကားဆက်စရာ မရှိတော့သလို ငြိမ်သက်တိတ်ဆိတ်နေလေတော့တယ်။

စကားဆက်စရာ ရှိနေသေးတာက ကျွန်တော်ပါ။

သူနဲ့ ပတ်သက်ပြီး ကျွန်တော် အရေးတကြီး သိချင်တာတစ်



www.burmeseclassic.com

ခု ရှိနေသေးတယ်လေ။

"ရန်နောင်. . . မင်း ဘာကြောင့် ညနေတိုင်း ဒီရေကန်ထဲကို ခုန်ချရတာလဲ"

သူ့ကို သနားပေမယ့် ကျွန်တော်သိချင်လွန်းနေတာမို့ ဖွင့်မေးလိုက်မိတယ်။ သူ့မျက်နှာ အုံ့မှိုင်းသွားတယ်။

"ငါမသိဘူး မိုးသောက်၊ အဲ့ဒါကို ငါကိုယ်တိုင်လည်း မသိဘူး၊ ညနေရောက်ရင် ငါဟာ ဘာကိုမှ မသိတော့ဘူး၊ ငါ့ခြေလှမ်းတွေဟာ အလိုအလျောက် ဒီကိုရောက်လာတော့တာပဲ၊ ညနေတိုင်း ဒီဒုက္ခကြီးကို ကြုံတွေ့ဖြတ်သန်းရတာ၊ ငါအရမ်းကြောက်တယ်. . . မင်းသိလား၊ ရေတွေက အရမ်းအေးတာပဲ၊

ပြီးတော့ ငါရေနစ်ခဲ့တုန်းကလိုပဲ အသက်ရှူ အရမ်းကျပ်ပြီး မချိမဆန့် ခံစားရတာ"

အုံ့မှိုင်းညို့ဆိုင်းနေတဲ့ သူ့မျက်နှာကို ငေးရီရင်း ကျွန်တော် အရမ်းကို သနားနေမိတယ်။ ကျွန်တော့်ရဲ့သူငယ်ချင်း. . .

အဖြစ်ဆိုးလှတဲ့ ကျွန်တော့်ရဲ့သူငယ်ချင်း။

ဝိညာဉ်ဘဝ ရောက်တာတောင် သူ့ဒုက္ခ ကြီးမားပြင်းထန်လွန်းလှတယ်။ ဘာလုပ်ပေးရမလဲ. . . ။

သူ့အတွက် ကျွန်တော်ဘာလုပ်ပေးနိုင်မလဲ။

သူ ဒီလိုဆိုးဝါးလှတဲ့ ဒုက္ခဆင်းရဲကြီးက လွတ်အောင် ကျွန်တော် အရမ်းကူညီပေးချင်တယ်။

ကျွန်တော့်ရဲ့သူငယ်ချင်းအတွက် ဘာများလုပ်ပေးနိုင်မလဲ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

တစ်ယောက်တည်း ဘာကိုမှ စဉ်းစားဆုံးဖြတ်လို့ မရနိုင်တဲ့အဆုံးမှာ ကျွန်တော်ဟာ ရန်နောင့်အကြောင်းကို ဇော်လေးဆီမှာ ဖွင့်ပြောပြလိုက်မိတယ်။

ဘာဖြစ်လို့လဲဆိုတော့. . ဇော်လေးကလည်း ဝိညာဉ်နဲ့မသူငယ်ချင်းဖြစ်နေတဲ့ ကျွန်တော့်ကိစ္စကို စိတ်ဝင်စားနေတဲ့သူတိုး

ကျွန်တော် ပြောပြတဲ့အဖြစ်အပျက်တွေကို အအေးအချောနားစိုက်ထောင်ပြီးတဲ့အချိန်မှာ ဇော်လေးက. . .

"မိုးသောက်. . . မင်း အခုပြောပြတဲ့အကြောင်းအရာမှီး



www.burmeseclassic.com

www.burmeseclassic.com



ငါမြင်ဖူးတယ်"

"ဟင်. . ."

ဇော်လေးစကားကြောင့် ကျွန်တော်အံ့အားသင့်သွားရတယ်။

"မနှစ်တုန်းကပေါ့ ညကိုးနာရီလောက် ရှိတယ်၊ မိုးတွေ ရွာနေလို့ ငါ ပြတင်းတံခါး ထပိတ်တာ၊ ဝုန်းခနဲ မြည်သံကြီး ကြားလို့ အရမ်းလန့်သွားပြီး အောက်ကို ငုံ့ကြည့်တော့ ငါတို့နေတဲ့ တိုက်ခြေရင်းနားမှာ ဆိုင်ကယ်မှောက်တာ၊ အရှိန်အရမ်းပြင်းလို့ ဆိုက်ကယ်စီးလာတဲ့သူဟာ ပွဲချင်းပြီးပဲ သေသွားခဲ့တယ်၊ အား. . . သွေးတွေဆို မြင်မကောင်းအောင်ပဲ၊ အဲ့ဒီမြင်ကွင်းကို မြင်ရတာ ကြောက်လွန်းလို့ ငါ တစ်ကိုယ်လုံး လှုပ်ရှားလို့တောင် မရတော့ဘူး"

ပြောရင်းက အဲ့ဒီအဖြစ်အပျက်ကို ပြန်မြင်ယောင်လာသလိုလို ဇော်လေး အသံတွေ တုန်ပြီး မျက်နှာပါ ပျက်နေတယ်။

"မင်းသိလား မိုးသောက်၊ နောက်နေ့တွေမှာ ညတိုင်းညတိုင်း ကိုးနာရီအချိန်လောက်ဆို ငါတို့ တိုက်ခြေရင်းနား ဝုန်းခနဲ ဆိုက်ကယ်မှောက်သံကြီးကို ကြားရတော့တာပဲ၊

ဆိုင်ကယ်မှောက်ခဲ့တဲ့နေ့တုန်းကလို အဲ့ဒီနားက ပစ္စည်းတွေ အားလုံးလည်း အလိုအလျောက် လဲပြိုတော့တာပဲ၊

ပြီးတော့ သွေးတွေကလည်း အဲ့ဒီအချိန်ဆို သူ့အလိုအလျောက် ပေါ်လာတော့တာ၊ အဲ့ဒီမြင်ကွင်းကို နေ့တိုင်းမြင်တွေ့ရတဲ့ အခါ ငါကြောက်လွန်းလို့ အဲ့ဒီပြတင်းတံခါးနားကို သွားကိုမသွားရဲ တော့ဘူး၊ ပြတင်းပေါက်တံခါးကိုလည်း အသေပိတ်ထားလိုက်မိ တော့တယ်"

သူ့စကားကို နားစိုက်ထောင်ပြီး ကျွန်တော် အရမ်းကို



www.burmeseclassic.com

www.burmeseclassic.com



အံ့သြနေမိတယ်။

အဖြစ်ဆိုးနဲ့ သေဆုံးရတဲ့သူတိုင်းဟာ ဝိညာဉ်ဘဝ ရောက်သည့်တိုင် အဲ့ဒီအဖြစ်ဆိုးကြီးမျိုးကို အဖန်တလဲလဲ ကြုံတွေ့ခံစားရတာလား။

"မိုးသောက်. ."

ကျွန်တော် ရန်နောင့်အဖြစ်အပျက်နဲ့ ဇော်လေး ပြောပြတဲ့ အကြောင်းအရာကို နှိုင်းယှဉ်စဉ်းစားမိနေတုန်း ဇော်လေးက ခေါ်တယ်။ ကျွန်တော်ပြန်မထူးမိဘူး။

"မိုးသောက်. . . ငါတစ်ခုပြောမယ်"

ဇော်လေးအသံက အလေးအနက်မို့ ကျွန်တော် သူ့မျက်နှာကို လှည့်ကြည့်လိုက်မိတယ်။

"မင်းသူငယ်ချင်းကို မင်း အရမ်းကူညီချင်နေတယ် မဟုတ်လား"

"အင်း. . ."

ကျွန်တော် ချက်ချင်းခေါင်းညိတ်ပြလိုက်မိတယ်။

"ဒါပေမယ့် မင်းကူညီလို့မရဘူး ဖြစ်နေတယ်"

"ဟုတ်တယ်. . . အဲ့ဒါကြောင့် ငါ သူ့ကို ဘယ်လိုကူညီနိုင်မလဲ စဉ်းစားနေတာ"

ဇော်လေး ကျွန်တော့်ကို ကြည့်ပြီး ခေါင်းခါပြတယ်။

"မရဘူး မိုးသောက်၊ ဒါ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ ငါ အသေအချာ စဉ်းစားကြည့်ပြီးပြီ"

"ဒီမှာ မိုးသောက်၊ သူက တစ္ဆေ၊ မင်းက အသက်ရှိနေတဲ့လူ ဘဝချင်းမှ မတူဘဲ မင်း သူ့ကို ဘယ်လိုကူညီလို့ရမှာလဲ"

"တစ္ဆေကို ကူညီဖို့အတွက် မင်းလည်းပဲ တစ္ဆေဖြစ်မှ ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ဟင်. . ."

ဇော်လေးစကားကြောင့် မျက်လုံးတွေ ပြူးကျယ်ပြီး ကျွန်တော် ထိတ်လန့်သွားခဲ့ရတယ်။

"မဟုတ်ဘူးလား. . . မင်းနဲ့သူ ဘဝချင်းတူမှ ရမှာပေါ့။ အဲ့ဒီလို တစ္ဆေဖြစ်ဖို့အတွက် မင်းသေမှဖြစ်မှာလေ"

ကျွန်တော် သက်ပြင်းရှိုက်လိုက်မိတယ်။

ဇော်လေး ပြောတဲ့စကားတွေက ကျွန်တော် တစ်ခါမှ မစဉ်းစားမိတဲ့ အကြောင်းအရာပဲ။ ဘာပဲဖြစ်ဖြစ်. . . သူ့စကားတွေက ယုတ္တိတန်တယ်လို့ ကျွန်တော်ခံစားမိ တယ်။

"သူက ဝိညာဉ်ဆိုတော့ မင်းက သူ့ကို ကူညီချင်တယ်ဆိုရင် ဝိညာဉ်နဲ့ပဲ ကူညီလို့ရမှာလေ၊ စိတ်နဲ့ခန္ဓာကိုယ် ခွာမှဖြစ်မှာ၊

ဒါ ဘယ်နည်းနဲ့မှ လွယ်တဲ့ကိစ္စမဟုတ်ဘူး မိုးသောက်၊ အဲ့ဒါကြောင့် သူ့ကို ကူညီဖို့ကို မင်းလက်လျှော့လိုက်ပါ"

ဇော်လေး စကားဆုံးသွားတဲ့အချိန်မှာ ကျွန်တော် သက်ပြင်းတွေနဲ့ ခေါင်းငိုက်စိုက်ကျသွားမိတယ်။

"သူက ဝိညာဉ်ဆိုတော့ မင်းက သူ့ကို ကူညီချင်တယ်ဆိုရင် ဝိညာဉ်နဲ့ပဲ ကူညီလို့ရမှာလေ"

ဇော်လေးရဲ့စကားတွေကို ကျွန်တော့်နားထဲမှာ အဆက်မပြတ် ကြားယောင်နေမိတယ်။

"ရန်နွေနောင်. . . သူငယ်ချင်း. . .

မင်းအတွက် ငါဘာလုပ်ပေးရမလဲကွာ။

卐 卐 卐 卐



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး ရန်နော်င လေသံမာမာနဲ့ ပြောတယ်။ ကျွန်တော် တိတ်ဆိတ်နေမိတယ်။

"မိုးသောက်. . . ငါပြောမယ် အေချာနားထောင်၊ ဘယ်သူမဆို ကိုယ့်ဘဝနဲ့ကိုယ်ပဲ၊ သူတပါးရဲ့ဒုက္ခကို ကူညီကယ်တင်ဖို့အတွက် ကိုယ့်ဘဝ ကိုယ့်အသက်ကို စွန့်လွှတ်မယ်ဆိုတာ မိုက်ရူးရဲတဲ့ စိတ်ဓါတ်ပဲ"

ကျွန်တော် သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိတယ်။

သူ့ကို ကယ်တင်နိုင်ဖို့အတွက် ကျွန်တော်ဟာ စဉ်းစားထားပြီးသားပါ။

"မိုးသောက်. . . မင်း မလုပ်ကောင်းတာတွေ မလုပ်ပါဘူးလို့ ငါ့ကို ကတိပေးစမ်းပါ မိုးသောက်၊ ငါ့ကို ကတိပေး"

သူ ကျွန်တော့်လက်ကို ကိုင်လှုပ်ပြီး ကတိတောင်းတယ်။

ကျွန်တော် ဘာမှပြန်မပြောဘဲ အင်းမလုပ် အဲမလုပ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေမိတယ်။

ကျွန်တော် ငြိမ်သက်နေတာကို ကြည့်ပြီး သူ ပိုပြီးသံသယ ဝင်လာပုံရတယ်။

ကျွန်တော် သူ့ကို ဖြည်းလေးစွာ ခေါင်းခါပြခဲ့ပြီး. . .

သူ့ရှေ့က အသာလှည့်ထွက်ခဲ့တယ်။

"မိုးသောက်. . . မင်းမလုပ်ရဘူးနော် မိုးသောက်၊ မင်း ငါ့ကို တကယ်ခင်ရင် မင်းထင်ရာတွေ လျှောက်မလုပ်ရဘူးနော် မိုး သောက်"

သူ အနောက်ကနေ အော်ပြီး ကျန်ရစ်တယ်။

ကျွန်တော် သူ့ကို လှည့်မကြည့်တော့ဘူး။

ရန်နောင်. . .

ငါ မင်းကို တကယ်ခင်ပါတယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နာရီကို မျက်တောင်မခတ် ကြည့်နေမိတယ်။

စက္ကန့်သံ. . .

ချက်ခနဲ ချက်ခနဲ စက္ကန့်မြည်သံဟာ ကျွန်တော့်ရဲ့စိတ်လှုပ်ရှားဖွယ်ရာ နှလုံးခုန်သံဖြစ်နေခဲ့တယ်။

တစ်စက္ကန့်ဟာ ကျွန်တော့်အတွက်တော့ တစ်ကမ္ဘာ တစ်ဘဝလိုပဲ အရမ်းကို အရေးကြီးနေပါတယ်။

ခြောက်နာရီ. . .

ညနေခြောက်နာရီတိတိ ရောက်တဲ့အချိန်မှာတော့. . .

ကျွန်တော်ဟာ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုနဲ့အတူ ဓါတ်ခွဲခန်းထဲကို တစ်လှမ်းချင်း ဝင်လိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

"ကဲ . . . လူစုံပြီလား၊ ညနေစာ စားကြမယ်၊ ဘယ်သူ ကျန်သေးလဲ"

ဆရာမကြီးက ထိပ်စားပွဲကနေ တစ်ခန်းလုံးကို မတ်တတ်ရပ် ဝေ့ဝဲကြည့်လိုက်ရင်းက ပြောတယ်။

လွတ်နေတဲ့နေရာတစ်ခုကို တွေ့လိုက်ရတဲ့အခါမှာတော့ ဆရာမကြီး မျက်မှောင်ကြုတ်သွားရတယ်။

"ဟော့ . . . နေရာလွတ်နေတယ်၊ အဲ့ဒါ ဘယ်သူလဲ ပြောစမ်း"

အားလုံး လွတ်နေတဲ့နေရာကို လှည့်ကြည့်လိုက်မိကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွားရသူကတော့ ဇော်လေးပဲ။

"မိုးသောက်ပါ ဆရာမကြီး"

"ဟင်. . . မိုးသောက် ဟုတ်လား"

ဒီတစ်ခါ မျက်လုံးပြူးသွားရသူကတော့ ဆရာမကြီးပဲ ဖြစ်ပါတယ်။

မိုးသောက်. . .

ဟိုတစ်ခါတုန်းကလည်း ဒီကောင်လေး ညနေစာ ထမင်းစားချိန်မှာ ပေါ်မလာဘဲ ပျောက်နေခဲ့တယ်။

အဆောင်အပြင်ကို ခိုးထွက်သွားခဲ့တာ။

ပြန်လာတော့ တစ်ကိုယ်လုံး ပေရေစုတ်ပြတ်လို့။

ပူပန်စိတ်တွေနဲ့ ဆရာမကြီးဟာ ချက်ချင်း ဟျာယာခတ်သွားခဲ့ရတယ်။

"ဟဲ့. . ဟဲ့. . ရှာကြစမ်း၊ လူခွဲပြီး ရှာကြစမ်း၊ တစ်ခုခုများ ဖြစ်နေပြီလား မသိဘူး၊ ရှာ. . ရှာကြစမ်း"

ဆရာမကြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘဲ ယောက်ယက်ခတ်နေတော့တယ်။ ရင်ထဲမှာ ထင့်နေတယ်။

တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ ဆရာမကြီးရဲ့စိတ်ထဲမှာ အလိုလို သိနေတယ်။ ဆရာမကြီးလိုပဲ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားတဲ့သူ တစ်ယောက် ရှိပါသေးတယ်။ သူကတော့ ဇော်လေးပါ။

ဇော်လေးဟာ တစ်စုံတစ်ခုကို သိလိုက်ရသလို ထမင်းဝိုင်းတနေ စုန်းခနဲ ထလိုက်တယ်။

ပြီးတော့. . . ဓါတ်ခွဲခန်းဆီကို ဦးတည်ပြီး မြန်ဆန်လှတဲ့ ခြေလှမ်းတွေနဲ့ အပြေးသွားမိတော့တယ်။

ဇော်လေး ထင်ထားတဲ့အတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်ကို ဓါတ်ခွဲခန်းရှေ့မှာ သတိလစ် မေ့လဲနေတာ တွေ့လိုက်ရတယ်။

"ဟာ. . . မိုးသောက် မေ့လဲနေတယ်"

တေဇာ အလန့်တကြား ထအော်တယ်။

ဇော်လေးကတော့ မေ့လဲနေတဲ့မိုးသောက်ကို ကြည့်ပြီး တစ်စုံတစ်ရာကို အလေးအနက် ငြိမ်သက်စဉ်းစားနေမိတယ်။

မိုးသောက် သတိလစ်နေတာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး။ ဒါ သူ တမင်ကြိုတင်ကြံစည်ထားတာပဲ။

ဘာဖြစ်လို့ သူ ဒီလိုလုပ်ရတာလဲ။

စောရန်နောင်. . . စောရန်နောင်ဆိုတဲ့ သူ့ရဲ့သူငယ်ချင်းကို ကယ်ချင်လို့ပဲ ဖြစ်မှာ။

ဇော်လေး ငြိမ်သက်ပြီး တစ်ဆင့်ချင်းစီ စဉ်းစားနေမိတယ်။

ခုဆို. . .

မိုးသောက်ဟာ သတိလစ်နေပြီဆိုတော့ သူ့ရဲ့စိတ်ဝိညာဉ်ဟာ ခန္ဓာကိုယ်ထဲကနေ ခွာနေပြီ။

စောရန်နောင်. . .

သူ့ရဲ့ဝိညာဉ်ကတော့ သူရေနစ်သေခဲ့တဲ့ ရေကူးကန် အဟောင်းကြီးထဲမှာ အခုရှိနေလိမ့်မယ်။

ဒါဆို. . .

သူတို့နှစ်ယောက်ရဲ့ဝိညာဉ်တွေ ဆုံတွေ့နိုင်ဖို့က. . .

"ဟော့ကောင်တွေ. . ဟော့ကောင်တွေ. . မ. . မ,ကြစမ်း ဒီကောင့်ကို မြန်မြန်မ,ကြစမ်း"

ဇော်လေး သူလိုချင်တဲ့အဖြေ ရပြီမို့ မိုးသောက်ကို မ,နေတဲ့ သူငယ်ချင်းတွေကို လှမ်းအော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်လေး ဘာဖြစ်လို့ မ,ခိုင်းလဲဆိုတာ ဘယ်သူမှ နားမလည်နိုင်ဘူး။

အားလုံးကြောင်သွားရတယ်။

"ဘာဖြစ်လို့ မ,ရမှာလဲ၊ သူ့ကို အမြန်သတိရအောင် လုပ်ရမှာလေ"

"မဟုတ်ဘူး. . . အကြောင်းရှိလို့၊ အဆောင်အနောက်က ရေကူးကန်ဟောင်းကြီးထဲကို သူ့ကို ရွှေ့ကြမယ်"

ဇော်လေး ပြောတာကို နားမလည်နိုင်ပေမယ့် အရေးကြီးတယ် ဆိုတာကိုတော့ အားလုံးက သဘောပေါက်တာမို့ မြန်မြန်ဆန်ဆန်ပဲ မိုးသောက်ကို ရေကူးကန်ဟောင်းကြီးဆီ မ,ရွှေ့ဖို့ ကြိုးစားကြတော့တယ်။

လူအင်အားနဲ့ ဝိုင်းမ,ကြပြီး ရေကူးကန်ဟောင်းကြီးဆီ ရောက်တဲ့အခါ ကန်ရဲ့ကြမ်းပြင်ဆီ ခဲခဲယဉ်းယဉ်း ချကြရတယ်။

သတိလစ် မေ့မြော်နေတဲ့ မိုးသောက်ကို. . ရေကူးကန်ဟောင်းကြီးထဲ ချပေးပြီးတာနဲ့ အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်ပြီး စောင့်ကြည့်နေမိကြတယ်။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ငြိမ်သက်လဲလျောင်းနေတဲ့ ကျွန်တော့်ခန္ဓာကိုယ်တို့ ကျွန်တော် ပြန်တွေ့လိုက်ရတော့ အရမ်းကို ထိတ်လန့်အံ့သြသွားခဲ့ရတယ်။

ဘာဖြစ်လို့ ကျွန်တော်ဟာ နှစ်ယောက်ဖြစ်နေရတာလဲ။

ပြီးတော့. . . ကျွန်တော်ရောက်နေတာက အဆောင်အနောက်က ရေကူးကန်ဟောင်းကြီးထဲမှာ။

ကျွန်တော် ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ။

သေချာပြန်စဉ်းစားကြည့်တော့မှ ရန်နောင့်ကို ကူညီဖို့အတွက် ကျွန်တော် ခုနက ဓါတ်ခွဲခန်းထဲ ဝင်ပြီး အီသာမေ့ဆေးအပျော့တို ရှူခဲ့တာ ပြန်သတိရတယ်။

ဒါဆို. . .

အခု ကျွန်တော့်ဝိညာဉ်ဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲက ခွာထွက်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိတ်လန့်စိတ်တွေ ပျောက်ပြီး အရမ်းတို ဝမ်းသာသွားရတယ်။

ရန်နောင်. . .

ရန်နောင်ရော. . .

ရန်နောင့်ကို ကျွန်တော် ကယ်လို့ရပြီ။

ကျွန်တော့်ရဲ့သနားစရာကောင်းလှတဲ့သူငယ်ချင်းကို ကျွန်တော် ကယ်လို့ရပြီ။ ရန်နောင့်ကို ကျွန်တော်လိုက်ရှာမိတယ်။

အဲ့ဒီအချိန်မှာပဲ. . .

ခုနက ခြောက်သယောင်းနေတဲ့ ရေကူးကန်ဟောင်းကြီး ဟာ တစထက်တစ ရေတွေနဲ့ ပြည့်နှက်လာတယ်။

ကျွန်တော် ကမန်းကတန်း ရေပေါ် တက်နိုင်အောင် ကူး ခတ်လိုက်တယ်။

ဟော. . .

ရန်နောင်. . .

သွေးရူးသွေးတန်းနဲ့ ကြိုးစားကူးခတ်ရင်းက ရေနစ်မလို ဖြစ်နေတဲ့ ရန်နောင့်ကို ကျွန်တော် တွေ့လိုက်ရတယ်။

"ရန်နောင် ဘာမှမကြောက်နဲ့၊ ငါလာပြီ. . . မင်းကို ကယ်ဖို့ ငါလာပြီ"

ကျွန်တော် အကျယ်ကြီး အော်ပြီး သူ့ဆီ ခွန်စိုက်အားစိုက် ကူးခတ်သွားမိတယ်။ ပြီးတော့. . .

ခြေကုန်လက်ပန်း ကျလုနီးဖြစ်နေတဲ့ သူ့ကို သိုင်းဖက်ပြီး ရေပေါ် ဆွဲခေါ်လာမိတယ်။ ရင်ထဲက ပီတိဇောကြောင့် ကျွန်တော် ပင်ပန်းရကောင်းမှန်းတောင် မသိနိုင်ဘူး။

ကန်ဘောင်ပေါ် ရောက်တာနဲ့ သူ့ကို သက်သာအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တတ်သလောက် မှတ်သလောက် ပြုစုပေးနေမိတယ်။

သိပ်မကြာခင်မှာပဲ သူ သက်သာလာပါတယ်။

မျက်လုံးတွေ ဖွင့်နိုင်တာနဲ့. . .

"မိုးသောက်. . . ငါ မင်းကို ကျေးဇူးအများကြီးတင်ပါတယ် ကွာ"

နွမ်းနယ်တိုးဖျော့နေတဲ့လေသံနဲ့ ကြိုးစားအားယူပြီး သူ ကျွန်တော့်ကို ကျေးဇူးတင်စကားဆိုတော့ ကျွန်တော့်မျက်ဝန်းတွေ စိုစွတ်လာမိတယ်။ သူ့လက်ဖဝါးတွေကို ကျွန်တော် တင်းတင်းဖျစ် ညှစ် ဆုပ်ကိုင်ထားမိတယ်။

သိက္ခာမ်းရင်းနှီးတဲ့သူတစ်ယောက်မှ မရှိဘဲ ဝမ်းနည်းအား ငယ်နေတဲ့ကျွန်တော့်ကို ဒီအဆောင်မှာ နေပျော်အောင် ပထမဆုံး အဖော်လာပြုပေးခဲ့တဲ့ သူငယ်ချင်း။

အိမ်သာထဲမှာ တံခါးအပိတ်ခံရပြီး တစ်ယောက်ထဲ အရမ်း တို ကြောက်လန့်နေမိချိန်မှာ ချက်လာဖွင့်ပေးခဲ့တဲ့ စိတ်ကောင်းရှိတဲ့ သူငယ်ချင်း။

အခုတော့ သူ့ကို ကျွန်တော်ဟာ ဒုက္ခကြမ္မာဆိုးကြီးကနေ တူညီကယ်ဆယ်ပေးနိုင်ခဲ့ပါပြီ။

"ငါအရမ်းကျေးဇူးတင်တယ် မိုးသောက်၊ ငါ တစ်နှစ်တိတိ ခံစားခဲ့ရတဲ့ ဒုက္ခဆိုးကြီးကို မင်းကယ်တင်ပေးခဲ့တာပဲ၊ ဘယ်သူမှ မလုပ်ပေးနိုင်တဲ့အလုပ်ကို မင်း ခဲခဲယဉ်းယဉ်း လုပ်ပေးခဲ့တာ ငါနားလည်တယ်"

"ငါ့အပေါ် ထားတဲ့ မင်းရဲ့စေတနာနဲ့ သူငယ်ချင်းကောင်း ပီသတဲ့စိတ်ဓါတ်ကို. . ငါ. . ငါ. . "

သူ စကားမဆက်နိုင်တော့ဘဲ ကျွန်တော့်ကို ဖက်ပြီး ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



နည်းပမ်းနည်း ငိုကြွေးပါတော့တယ်။

ကျွန်တော်လည်း သူ့ကို ဖက်ပြီးငိုကြွေးနေမိတယ်။ သူဟာ ဒုက္ခဆိုးကြီးထဲက လွတ်မြောက်ခဲ့ပြီး. . .

ဒါဆို သူနဲ့ကျွန်တော်ဟာ မကြာခင်မှာ ခွဲခွာရတော့မှာပေါ့။

ဒီနေရာကနေ သူထွက်ခွာသွားတော့မှာပေါ့။

ကျွန်တော် ရင်ထဲ ဆို့နစ်ပြီး ကြေကွဲစိတ်တွေနဲ့ နာကျင်လာခဲ့တယ်။

ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းတင်းကြပ်ကြပ် ဖက်ပြီး ရှိုက်ငင်ငိုကြွေးနေဆဲမှာပဲ ကျွန်တော် တစ်မျိုးကြီး ခံစားလာရတယ်။

ပေါ့ပါးနေတဲ့ ကျွန်တော့်ခန္ဓာကိုယ်ဟာ တစထက်တစ လေးလံလာသလိုပဲ။ ပြီးတော့ မသိမသာ လှုပ်ခါယိမ်းထိုးလာတယ်။

ကျွန်တော့်ကိုယ်ကျွန်တော် ဘာဖြစ်လို့ဖြစ်မှန်းမသိနိုင် ဖြစ်နေရတဲ့အချိန်မှာပဲ ရန်နောင်ဟာ ကျွန်တော့်ကို တင်းတင်းကြပ်ကြပ် ဖက်ထားရာက ခွာလိုက်ပြီး. . .

"အချိန်တန်ပြီ သူငယ်ချင်း၊ မင်းခန္ဓာကိုယ်ထဲ ပြန်ဝင်တော့၊ ငါလည်း သွားတော့မယ်"

သူ့ဆီက ခွဲခွာစကားကို ကြားလိုက်ရတော့ ကျွန်တော် အရမ်းဆို့နစ်သွားရတယ်။ ဟုတ်ပါတယ်။

သူနဲ့ကျွန်တော် ခွဲခွာရတော့မှာပါ။

ဘာပဲဖြစ်ဖြစ် သူ ဒုက္ခဆိုးကြီးထဲက လွတ်မြောက်ခွင့် ရသွားပြီဖြစ်တဲ့အတွက် ကျွန်တော်ပျော်ရွှင်ရမှာပါ။

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် စိုက်ကြည့်လျက်က တဖြည်းဖြည်းချင်း ဝေးကွာသွားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ပြီးတော့. . . ကျွန်တော်ဟာ တစ်စထက်တစ်စ လေးလံလာခဲ့ပြီး ကျွန်တော့်ရဲ့ခန္ဓာကိုယ်အခွံထဲကို ပြန်ဝင်လာခဲ့မိတော့တယ်။

"မိုးသောက်. . မိုးသောက်. . မင်းသတိပြန်ရလာပြီနော်၊ သတိပြန်ရလာပြီ ဟုတ်လား"

ဝမ်းသာအားရအသံ။

ဖော်လေးရဲ့ဝမ်းသာအားရအသံ။

မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်မိတယ်။

အလင်းရောင်. . .

ပြီးတော့ သူငယ်ချင်းတွေ။ စိုးရိမ်ပူပန်စွာ ကျွန်တော့်ကို စောင့်ကြည့်နေရှာတဲ့ ကျွန်တော့်ရဲ့တစ်ဆောင်သားချင်း သူငယ်ချင်းတွေ။

ပြီး. . ပြီးတော့. . .

မျက်ရည်တွေ ရစ်ဝဲပြီး စိုးရိမ်တကြီးမျက်ဝန်းတွေနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေတဲ့ဆရာမကြီး။

"မိုးသောက်. . . နေသာရဲ့လားဟင်"

တုန်ယင်နေတဲ့ ဆရာမကြီးရဲ့အသံထဲမှာ မိခင်ဆန်တဲ့ မေတ္တာတရားနဲ့ နွေးထွေးမှုတွေ ပြည့်ဝစီးဝင်နေတယ်။

ကျွန်တော် ရုတ်တရက် စကားပြောဖို့ ကြိုးစားမရနိုင်သေးတာမို့ ခေါင်းပဲ ခပ်လေးလေး ညိမ့်ပြလိုက်မိတယ်။

ကျွန်တော့်မျက်ဝန်းတွေရှေ့မှာ အရိပ်တစ်ခု ခပ်ဝါးဝါး ပေါ်လာခဲ့တယ်။

ကျွန်တော့်ကို ကျောပေးထားတဲ့အရိပ်တစ်ခု။

ရန်နောင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အားယူပြီး ခပ်တိုးတိုး ခေါ်လိုက်မိတယ်။

သူ ကျွန်တော့်ကို လှည့်မကြည့်ပါဘူး။

သူ တကယ်ပဲ သွားတော့မယ်။

ကျွန်တော့်ရင်ထဲမှာ ကြည်နူးစိတ်နဲ့ ကြေကွဲစိတ်ကို တစ်ပြိုင်နက်တည်း ခံစားနေရတယ်။

ကျွန်တော့်မျက်ဝန်းတွေရဲ့ဦးတည်ရာကို ဆရာမကြီးရော သူငယ်ချင်းတွေရော အားလုံးလိုက်ကြည့်ကြတယ်။

"ဟိုမှာ လိပ်ပြာဖြူလေးတစ်ကောင် ကြည့်စမ်း"

ဇော်လေးက လက်ညှိုးညွှန်ပြတယ်။

ကျွန်တော်ကတော့ ရန်နောင့်ရဲ့ကျောပြင်ကိုပဲ မြင်ရပါတယ်။ ဒါပေမယ့် သူများတွေရဲ့အမြင်မှာတော့ လိပ်ပြာဖြူလေးတစ်ကောင်ပေါ့လေ။

ကျွန်တော့်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ထွက်သွားပြီဖြစ်တဲ့ သူငယ်ချင်းရဲ့ကျောပြင်ကို ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ ဆို့နစ်နေမိတယ်။

နားထဲမှာ. . .

ဘယ်တော့မှ မမေ့ဘူး ဆိုတဲ့သီချင်းကို တိုးတိုးပါးပါးကလေး ကြားနေရတယ်။

"ဟိုစဉ်အချိန်တွေ တမ်းတ မက်မော..

ပြန်လိုချင်နေတယ် ခုလေ..

ဒီကမ္ဘာမြေကို နောက်သို့ ရှည့်ခိုင်းပြီး

အရာရာ အစက ပြန်စေလိုရင်

အရင်လို ပျော်လင့်ချက်နဲ့

ရှင်သန်အားမွေးလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



**ဒီလိုမျိုး အဆုံးသတ်မှုကိုလည်း၊**
**ထိုက်ပြီးတော့မသိချင်...**

"တော်သေးတယ် ကလေးရယ်. . . ကံကြီးပေလို့သာပေါ့၊ မင်းသာ တစ်ခုခုဖြစ်ခဲ့ရင်. . အို. . ငါလေ. . ရူးတော့မှာပဲ သေချာတယ်"

ဆရာမကြီး ကျွန်တော့်ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းရင်းက တုန်ယင်အက်ကွဲစွာ ပြောတယ်။

ကျွန်တော့်ဆံပင်တွေကြားထဲ စိုစွတ်ပူနွေးတဲ့မျက်ရည်စက်တွေ စီးဝင်လာခဲ့တယ်။

သေဆုံးသွားပြီဖြစ်တဲ့ အမေ့ရဲ့ရင်ခွင်ကို ပြန်ရရှိပိုင်ဆိုင်လိုက်ရသလို ကျွန်တော့်ခံစားရတယ်။

"မိုးသောက်. . . မိုးသောက်. . ငါတို့လည်း မင်းအတွက် အရမ်းစိတ်ပူနေတာ၊ မင်း. . မင်းကွာ. . . မလုပ်ကောင်းလုပ်ကောင်း"

ဇော်လေး ကျွန်တော့်လက်ကို ဆုပ်ကိုင်ရင်း ပြောတယ်။ သူ့အသံတွေလည်း အက်ကွဲနေတယ်။

မျက်ရည်စက်တွေ. . . အားလုံးရဲ့မျက်ရည်စက်တွေ။

ကျွန်တော့်သူငယ်ချင်းအားလုံးရဲ့မျက်ရည်စက်တွေ။

ကျွန်တော်ဟာ မိသားစုရဲ့ရင်ခွင်ထဲမှာ ခိုလှုံနေရသလို နွေးထွေးစွာ ခံစားနေရတယ်။ ကျွန်တော် နောက်ကို ဘယ်တော့မှ အထီးကျန်ဖော့မှာ မဟုတ်ပါဘူး။

❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ရေမိုးချိုးပြီးတော့ ကျွန်တော်ဟာ အသပ်ရပ်ဆုံးဖြစ်အောင် ပြင်ဆင်ဝတ်စားထားမိတယ်။

ညည့်ခန်းထဲမှာ ထိုင်လိုက်ထလိုက် လမ်းလျှောက်လိုက်၊ တစ်ခုတည်းသောအထုပ်ကို ဆွဲလိုက် ပြန်ချလိုက်နဲ့ ကျွန်တော် အရမ်းကို ဂနာမငြိမ် ဖြစ်နေမိတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်အိမ်ပြန်ရတော့မယ်လေ။

နွေရာသီ ရောက်ပြီ။

အတန်းတင် စာမေးပွဲကြီးကိုလည်း ဖြေဆိုပြီးခဲ့ပြီ။

ဖေဖေက ကျွန်တော့်ကို အရမ်းသတိရလို့ စာမေးပွဲ နောက်ဆုံးနေ့မှာ ချက်ချင်းပဲ လာကြိုမယ်လို့ ကြိုဖုန်းဆက်ထားခဲ့ပါတယ်။

အိမ်ပြန်ရတော့မယ့်အတွက် ကျွန်တော် အရမ်းကိုပျော်နေမိပါတယ်။ အဆောင်ရှေ့ ပေါ်တီကိုအောက်ကို ကားအစီး ထိုးရပ်လာတဲ့အခါမှာ ကျွန်တော် ရင်ခုန်စွာ အပြေးထွက်ကြည့်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရမ်းပျော်သွားရတယ်။

*ကျွန်တော် မျှော်နေခဲ့ရတဲ့ ဖေဖေ့ရဲ့ကား။*

ကားပေါ်ကနေ အပြေးဆင်းလာကြတဲ့သူတွေက. . .

ဖေဖေ. . .

ဒေါ်လေးနဲ့. . .

ညီလေး ဆည်းဆာ။

"သားကြီး"

"ကိုမိုး. ."

"ကိုကို. ."

သုံးယောက်လုံး ကျွန်တော့်ဆီ အော်ပြီး ပြေးလာဖက်ထားကြတော့ ကျွန်တော် အရမ်းကို ပျော်သွားရတယ်။

ကျွန်တော်လည်း သုံးယောက်လုံးကို သိမ်းကျုံးပြန်ဖက်ထားလိုက်မိတယ်။

BURMESE CLASSIC

"ကဲ. . . သွားကြရအောင်၊ ဆရာမကြီးကို သွားနှုတ်ဆက်ချေ သားကြီး"

"ဟုတ်ကဲ့"

ကျွန်တော် ဖေဖေ့ကို ခေါင်းညိတ်ပြပြီး ရုံးခန်းထဲ ဝင်ခဲ့တယ်။ ရုံးခန်းထဲမှာ အရင်လို ဘယ်တော့မှ မမေ့ဘူးဆိုတဲ့ သီချင်းသံမကြားရတော့ပါဘူး။

ထိုအချိန်တွင် ရုံးခန်းထဲ၌ တစ်ယောက်တည်း ကြိတ်ငိုနေသော ဆရာမကြီး၏အတွေးများကို မည်သူကမျှသိပေ။

အမှန်တစ်ကယ်မှာတော့ ဆရာမကြီးမှာ စောရန်နောင်၏အမေအရင်းဖြစ်လေသည်။ ဆရာမကြီးနှင့် စောရန်အောင်(ခေါ်)ရန်နောင့်ဖခင်မှာ လင်မယားတွေဖြစ်ကြပြီး စိတ်သဘောထားချင်း



www.burmeseclassic.com

www.burmeseclassic.com



မတိုက်ဆိုင်၍ ရန်နောင်အခါလည်သားမှာပင် ဖခင်ကခေါ်သွားခဲ့ပြီး ကွဲကွာခဲ့ကြခြင်းဖြစ်တယ်။

ရန်နောင့်ဖခင်မှာ မူးယစ်ဆေးဝါး မှောင်ခိုကူးမှုနှင့် ဖမ်းမိသွားသည့်အချိန်ကျမှ သားလေးကို ပြန်လည်တွေ့ရှိပြီး သူမ၏ ဘော်ဒါဆောင်သို့ ခေါ်ယူကာ ကျွေးမွေးစောင့်ရှောက်ထားခြင်းဖြစ်ပြီး. .

ရန်နောင်လေး၏အဖေအမှု စီရင်ချက်ချပြီးမှ အဖြစ်မှန်တို ဖွင့်ပြောရန်စီစဉ်ထားရာမှ အဖြစ်ဆိုးများ ဖြစ်ပွားခဲ့ရခြင်းဖြစ်ပါတယ်။

(သားလေး ရန်နောင်ရယ်. . . အမေကို အမေမှန်းတောင် မသိခဲ့ရှာပါလား. . . အမေရင်ကွဲလို့ မဆုံးနိုင်ဘူး သားရယ်. . )

မိုးသောက်ကြောင့် ဆရာမကြီးရဲ့ အတွေးတွေ ပျက်ဆီးသွားခဲ့လေတယ်။

BURMESE CLASSIC

ကျွန်တော့်ကို မြင်လိုက်တာနဲ့ အရင်စကားစတယ်။

"မိုးသောက်ပါလား. . . ပြန်တော့မှာလား သား"

"ဟုတ်ကဲ့ ဆရာမကြီး၊ ဖေဖေတို့ ရောက်လာပါပြီ"

"ဟုတ်လား. . အေးအေး. . ကောင်ကောင်းပြန်နော်၊ အိမ်မှာ လိမ်လိမ်မာမာ နေနော် ကလေး"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

"အေး. . သွား. . သွား"

ဆရာမကြီး ကျွန်တော့်ကို အပြုံးနဲ့ ခေါင်းဆတ်ပြတယ်။

ဆရာမကြီးရဲ့မျက်နှာဟာ အရင်လို ခက်ထန်တည်တင်းမနေတော့ပါဘူး။

နူးညံ့နွေးထွေးပြီး သိမ်မွေ့ချိုသာလို့နေပါတယ်။

"သား ဆရာမကြီးကို ကန်တော့မလို့ပါ"

"အို. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးရဲ့မျက်လုံး အဝိုင်းသား ဖြစ်သွားပါတယ်။

ကျွန်တော် ကန်တော့လိမ့်မယ်လို့ ထင်မှတ်မထားတဲ့ပုံပါပဲ။

ကျွန်တော် ကြမ်းပြင်မှာ ရှိုရိုကျိုးကျိုး ထိုင်ပြီး ဆရာမကြီး ခြေအစုံကို ဦးခိုက် ကန်တော့လိုက်ပါတယ်။

ကျွန်တော့်လက်အုပ်အစုံဟာ ဆရာမကြီးရဲ့ နွေးထွေးတဲ့ ခြေအစုံနဲ့ ထိခိုက်လိုက်မိတဲ့အခိုက်အတန့်မှာ သိမ်မွေ့နူးညံ့ပြီး မြင့်မြတ်သန့်စင်လွန်းလှသော မေတ္တာတရားတွေ စီးမျောလာသလို ခံစားလိုက်ရပါတယ်။

"သားရဲ့အပြစ်တွေကို ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ် ကလေးရယ်၊ ကျန်းမာပါစေ ချမ်းသာပါစေ၊ ထူးချွန်သော သားကောင်းရတနာတစ်ယောက် ဖြစ်ပါစေ"

ဆုပေးတဲ့ ဆရာမကြီးရဲ့အသံတွေ အဖျားခတ် တုန်ခိုက်ပြီး တိမ်ဝင်သွားတယ်။

BURMESE CLASSIC

ကျွန်တော် မော့ကြည့်တော့ မျက်ဝန်းအိမ်ထဲမှာ စွတ်စိုရစ်ဝဲနေတဲ့ ဆရာမကြီးမျက်ရည်တွေကို မြင်တွေ့လိုက်ရပါတယ်။

ကျွန်တော် ခေါင်းငုံ့လျက်ကနေ ဆရာမကြီးရှေ့ကနေ ဖြည်းဖြည်းချင်း ထလိုက်တယ်။

ပြီးတော့. . .

အိတ်ကို အသာဖွင့်ပြီး ဆရာမကြီးကို ပစ္စည်းတစ်ခု လှမ်းပေးလိုက်ပါတယ်။

"ဟင်. . ဒါ. . ဒါက. . "

ဆရာမကြီးရဲ့မျက်လုံးအစုံဟာ ထင်မှတ်မထားလွန်းလို့ အံ့အားသင့်ကြောင်သက်ပြီး ဝိုင်းစက်သွားရပါတယ်။

ကျွန်တော် ဆရာမကြီးကို ပေးလိုက်တဲ့ပစ္စည်းက. . .



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်တစ်စောင်ပါ။

ဆရာမကြီးမသိအောင် ရန်နောင်ယူသွားခဲ့သော ဂျာနယ်ကလေး. . . ။

"သား. . သားရယ်. . "

ဆရာမကြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့တယ်။

ကျွန်တော် ခေါင်းငုံ့ပြီး ဆရာမကြီးရှေ့ကနေ ဖြည်းဖြည်းချင်း လှည့်ထွက်ခဲ့ပါတယ်။ ဆရာမကြီး ဘာကြောင့် ငိုသလဲဆိုတာကို ကျွန်တော်လည်း စောရန်နောင်လိုပင် ခုထိနားမလည်နိုင်ခဲ့ပါ။

ဒါပေမယ့်. . . ကျွန်တော့အတွေးထဲမှာတော့. .

ကျွန်တော်သည် ဘယ်သူမှ လုပ်နိုင်မှာ မဟုတ်တဲ့ အလုပ်တစ်ခုကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခဲ့ပြီးပါပြီ။

BURMESE CLASSIC

ပြီး

www.burmeseclassic.com